
www.burmeseclassic.com



www.burmeseclassic.com



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေဟင်္သာစာပေ

## မင်းပုည


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၅၃၉၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၀၁၆၀၆၀၁ |
| ထုတ်ဝေသူ | - ဦးချစ်ညွန့် (ဇင်ရတနာစာပေ) အမှတ် (၂၀၅)၊ မြို့သစ် (၄)လမ်း၊ အင်းစိန်။ |
| ပုံနှိပ်/အဖုံးရိုက် | - ဦးတင်မောင်ဝင်း (၀၅၉၄၆) သင်းလဲ့ဝင်းပုံနှိပ်တိုက် အမှတ် (၁)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| စီစဉ်သူ | - မောင်တင်ဌေး |
| မျက်နှာဖုံးပန်းချီ | - ထွန်းအောင် |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၆၀၀ ကျပ် |
| ပထမအကြိမ် | - မတ်လ၊ ၂၀၀၆။ |


www.burmeseclassic.com

www.burmeseclassic.com



## ပါဝင်သည့် အခန်းစဉ်များ


| | |
|---|---|
| အခန်း ၁ | ကျွန်ုပ်တို့နှင့် နေမိမိတ္တာစံဒါဇ် |
| အခန်း ၂ | ကျားဆွဲခံရသည့် မိန်းမတစ်ယောက် |
| အခန်း ၃ | ကျားကြီးနှင့် မိန်းမတစ်ယောက် |
| အခန်း ၄ | ထူးဆန်းတဲ့ဖြစ်ရပ်ဆန်းကြယ် |
| အခန်း ၅ | ထူးဆန်းသည့် မိန်းမသုံးယောက် |
| အခန်း ၆ | စကားပြောသော နမိတ်များ |
| အခန်း ၇ | အမိအတွက် အလှူအိန |
| အခန်း ၈ | သောကကုဋေကုဋာ |
| အခန်း ၉ | မိတ်ဖြေဆေး |
| အခန်း ၁၀ | မြကြာဖြူပို့ ယကြာ |




www.burmeseclassic.com

www.burmeseclassic.com




အခန်း ၁၁ ကြောက်ကွဲပုံရိပ်
အခန်း ၁၂ ခြေဦးတည့်ရာ
အခန်း ၁၃ ကျားအန္တရာယ်နှင့်တွေ့ဆုံခြင်း
အခန်း ၁၄ ပြောင်းလဲသွားသည့်ဘဝ
အခန်း ၁၅ ရွှေဘုံပေါ်ရောက်သူများ
အခန်း ၁၆ အတိတ်ကောင်းကို တမ်းတခြင်း
အခန်း ၁၇ အတိတ်ဘဝပြောပြသူ
အခန်း ၁၈ ကြေကွဲမှတ်တမ်း
အခန်း ၁၉ မြို့ပြမဟာက မိန်းကလေး
အခန်း ၂၀ မှန်တိုင်းကြားက ကျားနှင့်လူစံ
အခန်း ၂၁ လှုပ်ရှားတိုက်ပွဲ တိုင်းပြည်
အခန်း ၂၂ ဘဝဟောင်းမှ မိတ်ဆွေများ
အခန်း ၂၃ မီးများကြားက မိန်းကလေး
အခန်း ၂၄ မေတ္တာဓာတ်ဖြစ်အောင်နိုင်သူ
အခန်း ၂၅ စေတီတော်ပေါ်က ချစ်သူနှစ်ဦး
အခန်း ၂၆ ကြေကွဲမျက်ရည်မှင်လယ်ဝေ
အခန်း ၂၇ ပျောက်ဆုံးသွားသောမိန်းကလေး






## အခန်း (၁)

### ကျွန်ုပ်တို့နှင့် နေမိမိတ္တာစံအိမ်

တစ်နေ့သ၌…

ကျွန်ုပ်နှင့်မိတ်ဆွေကြီး စုံနှံ့သာမင်းမောင်တို့သည် နေမိမိတ္တာစံအိမ်ကြီးသို့ ရောက်ရှိခဲ့ကြပေ၏။ စံအိမ်ကြီးသည် အာရှင်ဒေဝရွာကြီး၏ မြောက်ဘက်ပိုင်းတောင်ကုန်းကြီးတစ်ခုပေါ်၌ တည်ရှိလျက်ရှိသလို ကျယ်ဝန်းသည့် ခြံကြီးတစ်ခြံပင်ဖြစ်၏။

မှတ်ချက် (အာရှင်ဒေဝရွာကြီးအား ယခုအခါ ပေလေးပင်ရွာဟု ခေါ်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးသည် ကြီးကျယ်ခန့်ညားသလို ဘုံအဆင့်ဆင့် ကနုတ်ပန်းအသွယ်သွယ်ဖြင့်လုပ်ထားသည့်အတွက် နန်းတော်ကြီးတစ်ခုပမာ ထင်ရလောက်ပေ၏။ စံအိမ်ကြီး၏ အတွင်း၌ ကြီးမားသည့်နှစ်ချို့သရက်ပင်များ၊ ပိန္နဲ၊ မာလကာ၊ ငှက်ပျော၊ ကျွန်းပင်၊ မုဉ္ဇမ၊ ရွက်လှ၊ စပယ်၊ ခွာညို၊ ညမွှေးပန်း၊ ညောင်မှဆိပ်အပင်ကြီးများ ရှိနေ၏။

ထူးခြားသည်မှာ စံအိမ်ကြီး၏ နောက်ဘက် လသာဆောင်အနီး၌ ကြီးမားသည့် ရွက်လှပင်ကြီးတစ်ပင်ရှိပေ၏။ ၎င်းရွက်လှပင်ကြီးသည် ဆယ်ငါးတောင်အထက်မြင့်သလို ကြီးမားသည့် ပင်လုံးကြီးသည် ကွမ်းသီးပင်၏ လုံးပတ်ထက် ကြီးနေပေသည်။ ခြံပင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ကြက်သီးများထလောက်အောင် ကြောက်စရာကောင်းနေပေ၏။ လူသူမနေသည်မှာ နှစ်အတန်ကြာပြီဖြစ်၍ မြက်ရိုင်းပင်များ၊ ချုံနွယ်များသည် မိုရာအပင်သို့ ခြေကုတ်ယူတက်နေကြပေသည်။

"ခင်ဗျားတို့က ဗဟုသုတရှာတယ်ဆိုတော့ ဗဟုသုတရတဲ့နေရာကို လိုက်ပို့ရတာလားဗျာ"

ထိုသို့ပြောပြီးနောက် ပေးလေးပင်ရှာသား ကိုအောင်စိုးသည် ကျွန်ုပ်တို့အား ထိုအိမ်ကြီးသို့ ခေါ်လာခဲ့ခြင်းပင်ဖြစ်သည်။ ၎င်းကြောင့်





ကျွန်ုပ်နှင့် စုံထောက်ကျော်ကြီး စုံနံ့သာမင်းမောင်တို့ လိုက်လာခဲ့ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် စံအိမ်ကြီး၏ အတွင်းသို့ ဝင်လိုက်သည်နှင့် လွန်စွာအံ့သြသည့်မြင်ကွင်းတစ်ခုအား တွေ့လိုက်ရ၏။

မြင်ကွင်းဆိုသည်မှာ တခြားမဟုတ်၊ လွန်စွာချောမောလှပသည့်မိန်းကလေးတစ်ယောက်ပင်ဖြစ်သည်။ မိန်းကလေးသည် ခန့်ညားလှသည့် ထိုင်ခုံပေါ်၌ ထိုင်နေ၏။ တစ်ကိုယ်လုံး အစိမ်းရောင်ဝတ်စုံကိုသာ ဝတ်ဆင်ထားသလို ခေါင်းဘယက်ကြီးအား ဆွဲထား၏။ နက်မှောင်သည့်ဆံပင်များအား စုထုံး၍ ကျောက်စိမ်းဘီးကုတ်ကြီးနှင့် ပတ်ထား၏။ အသားအရည်သည် ဖြူဖွေးဝင်းဝါလျက်ရှိ၏။ မိန်းကလေး၏ အသက်သည် နှစ်ဆယ်ကျော်လောက်ရှိသည်။ ကျွန်ုပ်သည် မိန်းကလေးအား အကြည့်ရောက်နေ၏။ မိန်းကလေးနှင့်ပတ်သက်၍ ကိုအောင်စိုးအား မေးရန်စိတ်ကူးမိပေ၏။

"ဘာလုပ်နေကြတာလဲ ဝင်ခဲ့ကြလေဗျာ"

ထိုအတွက်ကြောင့် ကျွန်ုပ်တို့သည် ကိုအောင်စိုးအား မေးလိုက်မိ၏။

"ကိုအောင်စိုး ဝင်ခွင့်တောင်းဦးလေဗျာ"

ကျွန်ုပ်သည် မိန်းကလေးအား ကြည့်၍ ပြောလိုက်ခြင်းသာဖြစ်သည်။ ကိုအောင်စိုးသည် ကျွန်ုပ်၏ စကားအား အမိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားပြီး အပြုံးတစ်ချက်နှင့် ကျွန်ုပ်အား ကြည့်လိုက်သည်။

"အဲဒါ လူ့အစစ်မဟုတ်ဘူး ကိုအောင်သိန်း၊ ကျောက်ဖြူ သလင်းနဲ့ ထုလုပ်ထားတဲ့ ပန်းပုရုပ်ထုဗျာ"

လွန်စွာ အံ့ဩသွားပေ၏။

ပန်းပုဆရာသည် ဤမျှလောက် လက်ရာမြောက်လှချည် လားဟု စိတ်ထဲ၌ ချီးကျူးနေမိ၏။ ကျွန်ုပ်တို့အတွင်းထဲသို့ ဝင်လိုက် ကြပေ၏။ အတွင်း၌ ကြီးကျယ်ခမ်းနားလှပေ၏။ ထိုစံအိမ်၌ နေထိုင် သူများသည် လွန်စွာတော်သည်ဟု ချီးကျူးရပေ၏။

"ကိုအောင်စိုး ဒီစံအိမ်ကြီးမှာ လူမနေတာ ဘယ်လောက် ကြာပြီလဲဗျာ"

"ကြာရန်ကောလားဗျာ၊ ကျုပ်အသက်ပဲ လေးဆယ်ပြည့် ပြီ၊ အဲဒီမတိုင်ခင်တည်းကဆိုတော့ နှစ်ပေါင်းမနည်းကြာပြီပေါ့ဗျာ"

"ဒါနဲ့ အဲဒီမိန်းကလေးက ဘာလဲ ဒီစံအိမ်ကြီးနဲ့ ဘယ်လို ပတ်သက်လဲ"

"သူ့နာမည်က မြကြာဖြူတဲ့၊ ဒီနယ်တစ်ဝိုက်မှာတော ဆင္ဒမမြောက်သမီးတော်တဲ့၊ အဲဒီတော့ သူ့နာမည်က ဆင္ဒမမြောက် သမီးတော်လို့သာ အလွယ်မှတ်ထားကြပေါ့ဗျာ"





စုန်နွံသာမင်းမောင်သည် စီးကရက်အား ဖွာရှိုက်ရင်း ကိုအောင် စိုး၏ စကားအား ခေါင်းကို အသွင်သွင်ညိတ်၍ နားထောင်လျက်ရှိ၏။

"အဲဒီကိစ္စနဲ့ပတ်သက်နေတဲ့အကြောင်းတော့ ရှိမယ်ထင် တယ်ဗျာ"

"ရှိရန်ကောလားဗျာ စံအိမ်သခင်ကြီးက အမိန့်ချမှတ်ခဲ့တယ်၊ ဒီစံအိမ်ကြီးကို သူတို့မရှိရင် မောင်နှမတွေ အဆင့်ဆင့် အုပ်ချုပ်ရမယ်လို့ မှာထားတယ်၊ အဲဒီတော့ ဟိုပန်းပုရုပ်ထဲက မြကြာဖြူဟာ ဒီစံအိမ်ကြီးကို နောက်ဆုံး အုပ်ချုပ်သွားတဲ့သူပေါ့၊ တစ်ချိန်တုန်းက ဒီစံအိမ်ကြီးနဲ့အတူ အာရှင်ဒေဝရွာကြီးကိုပါ အုပ်ချုပ်ရတယ်၊ ဒါပေမယ့် ပြောသံကြား တာက မြကြာဖြူအရှင်မဟာ ဘယ်မှာသေဆုံးသွားတယ်ဆိုတာ ဘယ် သူမှ မသိရဘူးလို့ ပြောသံကြားဖူးသားလားဗျာ"

"ဘယ်လို… ဘယ်လို ကိုအောင်စိုး ပြောစမ်းပါဦးဗျာ"

ကိုအောင်စိုး၏စကားသည် ကျွန်ုပ်တို့အတွက် လွန်စွာ အံ့ဩ ရပေ၏။

ကိုအောင်စိုးသည် စက္ကူပတ်ဆေးလိပ်အား ဖွာရှိုက်လိုက်၏။ ထို့နောက် ကျွန်ုပ်တို့အား ကြည့်လိုက်သည်။

"ဒီအကြောင်းအားလုံးကို ကျုပ်မသိဘူးဗျာ၊ အကိုးမောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



သိတယ် သွက်ကိုသွားမေးတာပေါ့ဗျာ၊ အဘိုးမောင်ထွေက ဒီစံအိမ်ကြီးရဲ့ အပေါ်ထပ်မှာနေတယ်”

ကျွန်ုပ်တို့သည် ကိုအောင်စိုးခေါ်ရာနောက်မှ လိုက်လာခဲ့ကြသည်။ အောက်ထပ်နှင့်အပေါ်ထပ်ကို တက်ရသည်မှာ လှေကားကြီး (၉) စင်းရှိသည်။ အိမ်ကြီးသည် ရန်သူများအား ဝင်ရောက်တိုက်ခိုက်မရအောင် ဝက်ဘာပုံစံမျိုးလုပ်ထားသည်။ ကျွန်ုပ်တို့သည် အလယ်လှေကားမှ တက်လာခဲ့ကြပေ၏။

* * *

ကျွန်ုပ်တို့သည် ဘုရားခန်းအတွင်းသို့ ရောက်ရှိသွားကြ၏။ ဘုရားခန်းထဲ၌ အညိုရောင်ဝတ်စုံနှင့် အသက် ၈၀ ကျော် အဘိုးအိုတစ်ယောက် ပုတီးစိပ်နေပေ၏။ ၎င်းသည် ကျွန်ုပ်တို့အား ကျောခိုင်း၍ ဘုရားဝတ်ပြုနေ၏။ ကျွန်ုပ်တို့သည် မလှမ်းမကမ်း၌ ထိုင်၍နေရာယူလိုက်ကြပေ၏။ ထိုအချိန်၌ ပြတ်သားသည့်အသံတစ်ခု ထွက်ပေါ်လာပေ၏။

“ရွာခံတစ်ယောက်နဲ့ မြို့ခံဧည့်သည်နှစ်ယောက်ပါလား ကွယ်”





“ဟုတ်ပါတယ် အဘိုး”

“တန်ခိုးရှင်မအကြောင်း သိချင်လို့လာကြတာ မဟုတ်လား၊ အေးအေး... သိချင်တော့လည်း ပြောရတာပဲ”

အဖိုးထွေသည် ကျွန်ုပ်တို့ဘက်သို့ ဖြည်းဖြည်းချင်းလှည့်လိုက်ပေ၏။ ကျွန်ုပ်တို့သည် အဘိုးထွေအား ကြည့်နေလိုက်ကြပေ၏။ တကယ်တော့ အဘိုးထွေ၏မျက်နှာသည် လွန်စွာအေးချမ်းလှပေ၏။ တကယ်တော့ အဘိုးထွေသည် ထိုစံအိမ်ကြီး၌ တရားကျင့်ကြံ၍လာခဲ့သည်မှာ နှစ်အတန်ကြာနေသည်။ ထူးဆန်းသည်မှာ မည်သူမျှမနေရဲသည့် ထိုစံအိမ်ကြီး၌ တစ်ယောက်တည်း တရားအားထုတ်၍နေလာ ခဲ့ပေ၏။

အဘိုးထွေသည် သက်ပြင်းမောတစ်ခုအား လေးတွဲစွာ ချလိုက်ပြီးနောက် ကျွန်ုပ်တို့အား ကြည့်နေချိန်၌ ကျယ်လောင်သည့် အသံတစ်ခု ထွက်ပေါ်လာပေ၏။

“ဝေါင်...”

“ဂီး... ဂီး...”

“ဝုန်း... ဝုန်း...”

ထွက်ပေါ်လာသည့်အသံကြောင့် ကျွန်ုပ်တို့သည် လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားကြသလို စိတ်ထဲ၌ တစ်မျိုးဖြစ်သွားပေ၏။ ကြောက်စိတ်များ လွှမ်းမိုးလာသည့်အတွက် ထ၍ပြေးချင်စိတ်များ ထွက်ပေါ်လာပေ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အဘိုးထွေအား ကြည့်လိုက်မိ၏။ အဘိုးထွေသည် တုန်လှုပ်မှုမရှိ ကြီးမားသည့် ပေသီးပုတီးကြီးအား အသွင်သွင်စိတ်နေပေတော့၏။

အကြောင်းမှာ တခြားမဟုတ်၊ ခြံကြီး၏အတွင်း၌ နေထိုင်သည့် ကျားကြီးတစ်ကောင်သည် တခြားသတ္တဝါတစ်ကောင်အား ဟိတ်ဟောက်မာန်ဖီခြင်းဖြစ်သည်။ ထိုအကြောင်းအား ထောက်၍ ဤခြံထဲ၌ ကျားရိုင်းတွေ နေထိုင်လျက်ရှိသည်ဟု ထင်နေမိ၏။

"အဲဒါ တန်ခိုးရှင်မကို စောင့်ရှောက်တဲ့ ကျားကြီးပဲ၊ သူတို့ဟာ နှစ်ကောင်ပဲ၊ ဒီခြံထဲမှာ ကျားကြီးနှစ်ကောင်နဲ့ တခြားတောရိုင်းတိရစ္ဆာန်ပေါင်းများစွာရှိတယ်"

"ကျားကြီးတွေက ဘယ်မှာနေကြလဲ အဘိုးထွေ"

နေ့ဘက်ဆို ခြံထဲမှာနေတယ်၊ ညဘက်ကြရင်တော့ တန်ခိုးရှင်မရဲ့ ရုပ်ထုဘေးမှာ နေရာယူပြီး နေကြတယ်။ ဒါလည်း ဝဋ်ကြွေးတစ်ခုပဲပေါ့လားကွယ်။ သူတို့ဟာ တန်ခိုးရှင်မကို စောင့်နေကြတာပေါ့လားကွယ်"





"တန်ခိုးရှင်မရဲ့အကြောင်းကို သိပါရစေ အဘိုးထွေ"

"တန်ခိုးရှင်မဆိုတဲ့အတိုင်း တကယ်တန်ခိုးရှင်မပေါ့ကွယ်၊ ဒါဟာ သူ့ရဲ့ ပါရမီကြောင့်လို့ ပြောရမှာပါလားကွယ်တို့ရယ်၊ အဘိုးသိရသလောက်ပြောရမယ်ဆိုရင် ဝက်မင်းတောင်က စရမယ်ပေါ့လားကွယ်"

အဘိုးထွေသည် ကျွန်ုပ်တို့အား တစ်ချက်ကြည့်လိုက်ပေ၏။ ကျွန်ုပ်တို့သည် အဘိုးထွေပြောလာမည့် တန်ခိုးရှင် မမြကြာဖြူ၏အကြောင်းအား နားထောင်နေကြပေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## ကျွားဆွဲခံရသည့် မိန်းမတစ်ယောက်

တစ်နေ့သ၌…

လွန်စွာအေးချမ်းလှသည့် ရွာလေးတစ်ရွာရှိ၏။ ၎င်းရွာလေးအား ဝက်မင်းတောင်ရွာလေးဟု ခေါ်ကြ၏။ ရွာလေးသည် အိမ်ခြေကစ်ရာကျော်၊ နှစ်ရာကျော်ဝန်းကျင်ရှိ၏။ ဝက်မင်းတောင်နှင့် မလှမ်းမကမ်းမှာရှိနေသည့်အတွက် ဝက်မင်းတောင်ဟုခေါ်တွင်စေ၏။ ၎င်းရွာတွင်း၌ ဘုန်းတော်ကြီးကျောင်းဆို၍မရှိ။ ဘုန်းကြီးကျောင်းသည် ဝက်မင်းတောင်ထိပ်၌ ရှိနေသလို ထုံးဖြူဖြူစေတီတော်လည်း ရှိနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများသည် ဝက်မင်းတောင်ကျောင်းဆရာတော် ဦးပဏ္ဍဝအား ကိုးကွယ်သလို အလှူအတန်းပြုလုပ်ရာ၌ တောင်ထိပ်ကျောင်း၌သာ ပြုလုပ်ကြ၏။ ဆရာတော်သည် သီလသမာဓိများနှင့် ပြည့်စုံသလို ဗေဒနက္ခတ်ပိုင်း၌လည်း လွန်စွာကျွမ်းကျင်၏။

ဝက်မင်းတောင်ပေါ်၌ရှိသည့် စေတီတော်အား အစောင့်များရှိသလို စေတီတော်၏ အရှေ့ဘက်၌ ငါးတောင်ပတ်လည်မျက်နှာဝရှိသည့် ဂူတစ်ခုရှိ၏။ ၎င်းဂူသည် မည်မျှနက်သည်ဆိုတာ ဆရာတော်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိပေ။ ဂူ၏အပေါ်၌ စကားဝါပင်ကြီးတစ်ပင်ရှိ၏။ စကားဝါပင်၌ စေတီတော်အား စောင့်နေသည့် အစောင့်များ နေထိုင်ကြပေ၏။ ဒါကို ရွာသားများ သိနေကြပေ၏။

ရွာ၌ အလှူတစ်ခုလုပ်၍ လက်ဝတ်ရတနာများ မရှိလျှင် ငှား၍ရ၏။ ထို့အတွက် ရွာသားများသည် ငှား၍ ဝတ်ကြပေ၏။ ထူးခြားသည်မှာ တောင်ခြေ၌ မဟုတ်တာမလုပ်မိကြလျှင် ကျားစာမိတတ်၏။

မှတ်ချက်။ ။ ဤဝတ္ထုသည် ထိုကျားကြီးမှစ၍ ပြဿနာတက်၍ အမှားများဖြစ်ကုန်ကြပေ၏။

ထိုနေ့ ဝက်မင်းတောင်ရွာ၏ သူဌေးကြီး၏သား မင်္ဂလာ





ဆောင်အား ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် စီစဉ်ကြပေ၏။ ရွာ၌ နေထိုင်သူအမျိုးသား၊ အမျိုးသမီးများသည် သူ့ထက်ငါ အလှူချင်း ပြိုင်၍ မင်္ဂလာပွဲအား ဆင်နွဲရန် ပြင်ဆင်နေလျက်ရှိနေကြပေ၏။ ဤသို့နှင့် မင်္ဂလာပွဲကျင်းပရန် တစ်ရက်အလို၌ ရွာမြောက်ပိုင်း၌ နေထိုင်သူ မခင်မှုသည် တစ်ယောက်တည်း ဝက်မင်းတောင်သို့ တက်လာပေ၏။

အချိန်သည် ညနေချိန် နေရောင်မပျောက်တပျောက်ကာလဖြစ်ပေ၏။ အချိန်အားကိုးနှင့် ဝက်မင်းတောင်စေတီသို့ ထွက်ခဲ့ပေ၏။ စေတီ၏တောင်ဘက် ဂူပေါက်ဘေး စကားဝါပင်၏အနားအရောက်တွင် မတ်တပ်ရပ်လျက် ဂူဘက်သို့ မျက်နှာမူ၍ အုတ်ခဲတစ်လုံးအားချ၍ တစ်ခုအား တောင်းဆိုလိုက်၏။

"စကားဝါအစ်မတော်တို့ မင်္ဂလာပွဲဝတ်ရန်အတွက် လက်ဝတ်ရတနာလေး ခဏလောက် ငှားရမ်းပါ၊ သုံးရက်အတွင်း ပြန်ပို့ပါ့မယ်"

ထိုသို့ပြောလိုက်ချိန်၌ လေများသည် ခပ်ပါးပါးလေးတိုက်ခတ်လာ၏။ စေတီတော်တည်းလည်း လေများ၏အသံသည် လွန်စွာကြည်နူးစရာကောင်းပေ၏။ မခင်မှုသည် စေတီတော်အား ဝတ်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေ၏။ မကြာခင်အချိန်၌ တောင်းထားသော ရတနာလက်ဝတ်ပစ္စည်းများ ရောက်ရှိလာ၏။ မခင်မူသည် လက်ဝတ်ရတနာများအား ကောက်ယူ၍ ပြန်လာခဲ့ပေ၏။

မခင်မူသည် လက်ဝတ်ရတနာများအားယူ၍ ပျော်ရွှင်စွာ ပြန်လာခဲ့ပေ၏။ ရွာသားများလည်း မခင်မူကဲ့သို့ ငှားရမ်းကြပေ၏။ ပျော်ရွှင်ခြင်းများစွာနှင့် ပြန်လာသည်။ မခင်မူသည် ဝက်မင်းတောင်နှင့် မလွတ်ကင်းသည့်နေရာ၌ ခလုတ်တိုက်မိ၍ လဲတော့မလိုဖြစ်သွားပေ၏။ ထိုအတွက်ကြောင့် ဒေါသထွက်၍ တစ်ခုခုအား ပြောလိုက်မိ၏။ ဤသို့နှင့် ရွာသို့ပြန်ရောက်လာခဲ့သည်။

* * *

ရွာလယ်ပိုင်းသူဌေးကြီး၏သားနှင့် ရွာမြောက်ပိုင်း အတော်အသင့်ရှိသူတို့၏ သမီး မင်္ဂလာပွဲကျင်းပသည့်နေ့သို့ ရောက်ရှိလာခဲ့ပေ၏။ မင်္ဂလာသတို့သား မောင်သံချွန်နှင့် မင်္ဂလာသတို့သမီး မကြာယုံတို့ဖြစ်ကြ၏။ မခင်မူသည် မကြေးယုံအစ်မ တစ်ဝမ်းကွဲတော်ပေ၏။ ညီမတစ်ဝမ်းကွဲ၏ မင်္ဂလာပွဲ၌ အစ်မဖြစ်သူသည် ဖြစ်သံလိုလုနေ၍ မရ။





"အစ်မခင်မူ ငါ မင်္ဂလာဆောင်မှာ နင်လှတာပတ ဝတ်ဆင်လာခဲ့ရမယ်နော်"

"စိတ်သာချပါ ကြာယုံရာ"

ထိုကတိအတိုင်း မခင်မူသည် လှပစွာ ပြင်ဆင်လျက်ရှိနေပေ၏။

"ဟဲ့… ခင်မူ မသွားသေးဘူးလား ဘာလုပ်နေတုန်း၊ ဧည့်ခံပွဲက စနေပြီတော်"

"ပြီးပါပြီတော် အင်္ကျီလေးပဲဝတ်ရတော့မယ်"

ခင်မူသည် ပြောပြောဆိုဆိုနှင့် အင်္ကျီအား ဝတ်ဆင်လျက်ရှိနေပေ၏။

"ဩော်… ခင်မူတို့ကတော့ သတို့သမီး မကြာယုံတို့နဲ့ အပြိုင်လှနေပြန်ရောလားဟယ်"

"ဟုတ်ပေသားပဲတော်"

"ကဲ… ကဲ သွားမယ်၊ အခုလောက်ဆို မင်္ဂလာဆောင်မှာ လူတွေဆုံလောက်ပြီ"

(ထိုခေတ်၌ မင်္ဂလာဧည့်ခံပွဲကို မင်္ဂလာဆောင်သည်ဟု ခေါ်ကြသည်)



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပါပြီတော်… တကယ်တည်းမှပဲ"

ထိုသို့ပြောအပြီး၌ ခင်မူတို့တစ်သိုက်သည် မင်္ဂလာပွဲသို့ ထွက်ခဲ့ကြပေ၏။ တစ်ရွာလုံး ကျွတ်မကတ တခြားရွာကပါ ရောက်ရှိလာကြပေ၏။ ၎င်းမင်္ဂလာပွဲသို့ တခြားရွာများမှ ရောက်ရှိလာသူများသည် နွားလှည်းများနှင့် ရောက်ရှိလာသည့်အတွက် လွန်စွာ စည်ကား လျက်ရှိနေပေ၏။

မင်္ဂလာပွဲသည် လွန်စွာပျော်စရာကောင်းလျက်ရှိနေသလို ရောက်ရှိလာသူများသည် ဆွေမျိုးအရင်းအချာကဲ့သို့ ရင်းနှီးကြပေ၏။ တစ်ရွာလုံး အသံချဲ့စက်သံများ လွှမ်းမိုးနေပေ၏။ အသံချဲ့စက်များ သည် သတို့သားအိမ်၌တစ်လုံး၊ သတို့သမီးအိမ်၌တစ်လုံး အပြိုင်အဆိုင် ဖွင့်နေကြသည်။

ဤသို့နှင့် မင်္ဂလာဧည့်ခံပွဲသည် ညနေပိုင်း၌ ပြီးဆုံးသွား ပေသည်။ အားလုံးသည် နေထိုင်ရာအိမ်သို့ အသီးသီးပြန်ကြသည်၊ ၎င်းရမ်းထားသည့် ပစ္စည်းများလည်း ပြန်ပို့ရန် ပြင်ကြပေ၏။ အချိန် သည် ညနေချိန် နေညိုများ စောင်းလျက်ရှိပေ၏။ နေရောင်မကွယ် ခင်အချိန်၌ မခင်မူသည် သတို့သမီးအိမ်သို့ နောက်ထပ်တစ်ခေါက် ပြန်သွားပြီး ပြန်လာချိန်၌ အံ့ဩစရာကောင်းသည့်ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လိုက်ရသည်။





"ဝေါင်း…"

ထွက်ပေါ်လာသည့် အသံသည် လွန်စွာကြောက်စရာကောင်း သလို တစ်ရွာလုံးလွှမ်းမိုးသွားပေ၏။ ၎င်းအသံသည် ကျားကြီး၏ ဟိန်းသံပင်ဖြစ်၏။ တစ်ရွာလုံး အထိတ်တလန့်ဖြစ်နေပေ၏။ ကျားကြီးသည် ရွာထဲသို့ ဝင်ရောက်လာသည်။

"ကျားကြီး ရွာထဲကို ဝင်လာပြီဟေ့"

"အပြင်မထွက်ကြနဲ့"

ရွာရှိနေထိုင်သူများသည် ကျားကြီးအား ကြောက်၍ပြေး နေ၏။ ကျားကြီးသည် ခင်မူ၏ အနောက်သို့ လိုက်နေပေ၏။ ခင်မူ သည် နေထိုင်ရာအိမ်သို့ ပြေးနေ၏။ ထိုသို့ပြေးနေချိန်၌ ရွာမြောက် ပိုင်း ပေါက်ပင်ကြီး၏အောက်သို့အရောက်တွင်…

"ဝေါင်း…"

"အမလေး…"

ကျားကြီးသည် ခင်မူအား အနောက်မှပြေး၍အုပ်လိုက်ပေ၏။ ခင်မူသည် ရှောင်၍မရ၊ ကျားကြီး၏ ပါးစပ်အတွင်းသို့ရောက်သွား၏။ ကျားကြီးသည် ခင်မူအား ကိုက်ချီ၍ ထွက်ပြေးသွားပေ၏။

"ဟာ… ဟိုမှာ ခင်မူကို ကျားချီသွားပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ကြပါဦးဟာ"

"လိုက်ကြ… လိုက်ကြ…"

ထိုသို့ပြောပြီးချိန်၌ ရွာသားများသည် ကျားကြီး၏ အနောက်သို့ လိုက်နေကြပေ၏။ ကျားကြီးသည် မခင်မူအား ဆွဲချီ၍ ရွာနောက်တောစပ်အတွင်းသို့ ဝင်ရောက်သွားပေ၏။ ရွာသားများသည် ကျားကြီး၏အနောက်သို့လိုက်နေကြသည်။ ၎င်းတို့၏ လက်ထဲ၌ လူသေစေနိုင်သည့်လက်နက်များ ကိုင်ဆောင်၍ လိုက်နေခြင်းကြောင့် ကျားကြီးအား တွေ့လျှင် အပြတ်ရှင်းပစ်ရန်ပင်ဖြစ်၏။

ထိုအထဲ၌ မခင်မူ၏ လင်ယောကျ်ား ကိုစံသိန်း လိုက်နေပေ၏။ ကိုစံသိန်းသည် ငှက်ကြီးတောင်ဓားရှည်ကြီးအား တင်းကြပ်စွာ ဆုတ်ကိုင်၍ လိုက်နေပေ၏။ ကျားကြီးကိုသာ တွေ့လျှင် ၎င်း၏ အသက်သေခံ၍ ရင်ဆိုင်တိုက်ခိုက်မည်ဖြစ်၏။ ထို့အတူ ရွာ၌ရှိသည် မုဆိုးကြီးများသည် နှစ်လုံးပြူးသေနတ်အား ကိုင်၍ သဲသဲမဲမဲ လိုက်နေကြပေသည်။

"ဟိုတ်ကောင်တွေ ကျားကြီးဘယ်ကိုသွားလဲ"

"ဝက်မင်းတောင်အနောက်ကို ဝင်သွားတယ်"

"လိုက်ကြယော့ မလွှတ်စေနဲ့"





ထိုသို့သာပြောနေပေမယ့် စံသိန်း၏ ရင်ထဲ၌ သောကမီးများ တဟုန်းဟုန်းတောက်လောင်နေပေ၏။ ၎င်းတို့သည် ဝက်မင်းတောင် အနောက်ဘက်သို့ ဦးတည်နေကြပေ၏။ ဝက်မင်းတောင်၏ အနောက်ခြမ်းသည် ထူထပ်သည့်တောကြီးပင်ဖြစ်၏။

အချိန်သည် တဖြည်းဖြည်းနှင့် အမှောင်ထုအား လွှမ်းမိုးလျက်ရှိနေပေ၏။ ထိုအတွက်ကြောင့် ဝန်းကျင်သည် အမှောင်ထု၏ ကြီးစိုးမင်းမူခြင်းခံနေရပေ၏။ ရွာသားများသည် ကျားကြီး၏နောက်သို့ ပါသွားသည့် မခင်မူအား ပြန်လည်ရရှိရေးအတွက် အမှောင်ထုများအား ဂရုမစိုက်နိုင်အောင် ဖြစ်နေကြပေ၏။ တစ်တောလုံး မီးတုတ်များ ထိန်လင်းနေပေ၏။ မည်သို့ပင်ဖြစ်စေကာမူ ကျားကြီး၏ အရိပ်အယောင်အား တွေ့ရှိခြင်းမရှိအောင် ဖြစ်နေပေ၏။

"ကိုစံသိန်း မိုးချုပ်ပြီ ပြန်ကြမယ်ဗျာ"

"ကျုပ် မပြန်ဘူးဗျာ၊ ဒီည ကျုပ်တွေ့အောင်ရှာမယ်ဗျာ၊ ခင်ဗျားတို့ ပြန်ချင်ပြန်ဗျာ၊ အဲဒီကျားကြီးလက်ချက်နဲ့ ကျုပ် အသက်သေချင်သေပါစေဗျာ"

"မဟုတ်တာပဲဗျာ၊ ခင်ဗျားမှာ သားသမီးတွေ ရှိသေးတယ်၊ မနက်မှဆက်ပြီး ရှာကြမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်မောင်ပြောတာမှန်ပါတယ် ကိုစံသိန်းရာ၊ မနက်ကျမှ ဆက်ရှာကြမယ်၊ စိတ်ချပါဗျာ၊ ကျုပ်တို့ကိုယ်တိုင်တွေ့အောင်ရှာမယ်"

ထိုသို့ပြောနေချိန်၌ ကြောက်စရာကောင်းသည့်အသံတစ်ခု ထွက်ပေါ်လာ၏။

"ဝေါင်း..."

၎င်းအသံသည် ကျားကြီး၏ ဟိန်းသံဖြစ်သည်။ တောတောင်များ ကာရံထားသည့်အတွက် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားပေ၏။ ထိုအတွက်ကြောင့် ၎င်းတို့သည် ကျားဟိန်းသံအား နားထောင်လိုက်သလို အသံသည် အနောက်၌ ထွက်ပေါ်လာခြင်းသည်ဖြစ်ပေ၏။ အားလုံးသည် ဆန္ဒတွေကြောင့်သာ လိုက်နေကြပေမယ့် ကျားကြီး၏ အသံကြားချိန်၌ လွန်စွာ တုန်လှုပ်နေကြပေသည်။

"ဟိတ်... ကျားကြီးက ငါတို့အနောက်မှာ လိုက်ကြဟေ့... လိုက်ကြ"

"ဟိတ်... ကျားကြီး ဒီနားမှာ လာကြဟေ့"

အသံသည် ကျယ်လောင်စွာ ကြားလိုက်ရပေ၏။ ၎င်းအား ကြားသည့်သူများသည် ပြန်လည်၍လာကြကုန်၏။





"မလွှတ်စေနဲ့ဟေ့... ဝိုင်းထားကြ"

"လိုက်ဟေ့... လိုက်ကြ"

ရွာသားများသည် အပြေးအလွှားရောက်လာကြသည်။

ဝန်းကျင်သည် ဆူညံကုန်ကြသလို မီးဒုတ်မီးများကြောင့် လင်းထိန်နေ၏။ တချို့သည် သစ်ကိုင်းခြောက်များအား ကောက်ယူစုပုံ၍ မီးများရှို့သလို ဝါးပင်များအား ခုတ်ပိုင်း၍ နှစ်ဖတ်အဆစ်ပိတ်၍ မီးပုံအတွင်းသို့ ပစ်ထည့်လိုက်ကြပေ၏။ ဝါးလုံးများ၏ ပေါက်ကွဲသံသည် လွန်စွာကြောက်စရာကောင်းနေပေ၏။ ထိုသို့ပြုလုပ်ခြင်းသည် ခြောက်လှန့်ခြင်းသာဖြစ်၏။ ရုတ်တရက် ထွက်ပြေးလျှင် လိုက်နိုင်ရန်ဖြစ်၏။

ရွာသားများသည် ကျားဟိန်းသံနောက်သို့ လိုက်နေပေ၏။ ကျားဟိန်းသံသည် ရွာတောင်ဘက်တောစပ်မှဖြစ်သည့်အတွက် ရွာသားများသည် တောစပ်ဘက်သို့ စုပုံထွက်လာခဲ့ကြပြန်သည်။

ရွာနှင့်တောစပ်သည် သိပ်မဝေးသလို တချို့တောစပ်ထဲ၌ အိမ်များရှိနေသည်။ ၎င်းတို့သည် တောစပ်မှာနေ၍ ရွာဘက်သို့ ဦးတည်လာခဲ့ကြသည်။

"ဟိတ်... ကျားကြီး ရွာထဲကို ဝင်သွားပြီး နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဆွဲပြန့်ပြီလား မသိဘူး”

“ဟုတ်တယ် ဖြစ်နိုင်တယ် လိုက်ကြဟေ့ လိုက်ကြ”

တချို့သည် ရွာထဲသို့ ဝင်ရောက်၍ ကျားကြီးအား လိုက်ရှာကြပြန်သည်။ ထိုသို့ရှာရင်းနှင့် နံနက်လင်းခါနီးအထိ တွေ့ရှိခြင်းမရှိသည့်အတွက် လက်လျှော့လိုက်ကြသည်။ အားလုံး လက်လျှော့ကြပေမယ့် ကိုစံသိန်းသည် ဇနီးသည် မခင်မူအတွက် လွန်စွာ ကြေကွဲနေပေ၏။ စိတ်ထဲ၌ မကျေမနပ်ဖြစ်နေသည့်အတွက် လူကြီး များသည် နားချလျက်ရှိပေ၏။ ကိုစံသိန်း၏ဘေး၌ သမီးနှစ်ယောက် ကြေကွဲစွာ ရှိနေပေတော့၏။

* * *





## အခန်း (၃)

## ကျားကြီးနှင့် မိန်းမတစ်ယောက်

တစ်ရွာလုံး စိတ်များ လှုပ်ရှားကြကုန်ပေ၏။

အကြောင်းမှာမူ တခြားမဟုတ်၊ ကျားအဆွဲခံလိုက်ရသည့် မခင်မူ၏ ရုပ်အလောင်းအား ပျဉ်းမပင်စခန်းရှိ ဝက်သစ်ချပင်ကြီး၏ အောက်၌ တွေ့ရှိခဲ့ကြောင်း၊ မုဆိုးကျော်ကြီး ဦးတောက်ထွန်းမှ ပြောပြ၏။ ၎င်းကိစ္စအား ရွာလူကြီး ဦးညွန့်ခင်အိမ်၌ ပြောနေကြ၏။

“အဘိုးကတော့ ပြီးတာတွေကို ပြီးသွားချင်ပြီ မောင်စံသိန်းရဲ့ဆန္ဒက ဘယ်လိုလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဆန္ဒက အဲဒီကျားကြီးကို သတ်ချင်တယ်၊ ဒီကောင်ကြီး မသေရင် ကျုပ်တို့တစ်ရွာလုံးအတွက် စိုးရိမ်ရတယ်၊ အဲဒီတော့ ဒီကျားကြီးကို ဘယ်လိုလုပ်ကြမလဲ"

"မောင်စံသိန်းပြောတာမှန်တယ် အဲဒီတော့ မုဆိုးကျော်ကြီး ဒီကောင်ကြီးကို ဘယ်လိုနှိမ်နင်းရမလဲကွယ်၊ ငါတို့တွေက တော အကြောင်း ကျွမ်းကျင်ကြတယ်လားကွယ်"

"ကျုပ်တို့ရဲ့အလုပ်ကို ပြောရရင်တော့ အဲဒီအသားကို အစားခံရမယ်၊ အဲဒီကောင်ကြီးဟာ စားပြီးတာနဲ့ အဲဒီနားမှာအိပ်မယ်၊ အဲဒီအချိန်ကျမှ ပစ်လို့ရတာ နို့မဟုတ်ရင် တောပစ်လို့ မရသလို အားလုံးကိုပါ ဒုက္ခပေးပြီး ဒီတောကိုပါ အပိုင်သိမ်းလိုက်တယ်။ ကျုပ်တို့က မုဆိုးတွေဆိုတော့ ဒီကျားကို ဒီနေရာမှာ မမြင်ချင်တာ အမှန်ပဲကလားဗျာ"

မုဆိုးကျော်ကြီးပြောသည်မှာ လွန်စွာမှန်နေပေ၏။ ပထမ တစ်ခါ ရွာတောင်ပိုင်း ဦးပျော့၏ အိမ်ခြံအတွင်း၌ရှိသည့် ကျွဲကြီးအား ဝင်ရောက်ကိုက်ချီခေါ်သွားခဲ့ဖူး၏။ ၎င်းကျားကြီးသည် ဦးတောက်ထွန်း၏ လက်ချက်နှင့် သေဆုံးခဲ့ဖူး၏။

၎င်းကျားကြီးအား ဖမ်းဆီးနိုင်သည့်အတွက် ဦးတောက်ထွန်းသည် မုဆိုးလောက၌ နာမည်ကြီးလာပေ၏။ မုဆိုးလုပ်ငန်းနှင့်ပတ်





သက်လျှင် ဦးတောက်ထွန်းကို ဘယ်သူမှ မကျော်လွှားနိုင်အောင် ဖြစ်နေကြပေ၏။

"ကဲ… အဲဒီတော့ အဘိုးပြောမယ်ကွယ်၊ အဲဒီကျားကိုသာ သတ်လိုက်ကွယ်၊ အဲဒီတော့ ဘယ်နေ့လုပ်မလဲ မောင်တောက်ထွန်း"

"ဒီနေ့ပဲလုပ်ကြမယ် အဘိုးညွှန့်ခင်"

"ကဲ… ဒီနေ့ပဲ လုပ်ကြပေါ့ကွယ်"

"ကောင်းပါပြီ…အဘိုး ကျုပ်တို့အခုပဲ ပျဉ်းမပင်စခန်းကို သွားကြ မယ်၊ မောင်စံသိန်း ခင်ဗျား မလိုက်ခဲ့နဲ့ဗျာ"

"ကျုပ်ကို လိုက်ခွင့်ပေးပါဗျာ၊ ခင်ဗျားတို့ကိစ္စ ကျုပ်ဝင် ရောက်မစွက်ဖက်ပါဘူးဗျာ"

ထိုသို့ပြောပြီးနောက် အားလုံးသည် ပျဉ်းမပင်စခန်းအား ထွက်ခဲ့ပေ၏။ ပျဉ်းမပင်စခန်းသည် ဝက်မင်းတောင်ကြီး၏ တောင် ဘက်သို့ ကျပေ၏။ အားလုံးသည် လိုအပ်သည်များအား ယူကြ၍ ထွက်ခဲ့ကြခြင်းသာ ဖြစ်၏။

မုဆိုးကျော်ကြီး ဦးတောက်ထွန်းသည် မခင်မှု၏ ယောက်ျား ကိုစံသိန်းအား သေချာမှသာလို ၎င်း၏တပည့်များအား သေချာလုပ် ရန် မှာကြားနေပေ၏။ တစ်ယောက်နှင့်တစ်ယောက် စကားပြောလာ ခဲ့ကြရင်းက ပျဉ်းမပင်စခန်းသို့ ရောက်ရှိခဲ့ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်စံသိန်းကို အဓိကမှာချင်တာက ဟိုရောက်ရင် မောင်ရင်ရဲ့ မိန်းမကို မကိုင်ပါနဲ့ ကိုင်ပြီး မငိုမိအောင်ကြိုးစားပါ၊ ဦးလေးတောက်ထွန်းပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ် ဦးလေးတောက်ထွန်း"

ထိုသို့ပြော၍ လမ်းလျှောက်ဝင်လာခဲ့ကြရာ ပျဉ်းမပင်စခန်းရှိ ဝက်သစ်ချပင်ကြီးအား တွေ့လိုက်ရပေ၏။ ဝက်သစ်ချပင်ကြီး၏ အောက်၌ မခင်မူ၏အလောင်းအား မှောက်လျက်အနေအထားနှင့် တွေ့လိုက်ရ၏။

"ခင်မူ... ခင်မူ ဖြစ်မှဖြစ်ရလေ ခင်မူရယ်၊ မင်း ကျုပ်တို့သားအဖသုံးယောက်ကို ပစ်ထားခဲ့ရက်တယ်ကွာ"

"အစ်ကိုစံသိန်း ဘယ်လိုလုပ်နေရမှာလဲကွာ ပြောစမ်းပါဦး"

ကိုစံသိန်းသည် မခင်မူ၏ အလောင်းအားပွေ့ဖက်ငိုနေ၏။ အသက်လောက်ချစ်ရသည့်မိန်းမကို ကျားအဆွဲခံလိုက်ရသည့်အတွက် ကိုစံသိန်းမှာ အရူးကြီးတစ်ယောက်လို ဖြစ်သလို မခင်မူနှင့် သမီးနှစ်ယောက် ရှိသည်။

တစ်ယောက်နှင့်တစ်ယောက် စကားများ ရန်ဖြစ်ကြခြင်း ဆိုတာ မရှိ။ တစ်ယောက်အပေါ်တစ်ယောက်က နားလည်မှုတွေ ပေးကြသည်။ ဤမျှလောက်ချစ်ကြသည့် ဇနီးမောင်နှံအား တစ်ရွာ





လုံးက ချီးကျူးကြပေ၏။ တခြားလင်မယားများ ရန်ဖြစ်စကားများလျှင် ရွာလူကြီးများက ၄င်းတို့လင်မယားအား နမူနာထိုးပြီး ဆုံးမတတ်ကြပေ၏။

ယခု ထိုကဲ့သို့ ဖြစ်သွားသည့်အတွက် တစ်ရွာလုံးလည်း လွန်စွာ စိတ်မကောင်းဖြစ်သလို ကိုစံသိန်းသည် အရူးမီးဝိုင်းဖြစ်နေသည်။

"ခင်မူ... ခင်မူ အစ်ကိုစံသိန်းခေါ်တာကြားရဲ့လားကွာ"

"ဟာ... ဟော ဟိုမှာစံသိန်း ခင်မူကို ဖက်ပြီး ငိုနေပြီ သွားစွဲပါဦးကွာ"

အားလုံးသည် ကိုစံသိန်း၏အနားသို့ ရောက်ရှိသွားကြပေ၏။ ထို့အတူ ကိုစံသိန်းအား ဝင်ရောက်ဆွဲကြပေ၏။ ကိုစံသိန်းသည် ခင်မူကိုသာ ဖက်ထား၏။

"ကျုပ်မိန်းမကို နောက်ဆုံးအကြိမ်နဲ့ ငိုခွင့်ပြုပါ ဦးလေးတောက်ထွန်းရာ"

"ကိုယ်ချင်းမစာလို့ပြောတာ မဟုတ်ဘူးကွာ၊ တော်ကြာ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ ဦးလေးတောက်ထွန်းရဲ့စကားကို နားထောင်ပါ၊ ပြီးမှ မောင်စံသိန်းရဲ့ မြို့သိပ်ထားတာတွေကို ဆက်လုပ်ပါကွာ၊ ဦးလေးတောက်ထွန်းရဲ့စကားကို နားထောင်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ အဲဒီ ဝက်သစ်ချပင်ကြီးရှေ့က ဖျဉ်းမပင်ကြီးအပေါ်မှာ ညမ်းစင်ကြွကွာ အချိန်မရှိတော့ဘူး၊ ဒီကောင်ကြီးလာခါနီးပြီ မောင်စံသိန်းကိုပါ ခေါ်သွားကြကွာ၊ သူ့ကိုပါ ဝိုင်းလုပ်နိုင်ကြားလား"

"ဟုတ်ကဲ့ပါ ဦးလေးတောက်ထွန်း"

၎င်းတို့သည် ကိုစံသိန်းအား ခေါ်၍ သစ်ပင်ပေါ်၌ ညမ်းဆင်ရန် ထွက်ခဲ့ကြပေ၏။ ဖျဉ်းမပင်ကြီး၏အပေါ်သို့ တက်သူကတက်၊ အောက်မှာနေခဲ့သူက နေခဲ့ကြပေ၏။ အချိန်တိုအတွင်းမှာ ညမ်းဆင်၍ ပြီးသွားကြပေ၏။ ညနေစောင်းနေပြီဖြစ်၍ အားလုံးကို ညမ်းပေါ်သို့ တက်ခိုင်းလိုက်ကြသည်။ ဦးကောက်ထွန်းသည် ခင်မှုအား သနပ်ခါးလိမ်း၊ ပန်းပန်ပေးပြီး ဝက်သစ်ချပင်ကြီးအား ကျောမှီ၍ထိုင်နေသည့်ပုံစံ ပြုလုပ်ထားပေ၏။

ထိုဒေသ၌ရှိနေသည့် ကျားများ၏စရိုက်သည် သားကောင်အားဆွဲထားပြီဆိုလျှင် ချက်ချင်းစားလေ့မရှိ၊ တစ်နေရာ၌ ထားခဲ့တတ်၏။ ထိုအတွက်ကြောင့် မခင်မှုအား ဆွဲလာခဲ့ပြီး ချက်ချင်းစားခြင်းမရှိထားခဲ့၏။ ထိုအတွက်ကြောင့် ဦးတောက်ထွန်းတို့ မုဆိုးများသည် ကျားကို ပိုင်နိုင်စွာ ဖမ်းဆီးနိုင်ခဲ့ကြပေ၏။

* * *





အခန်း (၄)

## ထူးဆန်းသည့်ဖြစ်ရပ်ဆန်းတြယ်

အချိန်သည် ဝန်းကျင်တစ်ခုလုံးသို့ အမှောင်ထုများ တဖြည်းဖြည်း လွှမ်းမိုးနေလျက်ရှိနေပေ၏။ ဦးတောက်ထွန်းတို့လူစုသည် ညမ်းစင်ပေါ်သို့ ရောက်ရှိနေရာယူနေကြ၏။ (ညမ်းစင်အား တချို့သည် လင်းစင်ဟု ခေါ်ကြပေ၏) မည်သို့ပင်ဖြစ်စေကာမူ ဦးတောက်ထွန်းတို့အဖွဲ့သည် ညမ်းစင်၏အပေါ်၌ ကျားရိုင်းကြီးအလာကို စောင့်နေသလို နှစ်လုံးပြူးသေနတ်အား အသင့်ပြင်ထား၏။

တကယ်တော့ ဦးတောက်ထွန်းသည် 'သားကောင်ပစ်ရာ၌ လွန်စွာတော်သလို ကျွမ်းကျင်နေပေ၏။ ယခု ကျားကြီးအား သေချာ

www.burmeseclassic.com



ပေါက်ထိမည်ဟုထင်မှတ်သလို ပစ်ခဲ့သည့်သားကောင်များသည် လွတ်ထွက်သွားသည်ဆိုတာ မရှိအောင်တော်သည်။ အားလုံးသည် ကျားရိုင်းကြီးအလာအား စောင့်ဆိုင်းလျက်ရှိနေပေ၏။

ညနေခင်း လေနုအေးများသည် ခပ်ပါးပါးတိုက်ခတ်နေသည့်အတွက် ပင်ယံထက်၌ရှိသည့် သစ်ရွက်များသည် သူ့ပ်ခတ်နေသည့်အတွက်ကြောင့် ခြေသံလိုလိုထင်နေရပေ၏။ အားလုံး၏စိတ်ထဲ၌ ကျားရိုင်းကြီးလာပြီဟု ထင်နေမိကြသည်။

"ဝေါင်..."

ကြောက်စရာကောင်းသည့်အသံတစ်ခု ထွက်ပေါ်လာသည့်အတွက် တစ်တောလုံး ဟိန်းထွက်သွားပေ၏။ ၎င်းအသံကြောင့် အားလုံးတုန်လှုပ်သွားကြပေ၏။ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ ဦးတောက်ထွန်းသည် အားလုံးအားငြိမ်ငြိမ်နေကြရန် တားမြစ်ပြောဆိုထားပေ၏။ ၎င်းအတွက်ကြောင့် လင်းစင်ပေါ်ရှိ လူများ လှုပ်ရှားခြင်းမရှိငြိမ်သက်စွာ နေထိုင်ကြ၏။

၎င်းအချိန် ကျားကြီးသည် အဝေးမှ ခုန်ထွက်လာ၏။ လူတစ်ရပ်လောက်မြင့်သည့် အပင်များအားကျော်ဖြတ်၍ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကျားကြီးသည် လွန်စွာကြီးမားသလို အတောင်အား၍





ဆယ်တောင်ကျော်၊ ဆယ်တစ်တောင်လောက် ရှိနေ၏။

**မှတ်ချက်။ ။ (ကျားကြီးသည် ဆယ်တောင်ကျော်လျှင် နတ်ကျားဟု ထိုခေသ၌ ခေါ်ကြပေ၏)**

ကျားကြီးသည် ၎င်းတို့ရှိနေသည့် ဖျဉ်းမပင်ကြီး၏အောက်မှ မခင်မူရှိနေသည့် ဝက်သစ်ချအပင်ကြီးအောက်သို့ တစ်လှမ်းချင်းလျှောက်လှမ်းသွားနေပေ၏။ ၎င်းကျားကြီးသည် သားကောင်အားစားရန်အတွက် လျှောက်လှမ်းနေသည်ဆိုပေမယ့် ဝန်းကျင်အား လှည့်၍သာကြည့်ပြီး လျှောက်လှမ်းခြင်းဖြစ်ပေ၏။ ကျားကြီးသည် ဝက်သစ်ချအပင်ကြီးအနီးသို့ ရောက်ရှိနေသလို ဦးတောက်ထွန်းသည် နှစ်လုံးပြူးသေနတ်အား အသင့်ပြင်၍ ချိန်နေ၏။

"ဦးလေးတောက်ထွန်း ကျုပ်မိန်းမကို မထိပါစေနဲ့ဗျာ"

"ဟာ... ဒီအကောင် တယ်လျှာရှည်ပါလား၊ မင်းပါးစပ်ပိတ်ထားစမ်း၊ မင်းကိုပါ ပစ်မိမယ်"

ဦးတောက်ထွန်းသည် ဒေါသနှင့်ပြောလိုက်သည့်အတွက် စံသိန်းသည် ငြိမ်သက်သွားပေ၏။ ကျားကြီးသည် ဝက်သစ်ချပင်ကြီးအား တစ်ပတ်ပတ်၍အပြီး၌ ခင်မူအနားသို့ ရောက်ရှိလာ၏။ ကျားကြီးသည် ခင်မူအားစားရန် ဟန်ပြင်လိုက်ချိန်၌ လွန်စွာအံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသည့်ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရပေ၏။

"ဝေါင်း…"

ကြောက်စရာကောင်းသည့် အသံတစ်ခုထွက်ပေါ်လာပေ၏။

ကျားကြီးသည် ဒေါသနှင့် ဟိန်းဟောက် လိုက်ခြင်းဖြစ်၏။ တစ်ချိန်တည်းမှာ ကျားကြီးသည် သေဆုံးနေသူ အား စားခြင်းမရှိ၊ အရှိန်နှင့် ခုန်ထွက်သွားချိန်၌ ဦးတောက်ထွန်းသည် ကျားကြီးအား သေနတ်ဖြင့် ပစ်လိုက်ပေ၏။

"ဒိုင်း…"

"ဝေါင်း…"

ဦးတောက်ထွန်း၏ကျည်ထောင့်များသည် ကျားကြီးထံ ဦးတည်နေပေမယ့် နောက်ကျသွားသည်။ ကျည်ထောင့်သည် ကျားကြီး၏အမြီးကိုသာ ထိမှန်သွား၏။ အနီးရှိ အပင်ငယ်များသည် လဲပြိုကျကုန်ပေ၏။ ကျားကြီးလွတ်သွားသည့်အတွက် ဦးတောက်ထွန်းသည် လွန်စွာဒေါသများ ထွက်သွားပေ၏။

"ဦးလေးတောက်ထွန်း လိုက်ပစ်ဗျာ"

ထိုသို့သာပြောနေပေမယ့် ကျားကြီးသည် မည်သည့်နေရာသို့ ရောက်ရှိသွားသည်ဆိုတာ မသိအောင် ဖြစ်သွားကြပေ၏။ အချိန်





သည့် တရွေ့ရွေ့နှင့် အမှောင်များ လွှမ်းမိုးနေသည့်အတွက် တချို့သည် အောက်သို့ဆင်းရန် ပြင်ဆင်နေကြပေ၏။

"တစ်ယောက်မှ အောက်ကို မဆင်းကြနဲ့၊ အချိန်မရွေး အန္တရာယ်ရှိနိုင်တယ်၊ ကျုပ်စကားကို နားထောင်ကြပါ"

မုဆိုးကျော်ကြီး ဦးတောက်ထွန်း၏ အမှာစကားပင်ဖြစ်သည်။ ၎င်းပြောသည်မှာ လွန်စွာမှန်နေပေ၏။ (တောအတွင်း၌ တိရစ္ဆာန်မုဆိုးများရှိနေ၏။ ၎င်းသည် ကျားပင်ဖြစ်သော်လည်း ကျားမုဆိုးသည် လူမုဆိုးကဲ့သို့ တစ်နေရာသို့ အပိုင်ယူထားသည်။ ထို့အတွက် ကျားမုဆိုး ပိုင်သည့်နေရာအား လူမုဆိုးဝင်ရောက်၍ သားကောင်ရှာလျှင် ကျားမုဆိုးသည် ရင်ဆိုင်တိုက်ခိုက်သည့်အတွက် လူမုဆိုးသည် အသက်သေဆုံးသည်မှာ လွန်စွာများ၏။ လူမုဆိုး ပိုင်ဆိုင်သည့်နေရာအား ကျားမုဆိုး ဝင်ရောက်လာလျှင် အသက်သေတာများ၏။ ယခုနေရာသည် လူမုဆိုးများ ပိုင်ဆိုင်သည့်နေရာဖြစ်သည့်အတွက် ကျားအားတိုက်ခိုက်ခြင်းသာဖြစ်၏)

ထို့အတူ ကျားဖမ်းသည့်မုဆိုးရယ်ဟု တောအတွင်း၌ သီးသန့်ရှိ၏။ ထိုသူမှာ မုဆိုးကျော်ကြီး ဦးသာဟူးဖြစ်၏။ ဦးသာဟူးသည် ကျားကိုသာ အမိကထား၍ ဖမ်းတတ်၏။ ၎င်းသည် သေနတ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



သူမဟုတ် မှိန်လုံရှည်ကြီးနှင့်သာ ကျားအား အနိုင်ယူတိုက်ခိုက်သလို ၄င်းနှင့်တွေ့လျှင် ကျားသည် အသက်ပျောက်သွားသည်က များပေ၏။

မုဆိုးကြီး ဦးတောက်ထွန်းတို့နှင့် ကြုံတွေ့လိုက်ရသည့် ကျားကြီးအား ကျားဖမ်းမုဆိုးကြီး ဦးသာဟူးသည် တစ်နေရာ၌ စောင့်၍ဖမ်းမည်ဆိုတာ သတင်းရရှိထားပေ၏။

အချိန်သည် အမှောင်ထုအား လွှမ်းမိုးနေသည့်အတွက် ညဉ့်နက်သန်းခေါင်ယံဆီသို့ ဦးတည်နေပေတော့သည်။

မုဆိုးကြီး ဦးတောက်ထွန်း၏ မိန့်ကြားချက်အရ အားလုံးသည် တစ်ယောက်မှ အောက်သို့ဆင်းခြင်းမရှိ လင့်စင်ပေါ်၌သာ နေလျက် ကျားကြီး၏ပြန်အလာကိုသာ စောင့်ဆိုင်းနေကြပေ၏။

* * *

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပေ၏။

နာရီလက်တံများသည် တရွေ့ရွေ့ခရီးဆက်နေသည့်အတွက် ညဉ့်နက်သန်းခေါင်ကျော်ဖြတ်လျက် နောက်တစ်နေ့ဆိုသော ကာလအား ဦးတည်နေပေ၏။

ထိုအတွက် လင့်စင်ပေါ်၌ရှိနေသူများသည် ကျားကြီးပြန်





အလာအား စောင့်ဆိုင်း၍ အိပ်စက်ချင်စိတ်များ ပေါ်လာပေ၏။ တချို့သည် ထိုင်လျက်သား အိပ်ငိုက်နေကြ၏။ မအိပ်ငိုက်သူရယ်ဟု နှစ်ယောက်သာရှိ၏။ ၄င်းမှာ မုဆိုးကျော်ကြီး ဦးတောက်ထွန်းနှင့် သေဆုံးသူခင်မူ၏ယောက်ျား ကိုစံသိန်းတို့သာ ရှိသည်။ကိုစံသိန်းသည် ဇနီးသည်ကျားစားခံရပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားမှာစိုးရိမ်နေသည့် သောကများသည် ကြေကွဲမှုများနှင့်ရောယှက်နေပေ၏။ ကျားကြီးပြန်ရောက်မလာပါစေနှင့်ဟု ဆုတောင်းနေသလို အောက်ထပ်သို့ ဆင်းကြည့်ချင်စိတ်များ လွှမ်းမိုးနေသော်လည်း မုဆိုးကျော်ကြီး၏ တားမြစ်ချက်ကြောင့် စိတ်ကိုထိန်းနေရပေ၏။

"ကျုပ်စကားကို နားမထောင်ရင် ကျုပ်ကို အပြစ်မတင်နဲ့ ဒီအချိန်ဟာ သိပ်အရေးကြီးတယ်၊ အန္တရာယ်ဆိုတာ ကြိုတင်တွက်ဆလို့မရသလို စကားပြောတာ ဆင်ကျဉ်ပြီးပြောကြပါ"

ထိုသို့မှာထားသည့်အတွက်ကြောင့် ကိုစံသိန်းသည် လင့်စင်ပေါ်၌သာ နေရ၏။ မုဆိုးကြီးသည် ထပ်မံရောက်ရှိလာမည့် ကျားမုဆိုးအား ဝီရိယအပြည့်နှင့်စောင့်ဆိုင်းလျက်ရှိနေပေ၏။ ထိုအချိန်တွင် တစ်တောလုံး ဆူညံသံများ လွှမ်းမိုးစွာ ထွက်ပေါ်လာပေ၏။

"ဂူး… ဂူး…"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း… ဝုန်း…"

"ဂိ… ဂိ…"

၎င်းအသံများကြောင့် အားလုံး အထိတ်တလန့်ဖြစ်ကုန်ကြသည်။ အိပ်ငိုက်သူများသည် အလန့်တကြားဖြစ်ကုန်သည်။ ထိုအသံသည် ဦးတောက်ထွန်းတို့ရှိနေသည့်နေရာအနီး၌ပင် ရှိနေသလို အချိန်မရွေး ရောက်ရှိလာနိုင်သည်။ ၎င်းကြောင့် ဦးတောက်ထွန်းသည် သေနတ်အား အသင့်ပြင်ထားလိုက်သည်။

တစ်ချိန်တည်းမှာ သစ်ပင်များလှုပ်ခတ်သံ ၊ သစ်ကိုင်းများ ကျိုးကျသံ၊ ငှက်များ အလန့်တကြား ထပျံသည့်အသံများပင်ဖြစ်သည်။ ၎င်းတို့မှာ လူ၀ံ (သို့မဟုတ်) ဝက်ဝံများ၊ ကျား၊ ကျားသစ်၊ မြွေ၊ တောဝက် စသည့်အကောင်များပင်ဖြစ်သည်။

"ဝေါင်း…"

ထပ်မံထွက်ပေါ်လာသည်မှာ ကျားကြီး၏အသံဖြစ်သည်။ ကျားကြီးသည် ၎င်းတို့ရှိနေသည့်နေရာနှင့် တစ်တောင်ကျော်၌ရှိနေသည်။ ၎င်းတို့ကြည့်နေချိန်၌ မြင်ကွင်းအတွင်းသို့ အရာဝတ္ထုတစ်ခု ဝင်ရောက်လာပေ၏။ အမှောင်ထုသည် လွှမ်းမိုးနေသည့်အတွက် မည်သည့်အရာဆိုတာ သဲသဲကွဲကွဲမြင်တွေ့ရခြင်း မရှိအောင်ဖြစ်နေ၏။





၎င်းသည် ဝက်သစ်ချပင်ကြီးထံ ဦးတည်နေပေ၏။

ဦးတောက်ထွန်းသည် သေနတ်အား မ,ယူ၍ သေချာချိန်နေသလို ထိုနေရာသို့ စူးစိုက်ကြည့်နေပေ၏။ အရာဝတ္ထုသည် သစ်ချပင်ကြီးရှိရာသို့ ဦးတည်လျက်ရှိနေပေ၏။ လင့်စင်ပေါ်သို့ ရောက်ရှိနေသူများသည် ဦးတောက်ထွန်း၏ လှုပ်ရှားမှုကိုသာ သတိထားနေပေ၏။

အရာဝတ္ထုသည် ဝက်သစ်ချပင်ကြီး၏အနီးသို့ ရောက်ရှိသွားချိန်၌ လှုပ်ရှားမှုတစ်ခုနှင့် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားပေ၏။

"ဒိုင်း…"

"ရှူး… ရှူး…"

"ဝုန်း…"

"အမလေး သေပါပြီဗျ"

ဦးတောက်ထွန်းသည် မည်းမည်းအရာဝတ္ထုကြီးအား သေနတ်ဖြင့်ပစ်လိုက်သည်။ သေနတ်ပစ်တော်လွန်းသည့်အတွက် ၎င်း၏ ဦးခေါင်းသို့ ထိမှန်သွားပေ၏။ တစ်ချိန်တည်းမှာပင် ဦးတောက်ထွန်းတို့အဖွဲ့နေထိုင်သည့် ပျဉ်းမပင်ကြီးအား ပြေး၍ မာန်ဆွဲဖြင့်ပက်၍ ဦးခေါင်းဖြင့်တိုက်လိုက်သည့်အတွက် အပင်ကြီးသည် ယိမ်းယိုင်သွား



www.burmeseclassic.com

www.burmeseclassic.com



ပေ၏။ အပင်ပေါ်၌ရှိနေသူများ အလန့်တကြားအော်မိကြသည်။

မှတ်ချက် (တောဝက်သည် အရာဝတ္ထုတစ်ခုနှင့်ထိမှန်လျှင် တစ်ခုခု လုပ်တတ်ပေ၏။ ၎င်းသည် တောဝက်များ၏ အကျင့်စရိုက်တစ်ခုလို ဖြစ်နေပေ၏။ ထို့အတွက်ကြောင့် မုဆိုးများသည် တောဝက်အား သေနတ်ဖြင့်ပစ်လျှင် အနောက်အပေါ်စီးမှ ပစ်တတ်၏။ ရှေ့မှနေ၍ ပစ်လေ့မရှိ၊ ပစ်မိသူသည် တောဝက်နှင့်အတူ အသက်ပျောက်တတ် ပေ၏။)

တောဝက်ကြီးသည် အနောက်သို့ထိုင်၍ လဲကျသွားပေ၏။ ထိုသို့ဖြစ်နေချိန်၌ နောက်ထပ်အသံတစ်ခု ဟိန်းထွက်လာသည့်အတွက် အားလုံးတုန်လှုပ်သလို ဂရုစိုက်နားထောင်နေမိကြပေ၏။

"ဝေါင်း…"

အသံသည် ဝန်းကျင်သို့ လွှမ်းမိုးသွားပေတော့သည်။

"ဦးလေးတောက်ထွန်း ကျားကြီး ဒီနားမှာရှိနေတယ်"

"ပြန်လာပြီထင်တယ်"

"ခင်ဗျားတို့ပြောတာမှန်တယ်၊ ဒီနားမှာရှိတယ်၊ ဒါပေမယ့် အဲဒီနေရာမှာပဲ အသက်ပျောက်သွားပြီ"

"ဗျာ… ဘယ်လို"





အားလုံးသည် အံ့သြကုန်ကြပေ၏။ အံ့သြခြင်းများစွာနှင့် မေးလိုက်ကြပေ၏။

"အဲဒီနေရာမှာ ကိုသာဟူးရှိတယ်ထင်တယ်၊ ရှိတယ်ဆိုရင်တော့ ကိုသာဟူးလက်ချက်နဲ့ အသက်ပျော်လောက်ပြီ"

တကယ်တော့ ဦးတောက်ထွန်းသည် တောအကြောင်း၊ တိရစ္ဆာန်အကြောင်းများအားသိနေသည်အတွက် ထိုစကားပြောကြားခြင်းသာဖြစ်ပေ၏။ ထိုသို့နှင့် နံနက်အလင်းအာရုံသို့ ရောက်ရှိလာကြသလို အိမ်တန်းတက်ငှက်များသည် အစာရှာထွက်ရန် ပြင်ဆင်နေကြပေ၏။ တစ်ညလုံး အိပ်စက်အနားယူခြင်းမရှိသည့်အတွက် မျက်လုံးများသည် ကြိမ်းစက်လျက်ရှိနေပေသည်။ ဖျဉ်းမပင်ကြီး၏အောက်၌ တောဝက်ကြီး သေနတ်ဒဏ်ရာကြောင့် သေဆုံးနေသလို ဝက်သစ်ချပင်ကြီးအောက်၌ မခင်မူ၏အလောင်းရှိနေပေ၏။

အားလုံးသည် အောက်သို့ဆင်းကုန်ကြပေ၏။ အားလုံးသည် တောဝက်ကြီးအား ကြည့်နေချိန် မုဆိုးကြီးဦးတောက်ထွန်းနှင့် စံသိန်းတို့သည် ဝက်သစ်ချပင်ကြီးဆီသို့ ဦးတည်နေပေ၏။ ထိုနေ့မနက်သည် ခင်မူအား ကျားဆွဲသွားသည်မှာ သုံးရက်ပြည့်သွားပြီဖြစ်သည့်အတွက် အပုတ်ရနံ့များထွက်နေသည့်အတွက် စံသိန်း၏ ညှပ်မှန်းချက်

www.burmeseclassic.com



များ ပျောက်ကွယ်သွားသလို ရှေ့တိုးခြင်းမှ ရပ်တန့်သွားပေတော့၏။

"ကဲ… မောင်စံသိန်း ဘာလုပ်ချင်လဲ၊ ဒီနေရာမှာရှိတဲ့ အလောင်းကို ပြန်သည်လို့မရဘူးဆိုတာ သိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်"

"အဲဒီတော့ မီးသင်္ဂြိုလ်မလား၊ မြေမြှုပ်မလား"

"မြေပဲမြှုပ်ခဲ့ပါတော့ ဦးလေးတောက်ထွန်းရာ"

"မောင်စံသိန်းရဲ့ဆန္ဒအတိုင်း ဖြစ်စေရပါ့မယ်၊ အဲဒီတော့ ဒီနေရာမှာ မြှုပ်ခဲ့လို့မရဘူး၊ တောစပ်မှာပဲ မြှုပ်ခဲ့ကြတာပေါ့"

ထိုသို့ပြောပြီးနောက် ၎င်းတို့သည် ဝါးကပ်တစ်ခုယက်လုပ်ပြီး ရှေ့နောက် မ,ယူသွားကြပေ၏။ ကျန်သူများသည် တောဝက်ကြီးအား ထမ်းယူသွားကြပြန်၏။ ထိုဒေသသည် ရွာအပြင်၌ သေဆုံးသူကို ရွာအတွင်းသို့ ပြန်ယူပိုင်ခွင့်မရှိသည့်အတွက်ကြောင့် ရွာအပြင်၌သာ မြေမြှုပ်ထားခဲ့ရသည်။

ရွာ၏ထုံးတမ်းအရဆိုလျှင် ချက်ချင်း မြေမြှုပ်သင်္ဂြိုလ်ရသည်။ ထိုသို့မလုပ်မိပါက ရွာနာသည်ဟုပြောပြီး မိသားစုအားလုံး ရွာအပြင်၌သာ နေထိုင်ကြရသည်။

၎င်းတို့သည် အလောင်းအားထမ်း၍ ရွာအပြင်တောစပ်၌





မြေမြှုပ်ခဲ့ကြသည်။ မြေမြှုပ်ရာ၌ အားလုံး မြေ (၇) စိပ် ကူညီပြီး ကောင်းရာသုဂတိရောက်စေကြောင်း ဆုတောင်းပေးကြသည်။

"ကဲ… ပြန်ကြမယ်၊ မောင်စံသိန်း ဒီလိုငိုနေလို့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး၊ လုပ်စရာတွေ ရှိနေသေးသည့်အတွက် ပြန်ကြမယ်ကွာ၊ ဟော့… အားလုံး ပြန်ကြမယ်ဟေ့"

"နောက်ဆုံးအနေနဲ့ ငိုပါရစေ ဦးလေးထွန်းတောက်ရာ"

"မင်းငိုနေလို့ အသက်ပြန်ပြီးရှင်လာမှာမှ မဟုတ်ဘဲကွာ၊ လုပ်စရာတွေက ရှိနေသေးတာပဲ၊ မောင်စံသိန်းမှာက သမီးနှစ်ယောက် ရှိသေးတာပဲကွာ"

မှန်ပါသည်၊ ကိုစံသိန်းသည် အရွယ်ရောက်နေသည့်သမီး တစ်ယောက်နှင့် အရွယ်မရောက်သေးသော သမီးတစ်ယောက်ရှိနေသေးသည်။ သမီးများ၏ နောင်ရေးသည် ရှိနေသေးသည်။

ထိုအချိန်၌ ရွာသားများသည် တောဝက်ကြီးအား ထမ်း၍ ရှေ့မှထွက်သွားပေသည်။

မုဆိုးကြီး ဦးတောက်ထွန်းသည် ကိုစံသိန်းအားခေါ်၍ ရွာသို့ ဦးတည်နေ၏။ ကိုစံသိန်းသည် ဇနီးသည်အတွက် ကြေကွဲခြင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြန်လာခဲ့ကြပေ၏။ ရွာသားများသည် ငှင်းတို့လာရာလမ်းအား စောင့်မျှော်နေကြပေတော့သည်။

* * *



အခန်း (၅)

## ထူးဆန်းသည့် မိန်းကလေးသုံးယောက်

အငြိမ်းမသတ်နိုင်သည့် ပြဿနာများသည် ဝက်ဖြူတောင်ပေါ်ဆရာတော်ထံသို့ ကူးစက်လာပေ၏။ တစ်နေ့သ၌ ဆရာတော်သည် ကျောင်းတော်ပေါ်၌ ဘုရားအာရုံပြု၍ ပုတီးစိပ်၍ ဘုရားအလုပ်အား လုပ်နေပေ၏။ အချိန်သည် ညဆယ်နာရီဝန်းကျင်ရှိနေသည့်အတွက် လူသူကင်းမဲ့နေသည့် တောင်ပေါ်ကျောင်း၌ ဆရာတော်နှင့်အတူ တောထွက်ဦးပဉ္စင်းကြီးတစ်ပါး ကပ်ပိယဒကာတစ်ယောက်နှင့်




www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားနှစ်ယောက်သာရှိ၏။ ၎င်းတို့သည် အိပ်စက်အနားယူကုန်ကြသည်။

ဆရာတော်သည် အိပ်စက်ခြင်းမရှိ ပုတီးကိုသာစိပ်နေပေ၏။ ထိုအတွက် ဆရာတော်သည် အိပ်စက်အနားယူသည်မှာ နာရီပြန် တစ်ချက်တည်း၌ အိပ်စက်ပြီး သုံးနာရီတွင် ပြန်လည်ထပြီး ဘုရားဝတ်ပြုပုတီးစိပ်လျက်ရှိ၏။ ဆရာတော်သည် ထိုကဲ့သို့ ပြုလုပ်သည်မှ ယခုမှမဟုတ် နှစ်ပေါင်းခြောက်ဆယ်ကျော်ရှိသလို အသက်သည် ခုနှစ်ဆယ်ကျော်ခဲ့သည်။ ဆရာတော်၏ သီလသမာဓိကြောင့် လူနတ်သတ္တဝါအားလုံးသည် ကြည်ညိုလေးစားကြပေ၏။

ထိုအချိန်တွင် အသက်နှစ်ဆယ်ဝန်းကျင်ရှိ မိန်းကလေးသုံးယောက် ဆရာတော်ထံ ဦးတည်လာနေ၏။ မိန်းကလေးများသည် အသက်နှစ်ဆယ်ကျော်၊ သုံးဆယ်ဝန်းကျင်အရွယ်တွေဖြစ်သလို လွန်စွာချောမောလှပလျက်ရှိနေပေ၏။ တစ်ကိုယ်လုံး ရတနာများ ဝတ်ဆင်ထားသည်။ သူဌေးသူကြွယ်များဟု ထင်ရပေ၏။ ဆံပင်များသည် ခြေဖျားထိ တွဲကျလျက်ရှိပေတော့၏။ ထိုသုံးယောက်အနက် တစ်ယောက်သည် အဖြူရောင်ကို ဝတ်ဆင်ထားသလို ကျန်နှစ်ယောက်သည် အစိမ်းရောင်နှင့်အနီရောင်များအား အထက်အောက် ဝတ်





ဆင်ထားကြပေ၏။

ဆရာတော်နေထိုင်သည့် တောင်ပေါ်စေတီသည် ထိုအချိန်၌ မိန်းကလေးသုံးယောက် ကျောင်းပေါ်တက်လာသည်ဆိုတာ လွန်စွာထူးဆန်းဂျက်ရှိနေပေ၏။ ကျောင်းဝင်းအတွင်းသို့ ညနေခြောက်နာရီဆိုလျှင် မည်သည့် ရွာသူရွာသားများ ဝင်ရောက်သွားလာခြင်းမရှိ။

ဝင်ရောက်လာသူများအား ကျောင်းကြီး၏ အဝ၌ရှိနေသည့် ညောင်မှဆိပ်အပင်ကြီး၌ရှိနေသည့် အကောင်ကြီးသည် ကိုယ်ရောင်ပြ၍ မောင်းထုတ်တတ်ပေ၏။ ထို့အတွက်ကြောင့် ရွာသားများလာရောက်ကြခြင်းမရှိအောင် ဖြစ်နေကြပေ၏။

ယခု မိန်းကလေးများသည် ဆရာတော် အနောက်နား၌ ထိုင်လျက် ဘုရားအား ပထမအကြိမ် ဝတ်ပြုပြီး ဆရာတော်အား ဝတ်ပြုလိုက်ပေ၏။ မိန်းကလေးသည် ဘယ်သူဆိုတာ ဆရာတော်က ကြိုတင်သိနေကြပေ၏။ ၎င်းတို့သည် ဆရာတော်အား လျှောက်တင်ရန် ကြိုးစားနေချိန်၌ ဆရာတော်သည် အရင်ဆုံးမေးလိုက်ပေသည်။

"ကဲ... သမီးတော်တို့ ဘာများ အလိုမကျဖြစ်လာမိန်ပြီလဲ"

"သမီးတော်တို့ စိတ်လွန်စွာ ညစ်နေပါပြီ အဘဘုရား၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ဆီက ငှားယူသွားတဲ့ ရတနာပစ္စည်းတွေလည်း လာရောက်

မပို့ကြဘူး၊ လူတွေက ကတိတွေပျက်နေကြပြီ အဘဘုန်း"

"ကောင်းပြီလေ အဲဒါဆို ဘာလုပ်ချင်လဲ"

"ဒီလိုပါ အဘဘုန်း၊ ဒီရတနာတွေက အရှိမေတ္တာပျို့ဘုရား

ကိုလှူဖို့ထားတဲ့ ရတနာတွေပါ အဘဘုန်း၊ အခု သမီးတော်တို့

အဘိုးတော်ကလည်း ကြိမ်းမောင်းနေပါပြီ အဘဘုန်း"

ဆရာတော်သည် မိန်းကလေးတွေဆီသို့ လှည့်လိုက်

သည်။ ၄င်းတို့အား တစ်ချက်ကြည့်လိုက်သည်။ ဆရာတော်

အကြည့်သည် ဂရုဏာအကြည့်များသာ ဖြစ်နေပေ၏။

"ကောင်းပြီ အဲဒါဆို အဲဒီဂူပေါက်ကို ပိတ်လိုက်ရုံမလား

လူတွေကို မငှားရတော့ဘူး"

"သမီးတော်တို့ကလည်း အဲဒီလိုပဲ ပိတ်စေချင်ပါတယ်

အဘဘုန်း"

"ကောင်းပြီလေ အာရုံတက်ရင် လုပ်ပေးပါ့မယ်"

"နောက်တစ်ခုက ညီမတော်လေးလည်း ပြန်မလာသေးဘူး

အဲဒါကိုလည်း သောကရောက်နေပါတယ် အဘဘုန်း"





ဆရာတော်သည် မိန်းကလေးတွေကို ကြည့်လိုက်သည်။

ဆရာတော်သည် စိတ်မကောင်းခြင်းများစွာ လွှမ်းမိုးလျက်

ရှိနေပေ၏။

"သူတို့မိသားစု သောကရောက်နေကြပေတယ် သမီးတော်

တို့ ကျန်ခဲ့တဲ့ရက်အနည်းငယ်က သူ့ရဲ့အမေ ကျားအကိုက်ခံရတယ်"

မိန်းကလေးများသည် ဆရာတော်အား စိုးရိမ်စိတ်များစွာ

နှင့် ကြည့်နေကြပေ၏။

"သမီးတော်တို့ နားမလည်ဘူး အဘဘုန်း"

"ဒီအတိုင်းပဲ ထားလိုက်ပါတော့ သမီးတော်တို့၊ သူ့ခင်ဗျာ

လုပ်စရာတွေ များစွာရှိနေသေးတယ်၊ အဲဒါတွေကို လုပ်ပြီးမှ သူ့ရဲ့

ဝဋ်ကြွေးတွေ ကုန်ခမ်းသွားမယ်၊ အဲဒီဝဋ်ကြွေးတွေ မကုန်ခမ်းသေး

ရင် သူဟာ သံသရာလည်နေဦးမှာပါ။ သူ့ကို အဲဒီဝဋ်ကြွေးတွေ

ကုန်အောင်ဆပ်ခွင့်ပြုလိုက်ကြပါ၊ ကူညီမှုများလည်း ပေးလိုက်ကြပါ၊

မကြာခင် သူ့ရဲ့ ဝဋ်ကြွေးတွေဆပ်ဖို့အချိန်ရောက်တော့မယ်၊ ကဲ...

ကဲ သမီးတော်တို့ ပြန်နှင့်ကြတော့"

"ကောင်းလှပါပြီ အဘဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများသည် မြတ်စွာဘုရားနှင့် ဆရာတော်အား ကန်တော့ပြီး နောက်ပြန်၍ ဆင်းသွားကြပေတော့သည်။ အချို့သည် ပို၍ ညှို့နက်နေပေ၏။ ပြင်ပလောက၌ လေများတိုက်ခတ်လျက်ရှိ ပေတော့သည်။ ထိုမိန်းကလေးများသည် တခြားမဟုတ် ဝတ်ဖြူတောင် ညီအစ်မများပင် ဖြစ်ကြပေတော့၏။

* * *





အခန်း (၆)

## စတားပြောသောနိမိတ်များ

တစ်နေ့သောနံနက်ခင်းတစ်ခုပင်ဖြစ်၏။

ဝက်မင်းတောင်ဆရာတော်သည် ဆွမ်းစားရန် ကြွရောက် လာခဲ့ပေ၏။ ဆရာတော်အား အာရုံဆွမ်းကပ်မည်ရောက်ရှိလာသူမှာ အသက်ခပ်ငယ်ငယ်၊ ခပ်ချောချောမိန်းကလေးနှစ်ယောက်ပင်ဖြစ်၏။ ၎င်းတို့သည် ညီမများဖြစ်ကြပေ၏။

"ကွယ်လွန်သွားပြီဖြစ်တဲ့ တကာမကြီး မခင်မူအတွက် လာရောက်လှူဒါန်းတဲ့ ဆွမ်းမဟုတ်လားကွယ်တို့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ အဘဘုန်း"

"အေး… အေး ကောင်းတာပေါ့ ဒကာမကြီးဟာ ကျွတ်ဘူး၊ နေစရာလည်း မရှိဘူး၊ ဥပါဒါန်အစွဲတွေနဲ့ ဒုက္ခရောက်နေတယ်ကွယ်တို့ရယ်၊ အဘဘုန်းလည်း မေတ္တာပို့နေတယ်၊ အဲဒီတော့ နောက်ထပ်တစ်ခါ လှူဒါန်းရဦးမယ်၊ ကဲ… ကဲ အဘဘုန်းကို ဆွမ်းကပ်ပြီးမှ ဆက်ပြောတာပေါ့ကွယ်တို့"

မြကြာဖြူတို့ ညီအစ်မသည် ဆရာတော်အား ဆွမ်းကပ်လိုက်ကြ၏။ ဆရာတော်သည် ဆွမ်းမစားခင် လှူဒါန်းရသည့်အကြောင်းအား ရွတ်ဆိုသလို ၄င်းတို့ညီအစ်မ လိုက်ဆိုလျက်ရှိနေကြသည်။

ထို့နောက် ဆရာတော်သည် ဆွမ်းဘုန်းပေးနေ၏။ မြကြာဖြူတို့ ညီအစ်မသည် ထိုင်၍စောင့်နေသလို ဆရာတော်သည် ပြန်ခွင့်မပြုသေး စောင့်ခိုင်းစေ၏။ တကယ်တော့ ဆရာတော်သည် သီလ သမာဓိနှင့်ပြည့်စုံ၍ တန်ခိုးထက်မြက်လျက်ရှိ၏။ ယခု မြကြာဖြူတို့ ညီအစ်မအား မပြန်ရန်တားမြစ်ထားသည်မှာ အကြောင်းရှိနေသည့်အတွက်ကြောင့်ဖြစ်၏။

ဆရာတော်သည် ဆွမ်းစား၍ပြီးသည်နှင့် မြကြာဖြူကို မပြီးပြတ်သေးသည့် စကားများအား ပြောနေပေ၏။





"အဘဘုန်းပြောတာ သေချာနားထောင်ကွယ်၊ သမီးမြကြာဖြူဟာ သာမာန်လူသားတစ်ယောက် မဟုတ်ဘူးလို့ပဲ မှတ်ထားကွယ်၊ သမီးဟာ မကြာခင်အချိန်မှာ အပြောင်းအလဲတစ်ခုရှိတယ်၊ အဲဒါဘာလဲလို့ ပြန်မမေးနဲ့၊ အဘဘုန်းဟာ လူသားတစ်ယောက်မဟုတ်တဲ့အတွက် ပြောလို့မရဘူး၊ တစ်ခုတော့ ပြောလိုက်မယ် ကျော်ကြားသူတစ်ယောက်ဖြစ်မယ်၊ ဒီစကားကို ဘာလို့ပြောရတာလဲဆိုတော့ သမီးရဲ့အမေနဲ့ပတ်သက်နေလို့ပဲ၊ အဲဒီအတွက်ကြောင့် ကြိုတင်သတိပေးထားတာ"

"ဒီကနေ့ပြန်သွားရင် သမီးတို့ရဲ့ အဖေကို ပြော၊ ညနေနေဝင်မှောင်စပျိုးတဲ့အချိန်မှာ သူ့ကိုမြေချခဲ့တဲ့နေရာမှာ ထမင်းချက်ပြီးသွားကျွေးလိုက်ပါ၊ သူလာစားလိမ့်မယ်၊ မစားခင်မှာ ဆီမီးတိုင်ထွန်းပြီး အမျှဝေလိုက်ပါ၊ အဲဒီကို သမီးတော် မလိုက်သွားနဲ့နော်၊ မလိုက်သွားပါနဲ့လို့ပဲ အဘဘုန်းပြောလိုက်မယ်ကွယ်၊ အဘဘုန်းပြောတာ သဘောပေါက်လား"

"ပေါက်ပါတယ် အဘဘုန်း"

"အဲဒါဆို သမီးတော်တို့ ပြန်တော့၊ ဘုရားတရားကိုတော့ မမေ့ကြနဲ့၊ ဘုရားတရားကလွဲပြီး ဘယ်အရာမှ ကယ်တင်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးကွယ်တို့''

မြကြာဖြူတို့ ညီအစ်မသည် ဆရာတော်အား ဝတ်ပြုပြီး ရွာသို့ ပြန်လာခဲ့ကြပေ၏။ ဆရာတော်ပြောသည့်စကားသည် မြကြာဖြူအတွက် လွန်စွာ တွေးရခက်နေပေတော့သည်။

မြကြာဖြူတို့သည် ဝက်မင်းတောင်ကျောင်းမှ ပြန်လာရာ ညီအစ်မနှစ်ယောက် စကားသာပြောလာပေမယ့် စိတ်ထဲ၌ တစ်မျိုး ဖြစ်နေပေ၏။

''အစ်မကြာဖြူ အဘဘုန်းပြောတာကို နင်ဘယ်လို သဘောထားလဲ''

''အစ်မလည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ အမေသေမယ့် အစား ငါသေသွားရင်ကောင်းမှာပဲဟာ''

''အို… အစ်မကြာဖြူကလည်း မဟုတ်တာပဲ၊ ညီမလေးရဲ့ဆန္ဒက အစ်မလည်း မသေစေချင်ဘူး၊ ညီမလေးတို့မိသားစု ပျော်ပျော်ရွှင်ရွှင်နေချင်တယ်၊ အခု အမေသေသွားတာ ညီမလေးရဲ့ရင်ထဲမှာ တစ်မျိုးကြီးပဲဖြစ်နေတယ်၊ အနားမှာ အစ်မကြာဖြူရှိနေလို့ တစ်ယောက်တည်းသာဆိုရင် ရူးသွားမလားထင်ရမယ်''

မြကြာဖြူသည် ညီမဖြစ်သူ လှဝတီအားကြည့်လိုက်သည်။ ထိုစကားကြားရချိန်တွင် ရင်ထဲမှာ ကြေကွဲမှုလှိုင်းလုံးများ အစုလိုက်





လိုက်တက်လာသည်။ လှဝတီ၏ မျက်ဝန်းအိမ်၌ မျက်ရည်စများ လွှမ်းမိုးနေပေသည်။

တကယ့်တော့ မြကြာဖြူတို့ညီအစ်မသည် အသက်လောက် ချစ်ကြသလို မိခင်ရှိနေတုန်းကာလ၌ လွန်စွာပျော်စရာကောင်းနေ သည်။ မိခင်သည် ညီမအချင်းချင်း စကားမများရန် ချစ်ချစ်ခင်ခင် နေကြရန် အမြဲဆုံးမလေ့ရှိ၏။ ၎င်းတို့မိသားစုသည် စံပြမိသားစုဟု တစ်ရွာလုံးက ပြောကြသည်။

''အစ်မကြာဖြူက အဲဒီထက်ဆိုးတာပေါ့ ညီမလေးရယ်၊ အခုရက်ပိုင်းမှာ အစ်မကြာဖြူ ကောင်းကောင်းအိပ်မရဘူး ညီမလေး ရယ်၊ အစ်မကြာဖြူကို သူတို့နဲ့လိုက်ခဲ့ရမယ်လို့ လာခေါ်နေတယ်''

''လာခေါ်တယ် ဟုတ်လား အစ်မကြာဖြူ''

''ဟုတ်တယ် ညီမလေး လာခေါ်တာက သုံးယောက်ပဲ၊ အစ်မကြာဖြူထက်ကြီးတယ်၊ ဆံပင်တွေက အရှည်ကြီးပဲ၊ အရမ်းချော တယ်၊ အစ်မကြာဖြူဟာ သူတို့ညီမအငယ်ဆုံးတဲ့၊ ညီမအရင်း ခြောက်ယောက်ရှိတယ်တဲ့၊ အခုလိုသောကတွေနဲ့ ရင်ဆိုင်နေရရင် လူ့လောကမှာ မထားဘူးတဲ့၊ ပြန်လာရမယ်လို့ပြောတယ်၊ နောက်ပြီး အစ်မကြာဖြူနေခဲ့တဲ့ စံအိမ်ကြီးကိုလည်း ခေါ်သွားသေးတယ်''

''နေရာက ကြီးကျယ်ခန့်ညားတဲ့ စံအိမ်ကြီးပဲ၊ အစောင့်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း မနည်းဘူး။ အစ်မကြာဖြူ ပြန်လာတာကို မျှော်ရှင့်စွာ ကြိုဆို ကြတယ်။ နောက်ပြီးတော့ ကြီးမားတဲ့ ခန်းမတစ်ခုထဲကို ခေါ်သွား တယ်၊ အဲဒီမှာ ဝတ်စုံအဖြူကြီးနဲ့ အဘိုးအိုတစ်ယောက် တွေ့တယ်၊ သူက အစ်မကြာဖြူတို့ရဲ့အဘိုးတဲ့ ညီမလေးရယ်”

လှဝတီသည် မြကြာဖြူကို တစ်ချက်ကြည့်လိုက်သည်။ မြကြာဖြူ၏စကားသည် လှဝတီ၏ စိတ်ထဲသို့ ကြေကွဲသလို ကြည်နူး သလို ဖြစ်နေပေမယ့် မြကြာဖြူ၏စိတ်ထဲ၌ ကြေကွဲနေပေ၏။

“အဘိုးကြီးက အစ်မကြာဖြူကို ဘာပြောလဲ”

“သူဟာ အသက်ကြီးပြီး လက်ရှိအုပ်ချုပ်နေတဲ့ မြို့တော် ကို အစ်မကြာဖြူ ဆက်လက်အုပ်ချုပ်ရမယ်၊ အဲဒီအတွက် အစ်မတော် တွေကို အခေါ်လွှတ်လိုက်တာလို့ ပြောတယ်၊ အဲဒီလို မအုပ်ချုပ်ဘူး ဆိုရင် အိမ်ရှေ့စံသူခုံကောင်းနဲ့ လက်ထပ်ယူရမယ်၊ အဲဒီသူခုံကောင်းက မြို့တော်ကို ဆက်လက်အုပ်ချုပ်မယ်ပြောတယ်၊ အဲဒါနဲ့ အစ်မကြာဖြူက လက်ထပ်မယူဘူးလို့ပြောနေတာပေါ့”

“အစ်မကြာဖြူရဲ့ အိမ်မက်က စိတ်ဝင်စားစရာပဲနော်၊ ဒါနဲ့ အစ်မကြာဖြူက လှခင်စားရုံလား”

“အနီရောင်ဝတ်စုံနဲ့ အစ်မကြီးဆုံးကပြောတယ်၊ လူလောက ကို အလည်သွားနိုင်တယ်ဆိုလို့ လွှတ်လိုက်တာတဲ့၊ အသက် ၂၀





ပြည့်ရင် ပြန်လာရမယ်တဲ့၊ အစ်မကြာဖြူနဲ့အတူ လူလောကမှာ နှစ်ယောက်တဲ့၊ အဲဒီတစ်ယောက်က အစ်မကြာဖြူကို ထိန်းဖို့ထည့် ပေးလိုက်တာတဲ့၊ တကယ်ဟုတ်လား မဟုတ်ဘူးလားဆိုတာ အစ်မ ကြာဖြူ မသိပါဘူး ညီမလေးရယ်”

“မဟုတ်ပါစေနဲ့လို့ ညီမလေး ဆုတောင်းပါတယ် အစ်မ ကြာဖြူရယ်”

၎င်းတို့ညီအစ်မနှစ်ယောက်သည် စကားပြောရင်းနှင့် ရွာ အတွင်းသို့ ရောက်ရှိခဲ့ကြ၏။ ၎င်းတို့သည် ဆရာတော်မှာလိုက်သည့် အကြောင်း ဖခင်အားပြောပြရန်ရှိနေသေးသည်။ ထိုအတွက်ကြောင့် နေထိုင်ရာအိမ်သို့ အရောက်ကြီး ဝင်ရောက်ခဲ့ကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

### အမိအတွက် အလှူဒါန

အိမ်၌ ကိုစံသိန်းနှင့်အတူ ရွာလူကြီးများနှင့် ကိုစံသိန်း၏ မိဘနှစ်ပါးရောက်ရှိနေကြပေ၏။ ကိုစံသိန်း၏ အမေ မြကြာဖြူတို့ အသွား ဒေါ်ညွန့်သီသည် အပြုံးနှင့်ဆီးကြိုနေကြပေ၏။ မြကြာဖြူတို့ ညီအစ်မ အိမ်ရှေ့ခြံဝင်းအတွင်းသို့ ဝင်လိုက်ကြသည်။

"အသွားမြေးလေးတွေတောင် ပြန်လာကြပြီပဲ၊ ဆရာတော်နဲ့တွေ့ခဲ့ရလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ တွေ့နိုင်ပါတယ် အဘွားညွှန့်"

ထိုသို့ပြောပြီးနောက် မြကြာဖြူသည် ငှင်းတို့ဘေး၌ ထိုင် လိုက်သည်။ အားလုံးသည် မြကြာဖြူကို ကြည့်နေကြသည်။ အားလုံး သည် မြကြာဖြူကို ချစ်ကြသလို လေးစားမှုများလည်း ရှိသည်။ မြကြာဖြူသည် ယဉ်ကျေးလိမ္မာသလို တစ်ရွာလုံးမှာ အချောဆုံး အလှဆုံးဖြစ်သည်။

"ဆရာတော်က ဘာများမှာလိုက်သေးလဲ [illegible]"

"မှာလိုက်ပါတယ် အဘွားညွှန့်"

"အမေ…"

"ဟာ… သမီး ဘာပြောချင်လဲပြောလေ"

မြကြာဖြူသည် ခေါင်းအား တစ်ချက်ကြည့်လိုက်သည်။

"အဘဘုန်းက ပြောလိုက်တယ်၊ အမေက မကျွတ်သေးတဲ့ နေရာလည်းမရှိ ဒုက္ခအတော်ရောက်နေတယ်တဲ့"

"ဟုတ်လား သမီး"

မြကြာဖြူ၏စကားသည် အားလုံးအတွက် အံ့သြစရာဖြစ် နေပေ၏။ အားလုံးသည် မြကြာဖြူအား ကြည့်လိုက်ကြပေ၏။

"ဟုတ်တယ် အမေ၊ ဒီနေ့ညနေမှာ အမေမြေချခဲ့တဲ့နေရာ





မှာ နေဝင်ရိုးရိုးနေရောင်မပြောက်တပြောက်မှာ ထမင်းနဲ့ဟင်း သွား ကျွေးလိုက်ပါတဲ့၊ အဲဒီလို မကျွေးခင်မှာ မြတ်စွာဘုရားအမှူးပြုပြီး အားလုံးကို ခမ္မာဝို့ အမျှဝေသာနေပေါ်ပြီး ကျွေးလိုက်ပါလို့ မှာလိုက် တယ်၊ မမေ့ပါနဲ့လို့လည်း မှာလိုက်သေးတယ်"

"အဲဒါဆို သမီးတို့ ညီအစ်မတွေကြလေ လိုအင်တာ အဘ ဝယ်ပေးမယ်၊ ဒီညနေပဲ သွားမယ်လေ"

"အဘွားညွှန့်လည်း မြေခဲတို့နဲ့အတူတူ ကူညီပါမယ်"

ထိုသို့ပြောပြီးနောက် မြကြာဖြူတို့ညီအစ်မနှင့်အတူ အဘွား ဒေါ်ညွှန့်သီတို့သည် ချက်ပြုတ်ရန်အတွက် မီးဖိုခန်းအတွင်းသို့ ဝင် လိုက်ကြပေတော့သည်။

ဦးဖိုးသိန်းနှင့်အတူ ရွာလူကြီးများထိုင်လျက် ကျန်ရစ်ကြ သလို ထိုညက ဖြစ်ရပ်များကို ပြောနေကြသည်။ ထိုအတွက် မုဆိုး ကျော်ကြီး ဦးတောက်ထွန်းသည် လွန်စွာအံ့သြနေသည်။

"အဲဒီလောက်တောင်ပဲလား ကိုတောက်ထွန်းရာ"

"ဟုတ်ရန်ကောလားဗျာ၊ ကျုပ်ဘဝမှာ ဒီလိုမျိုးဖြစ်[illegible] တို့ ဒီတစ်ခါပဲ ကြုံဖူးတာလားဗျာ၊ ကျားကြီးက စားရန် အနားသို့ တိုးကပ်နေချိန်မှာ မခင်မှုက ကျုပ်တို့ရှိနေတဲ့ မြည်းမယင်ကြီး[illegible]ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ညှိုးထိုးလိုက်တာပဲဗျာ၊ အဲဒီမှာ ကျုပ်ဖြင့် ဘာလုပ်ရမှန်း မသိတော့ပါလားပဲဗျာ၊ လွန်စွာလည်း အံ့ဩရတာလားဗျာ၊ အဲဒီအချိန်မှာ ကျားကြီးဟာ မစားတော့ဘဲ အနောက်ကိုဆုတ်ပြီး ထွက်ပြေးသွားတာပဲဗျာ၊ ကျုပ်လည်း သေနတ်နဲ့ လှမ်းပစ်သေးတာပဲဗျာ၊ ဒါပေမဲ့ နောက်ကျသွားပြီပေါ့ဗျာ"

"ဟော... ဟုတ်ပေလားကွယ်"

"အဲဒါ ဘာဖြစ်တာလဲ ကိုတောက်ထွန်း"

ဦးတောက်ထွန်းသည် ဆေးတံကြီးအား တစ်ချက်၊ နှစ်ချက် ဖွာရှိုက်နေပေသည်။ ခေါင်းသည် တစ်ချက်၊ နှစ်ချက် ညိတ်နေသည်။ အားလုံးသည် ဦးတောက်ထွန်း၏ အဖြေစကားအား နားထောင်နေကြပေသည်။

တကယ်တော့ ဦးတောက်ထွန်းသည် မုဆိုးလုပ်ခဲ့ရသည်မှာ နှစ်အတန်ကြာနေခဲ့၏။ မုဆိုးဘဝနှင့် တောအကြောင်းကို သိနေသူဖြစ်၏။

မုဆိုးဘဝ စတင်ရာ၌ ဒူးလေးကိုသာ အသုံးပြုခဲ့ပေ၏။ မြန်မာနိုင်ငံကို အင်္ဂလိပ်များ ဝင်ရောက်စက အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်သည် သားကောင်ပစ်သည်မှာ လွန်စွာတော်သည်ဟုဆို၍





နှစ်လုံးပြူးသေနတ်တစ်လက် လက်ဆောင်အဖြစ် ပေးခဲ့ပေ၏။

ဦးတောက်ထွန်းသည် ၄င်းသေနတ်နှင့် နာမည်ကြီး မုဆိုးတစ်ယောက်ဖြစ်လာသည်။

၄င်းအတွက် ယခု သေဆုံးသူ မခင်မူ၏ ဖြစ်ရပ်အား ထူးဆန်းစွာ ပြောနေခြင်းသာဖြစ်၏။

"ကျုပ်တို့မုဆိုးစကားနဲ့ပြောရရင်တော့ တောမိတာပေါ့ဗျာ၊ ရှင်းအောင်ပြောရရင်တော့ မကောင်းဆိုးဝါးတွေ စီးလိုက်တာပေါ့ဗျာ၊ ဒါကြောင့် ကျုပ်တို့မုဆိုးတွေဟာ သားကောင်လိုက်တဲ့အခါမှာ စကားပြောအနေအထိုင် အမြဲသတိထားရတယ်၊ အဲဒီလိုမှ သတိထား မဆင်ခြင်ရင်တော့ မုဆိုးဟာ သားကောင်ဖြစ်သွားတာပေါ့လားဗျာ၊ ခင်ဗျားတို့ မုဆိုးစကားပုံကို ကြားဖူးမှာပေါ့၊ မုဆိုးလည်း သားကောင်၊ သားကောင်လည်း မုဆိုးဆိုတာကိုလေဗျာ"

"အဲဒါ ဘာကြောင့်လဲ ကိုတောက်ထွန်း"

"တချို့မုဆိုးတွေဟာ သားကောင်လိုက်ရင် တောကို ဂရုစိုက်ကြဘူး၊ မုဆိုးဆိုတဲ့အမည်ကိုခံပြီး ထင်ရာလုပ်ချင်ကြတယ်၊ တောထဲမှာက မမြင်တာတွေရှိသလို မြင်တာတွေလည်း လွန်စွာပေါ တာလားဗျာ၊ မုဆိုးဟာ သားကောင်ရဲ့အနောက်ကိုလိုက်သလို၊



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ဟာလည်း မုဆိုးရဲ့အနောက်ကို လိုက်နေတာပဲ၊ ဒါကြောင့် ကျားဖမ်းတဲ့မုဆိုးကြီး ဦးသာဟူးနဲ့ တောဝက်ဖမ်းတဲ့ မုဆိုးကြီး ဦး သုန်းအေးတို့ကပြောတယ်၊ မုဆိုးဟာ သားကောင်မဟုတ်ဘူး၊ အဲဒီ အတွက် မုဆိုးတွေ သားကောင်အဖြစ် မခံကြနဲ့လို့ ပြောလေ့ရှိတာပေါ့ လားဗျာ''

ဦးတောက်ထွန်း၏စကားကို အားလုံး စိတ်ဝင်စားစွာ နား ထောင်နေကြပေ၏။ ဦးတောက်ထွန်းသည် ဆေးတံအား တစ်ချက် ဖွာရှိုက်လိုက်သည်။ ပြာလဲ့လဲ့ မီးခိုးများသည် အပေါ်သို့ လွတ်လပ် စွာ လွင့်တတ်ကုန်ကြသည်။

''အဲဒီညက ကံကောင်းလို့ ကျုပ်တို့သားကောင်မဖြစ်တာ ဒါကို ကျုပ်က ကြိုတင်သိနေတဲ့အတွက် မြင်ကွင်းထဲ ဝင်လာသူကို အလွတ်မပေးဘဲ ဦးအောင်ပစ်လိုက်တာပဲ''

''ခင်ဗျားပြောတာ ကျုပ်တို့ သဘောပေါက်ပါပြီဗျာ၊ ထို တောက်ထွန်းတို့ မုဆိုးဘဝက တယ်ကိုမလွယ်ပါလားဗျာ''

''သူများအသက်ကို လိုချင်ရင် ကိုယ့်အသက် တစ်ဝက် ပေးရတယ်ဆိုတာ ကျုပ်တို့ မုဆိုးတွေကိုပြောတဲ့စကားလားဗျာ စကားလည်းပြောကောင်းတယ်ဗျာ၊ လုပ်စရာလေးတွေရှိလို့ ပြန်လိုက် ဦးမယ်၊ ဒါနဲ့ ညနေကြရင် လိုက်ခဲ့ဖို့လိုသေးလား မောင်စံသိန်း''



''လိုက်ခဲ့တော့ ပိုကောင်းတာပေါ့ ဦးလေးတောက်ထွန်းရာ''

ကိုစံသိန်း၏စကားကို အားလုံးထောက်ခံကြပေ၏။ တကယ်တော့ ဦးတောက်ထွန်းသည် ကျားရဲတိရစ္ဆာန်တွေကို ဖမ်းဆီးသတ်ဖြတ်နေ၍ ရက်စက်ကြမ်းတမ်းမည်မထင်နှင့်၊ တကယ်တို့ နူးညံ့အေးဆေးသည်။ တစ်ဖက်သားအား ကူညီအားပေးတတ်သည်။

ဦးတောက်ထွန်းသည် အားလုံးကို နှုတ်ဆက်၍ ပြန်သွားသည်။ ရွာ၏လူကြီးများသည် ကိုစံသိန်းအား အားပေးစကားပြောနေ၏။ ကိုစံသိန်းသည် မခင်မူအား အသက်လောက်ချစ်သည်။ သားသမီးတွေ ကြီးလာချိန်ထိ ၎င်းတို့၏အချစ်သည် ပျက်ပြယ်ခြင်းမရှိ၊ ပို၍ပင်တိုးလာပေ၏။

* * *

www.burmeseclassic.com



## အခန်း (၈)

စသသသတုစရူတုရှာ

အချိန်သည် အမှောင်ဘက်သို့ စောင်းရန် ကြိုးစားနေ၏။ ကိုစံသိန်းတို့သည် မခင်မှုအား ထမင်းကျွေးသွားရန် ပြင်ဆင်နေကြပေ၏။

ထိုအတွက် မြကြာဖြူပါ လိုက်ရန်ပြင်ဆင်နေပေ၏။

"အစ်မကြာဖြူ မလိုက်သွားနဲ့လေ"

"လိုက်သွားပါရစေ ညီမလေးရယ်၊ အစ်မကို နောက်ဆုံးအနေနဲ့ ကြည့်ပါရစေ"



www.burmeseclassic.com

"အဘဘုန်းက လိုက်မသွားရဘူးလို့ မှာလိုက်တယ်လေ"

"အစ်မကြာဖြူ ကြောက်ပြီး တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါကွယ်၊ ညီမလေးပါ အစ်မကြာဖြူနဲ့လိုက်ခဲ့ပေါ့၊ အမေ့ကို ကြည့်ရတာပေါ့"

ကြာဖြူသည် မိခင်အား လွမ်းစွာကြည့်ချင်နေ၏။ ၎င်းအတွက် လှဝတီကအား ဒေါက်ခံခြင်းမရှိအောင်ဖြစ်နေသည့် အတွက် အနောက်မှလိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။ ၎င်းအတွက် လှဝတီသည် ချစ်ခင်သည့်အစ်မ ကြာဖြူအနောက်မှ လိုက်ရန်ဆုံးဖြတ်လိုက်သည်။

ထိုအချိန်တွင် ဖခင်နှင့်ရွာလူကြီးတချို့သည် မခင်မှုအား ထမင်းကျွေးပြီး ဆုတောင်းရန်ထွက်သွားကြသည်။ အချိန်သည် အမှောင်ထုအား စောင်နေသလို မိုးသားများသည် ကောင်းကင်ယံ၌ ပြန့်ကျဲလျက်ရှိနေပေ၏။ ကြာဖြူတို့ညီအစ်မသည် ခပ်သွက်သွက်လေး ထွက်ခဲ့ကြတော့၏။

"အစ်မကြာဖြူကို အဘဘုန်းက မလိုက်သွားရဘူးလို့ မှာလိုက်တယ်လေ"

"ဟုတ်တယ် ညီမလေးဝတီ၊ အဘဘုန်းရဲ့စကားကို လွန်ဆန်တာတော့ မဟုတ်ပါဘူး၊ အမေက ထမင်းလာစားမယ်ဆိုတော့





ဘယ်လိုပုံစံနဲ့လာမှာလဲဆိုတာ သိချင်လို့ပါ ညီမလေးရယ်"

"အမေ ကြာဖြူပြောတာ မှန်ပါတယ်၊ ညီမလေးလည်း အဲ့ဒါကိုကြည့်ချင်တယ်"

"လာ... မြန်မြန်လာ ညီမလေး နောက်ကျလို့ မတွေ့ရဘဲ နေသွားဦးမယ်"

ထိုသို့ပြောပြီးနောက် ညီမနှစ်ယောက် ရွာနောက်ဘက် တောစပ်သို့ ခပ်သွက်သွက်လေး ထွက်လာခဲ့ကြသည်။ အချိန်သည် နွားရိုင်းသွင်းချိန်ဖြစ်နေသည့်အတွက် နေညိုမှာ လေချိုလေးများ သန်းနေ၏။

(နွားရိုင်းသွင်းချိန်သည် နေဝင်ပြီး မှောင်စပျိုးချိန်ကို ခေါ်ခြင်းဖြစ်ပေ၏)

ကြာဖြူတို့ ညီအစ်မသည် မိခင်မြှုပ်ထားသည့်နေရာသို့ ဦးတည်နေသည်။ နွားရိုင်းများသွင်းချိန်ဖြစ်နေသည့်အတွက် မှောင်သည့် နာနာဘာဝများ မြူးတူးပျော်ပါးထွက်နေကြ၏။ ထိုအချိန်တွင် မိန်းကလေးများ ဆံပင်ဖားလျားချခြင်း၊ ထဘီရင်လျားခြင်း၊ နို့စို့လသားကလေးငယ်အားချီပိုးပြီး တခြားအိမ်သို့ ကူးသန်းသွားလာခြင်း၊ ထမင်းဟင်းများ ထိုအိမ်မှတခြားအိမ်သို့ ပူဆောင်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



များ မလုပ်ကြပေ။

ထိုသို့လုပ်မိပါက တစ်ခုခုဖြစ်တတ်သည်။ ၄င်းဓေသန္ဒ လူကြီးများသည် ထိုကဲ့သို့ မလုပ်ကြရန် တားမြစ်ထားသည်။ ယခု မြကြာဖြူတို့ ညီအစ်မအား မလိုက်ရန် ဖခင်နှင့်လူကြီးများမှ တားမြစ်၍ ထားခဲ့ပေ၏။ မြကြာဖြူသည် မိခင်အား တွေ့ချင်သည့်စိတ်များ လွှမ်းမိုး၍ လိုက်ခဲ့ပေသည်။

၄င်းတို့သည် မိခင်မြေချရာသို့ ရောက်ရှိသွားကြသည်။ ဖခင်နှင့်လူကြီးများသည် အမှုဝေပြီး ငှက်ပျောဖက်နှင့် ထမင်းကျွေးထား၏။ လာရောက်စားသူအား စောင့်နေကြသည်။ အချိန်သည် လူလုံး မကွဲတကွဲအချိန်သို့ ရောက်ရှိနေပေ၏။ ဦးစံသိန်းသည် မြကြာဖြူတို့ ညီအစ်မအား အနောက်နား၌ နေရာယူကြရန် ပြောလိုက်ပေ၏။ အားလုံးသည် ရောက်ရှိလာမည့်သူအား စောင့်ဆိုင်းနေကြပေ၏။ မခင်မူ မြေချသည့်နေရာနှင့် ဝေးသည် လွန်စွာ နီးကပ်လျက်ရှိပေသည်။

ထိုအချိန်၌ လေများသည် ခပ်ပါးပါးတိုက်ခတ်လာသည်။ သစ်ပင်များသည် ယိမ်းထိုးလျက်ရှိသလို သစ်ရွက်များ လှုပ်ခတ်သံသည် ဝန်းကျင်သို့ လွှမ်းမိုးနေသည်။





လွန်စွာ အံ့ဩစရာကောင်းသည့် မြင်ကွင်းတစ်ခုဖြစ်သည်။

ကြောက်စရာကောင်းသည့် ခွေးမည်းကြီးတစ်ကောင်ကို မြင်ကွင်း၌ အထင်းသားမြင်တွေ့ရသည်။ ခွေးမည်းကြီးသည် ကျွေးထားသည့် ထမင်းများရှိရာသို့ ဦးတည်လာနေပေ၏။

ခွေးမည်းကြီးသည် အားလုံးအား တစ်ချက်ကြည့်လိုက်ပြီး ထမင်းများအား စားနေ၏။

''မခင်မူ ကျုပ်တို့သားအဖသုံးယောက် ခင်ဗျားအတွက် ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးပါတယ်၊ ခင်ဗျား သာဓုခေါ်ပြီး ကောင်းရာဘုံဘဝ၊ တုံ့ဌာနသို့ ရောက်ပါစေလို့ ကျုပ်တို့မိသားစု ဆုတောင်းပါတယ်၊ ကျုပ်သားအဖသုံးယောက်အပေါ် ဘယ်လိုမှ သံယောဇဉ်တွေ တွယ်မနေပါနဲ့တော့၊ ခင်ဗျားနဲ့ကျုပ်တို့ဟာ ဘဝတွေ ခြားသွားပါပြီဗျာ''

ကိုစံသိန်းသည် ထိုသို့သာပြောနေပေမယ့် မျက်ရည်များပင် တားဆီးမရအောင်ကျနေသည်။ ထို့အတူ မြကြာဖြူတို့ညီအစ်မနှစ်ယောက်သည်လည်း မျက်ရည်များအား ထိန်းချုပ်ထားမရအောင် ဖြစ်နေ၏။

အနန္တဂုဏ်ဝင် ကျေးဇူးရှင်မိခင်သည် ဘဝတစ်ခုသို့ ပြောင်းရွှေ့သွားသည့်အတွက် ကျန်ရစ်ခဲ့သည့် မြကြာဖြူတို့ညီအစ်မနှင့် ဖခင်



www.burmeseclassic.com

www.burmeseclassic.com



သည် လွှန်ဖွာကြေကွဲလျက်ရှိနေပေ၏။

| |
|---|
| ဘဝ၌ အစားထိုးမရသည့် |
| ဆုံးရှုံးမှုနှစ်ခုရှိသည် |
| ထိုအရာသည် |
| မိဘနှင့်အချိန်ဖြစ်သည်။ |

မြကြာဖြူတို့ညီအစ်မနှစ်ယောက်သည် မြင်ကွင်းထဲမှာ အရာဝတ္ထုအား ကြည့်၍ကြေကွဲနေချိန်၌ အမှောင်ထုများသည် ပို၍ပင်ဖြည်းလာပေ၏။

ထိုမှတစ်ဖန် ပို၍ အံ့သြစရာတစ်ခုအား မြကြာဖြူ မြင်တွေ့လိုက်ရပြန်သည်။ တောစပ်မှ အနီရောင်ဝတ်စုံနှင့် မိန်းမတစ်ယောက်ရပ်နေ၏။ ၄င်းသည် မြကြာဖြူအား ခေါ်နေသည်။ ခေါ်နေသူသည် တခြားသူမဟုတ် ကွယ်လွန်သွားသည့် မိခင်ကြီး မခင်မူဖြစ်သည်။

မြကြာဖြူသည် တစ်ယောက်တည်း ထ,၍ထွက်သွားသည်။ အားလုံးသည် ထိုအရာအား ဂရုစိုက်နေသည့်အတွက် မြကြာဖြူအား သတိမထားမိကြအောင်ဖြစ်နေသည်။ ၄င်းမှာ တခြားသူမဟုတ် မြကြာဖြူ၏ မိခင်ဖြစ်သည်။ မြကြာဖြူသည် မိခင်ခေါ်သည်အထင်နှင့် ဦးတည်နေခြင်းဖြစ်သည်။ မြကြာဖြူသည် ၄င်းနေရာသို့ အရောက်





တွင် ခေါ်သူသည် တောအတွင်းမှ ကြီးမားသည့် ဝက်သစ်ချပင်ကြီးအောက်သို့ ရောက်ရှိသွားသည်။

မြကြာဖြူသည် ထိုအပင်ကြီးထံ ဆက်လက်လိုက်နေရင်းနှင့် တောအတွင်းသို့ ရောက်ရှိသွားသည်။

အချိန်သည် ဝန်းကျင်သို့ အမှောင်ထုများ လွှမ်းမိုးနေသည့်အတွက် နေထိုင်ရာရွာသို့ ပြန်ရန်ပြောချိန်၌ အံ့သြသည့်အသံတစ်ခုစူးရှစွာ ထွက်ပေါ်လာသည်။

"အစ်မကြာဖြူ… အစ်မကြာဖြူ"

လှဝတီ၏အသံကြောင့် အားလုံး အထိတ်တလန့်ဖြစ်ကုန်ကြပေ၏။

လှဝတီသည် ဖခင်ထံ ဦးတည်နေသည်။

"အဖေ… အဖေ ကြာဖြူမရှိတော့ဘူး"

"ဟင်… လုပ်… လုပ်ကြပါဦးဗျား ကျုပ်သမီးလေးကိုဝိုင်းရှာပေးကြပါဦး၊ ဘယ်ကိုများရောက်သွားတယ် မသိဘူး"

"ဟာ… ဒီကလေးမနဲ့"

အားလုံး ရှုပ်ထွေးကုန်ကြသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။ အချိန်သည် မကောင်းဖြစ်နေသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ မျက်နှာများသည် သိသိသာသာပျက်နေကြသည်။

"ခုနကတော့ တောစပ်ထဲ ဝင်သွားတာ တွေ့လိုက်သလို ပဲဗျာ"

"ဟာ… ဟုတ်လား၊ လုပ်ကြပါဦးဗျာ၊ ဦးလေးတောကို ထွန်း ကျွပ်သမီးလေးကို ကယ်ပါဦးဗျာ၊ ဒုက္ခတော့ရောက်ပြီထင် တယ်"

"ဟော… မောင်စံသိန်း၊ မင်းတို့က ရွာထဲကိုသွား၊ အိမ် ပြန်ရောက်နေပြီလားလို့ ကျုပ်တို့က တောထဲမှာလိုက်ရှာမယ်"

"အဘ… အဘ အစ်မကြာဖြူကို တွေ့အောင်ရှာခဲ့ပေးပါ နော်"

"အေး… အေးပါ သမီးရယ်"

"အစ်မကြာဖြူ… အစ်မကြာဖြူ"

"အစ်မကြာဖြူ…"

လှဝတီ၏ခေါ်သံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွား ပေတော့သည်။

အားလုံးသည် လူစုခွဲ၍ မြကြာဖြူကို ရှာကြသည်။ ကိုစံလှ သည် လှဝတီအား လက်ဆွဲ၍ အိမ်သို့ပြန်လာခဲ့သည်။ ကိုစံလှသည်





သမီးကြီး မြကြာဖြူအတွက် ထပ်ဆင့်သောကများရပြန်သည်။ ရင်ထဲ မှာ အပူမီးများ လောင်ကျွမ်းနေသည်။

၎င်းတို့၏ခြေလှမ်းများသည် လွန်စွာသွက်လက်နေပေ၏။ စိတ်ထဲ၌ ဆုတောင်းနေသည် မြကြာဖြူအိမ်မှာ ရှိနေပါစေ၊ ဘုရားကယ် တော်မူပါ၊ အိမ်မှာရှိနေပါစေ၊ အကြိမ်ထောင်ပေါင်းများစွာ ဆုတောင်း နေမိသည်။

၎င်းတို့သည် ရွာသို့ ဦးတည်လာနေပေမယ့် လမ်းတွေ့သူ များအား မေးခွန်းများ ထုတ်နေသည်။ ၎င်းမှာ မြကြာဖြူအိမ်၌ ရှိ နေသလားဟု မေးခွန်းသာဖြစ်နေသည်။ ရွာသားများ၏ အဖြေသည် ကိုစံသိန်း၏အိမ်မှာ ကိုစံသိန်း၏ မိဘများနှင့် ရွာလူကြီးတချို့သာ ရှိနေကြောင်းပင်ဖြစ်သည်။ ထိုအတွက် ပို၍ပင် စိုးရိမ်ရသည်။

"အဘွားညွှန့်… အဘွားညွှန့်"

ထိုသို့ခေါ်ပြီးသည်နှင့် လှဝတီသည် ကိုစံသိန်း၏မိခင် ဒေါ်ညွှန့်သိထံ ရောက်ရှိသွားပေ၏။ ဒေါ်ညွှန့်သိသည် လှဝတီအား ကြည့်၍ အထိတ်တလန့်ဖြစ်သလို အားလုံးသည် အံ့သြနေသည့် အကြည့်နှင့်ကြည့်နေကြသည်။

"ဟဲ့… ဟဲ့ ဘာဖြစ်လာတာလဲ မြေးလေးရယ်"

"အဘွားညွှန့်ကို ပြောစမ်း ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ… အစ်မ…"

လဝတီသည် ရုတ်တရက် စကားများ ထွက်ပေါ်လာခြင်း[illegible] မရှိ။

တစ်လမ်းလုံး စိုးရိမ်စိတ်များလွှမ်းမိုးနေသည့်အတွက် မော[illegible] ပေ၏။ အားလုံးသည် လဝတီအား ကြည့်နေသည်။ လဝတီ၏မျက်[illegible] တစ်ခုလုံး မျက်ရည်များနှင့် ရွှဲစိုလျက်ရှိသည်။ ၎င်းသည် မျက်ရည်[illegible] များအား သုတ်လိမ်းလိုက်သည်။

"ဘာဖြစ်လာတာလဲ မြေးလေးရယ်၊ အဖွားညွန့်ကို ပြော[illegible] စမ်းပါ"

"အစ်မကြာဖြူ… အစ်မကြာဖြူ ဘယ်မှာလဲ"

"မြေးလေးနဲ့အတူသွားတာလေ ပြန်မလာသေးဘူးလေကွယ်[illegible] ဟဲ့… သား မောင်စံသိန်း မြေးလေးတို့လိုက်လာတာ မတွေ့ဘူးလား"

ကိုစံသိန်း၏မျက်နှာသည် လွန်စွာကြေကွဲလျက်ရှိနေ[illegible] မျှော်လင့်ချက်တွေ အပိုင်းပိုင်းပြတ်ထွက်ကုန်သည်။ တကယ်တော့[illegible] ၎င်းမေးခွန်းအားမေးရန်ရောက်ရှိလာခြင်းဖြစ်သည်။ ပြန်လည်၍မေး[illegible] ခြင်းကို ခံလိုက်ရသည့်အတွက် အခက်ကြုံနေသည်။

ကိုစံသိန်းသည် အရှုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။

"ကျုပ်တို့ဆီကို ရောက်လာတယ် အမေ၊ ကိုစွမပြီးသေ[illegible]





[illegible] အနောက်နားမှာထိုင်ခိုင်းလိုက်တယ်၊ ပြန်ကြမယ်လို့ပြောတော့ [illegible]တော့ဘူး အမေ၊ ကျုပ်တို့က အိမ်ရောက်ပြီထင်လို့ လိုက်လာခဲ့ [illegible] အခုတော့ ခက်ကုန်ပြီထင်တယ်ဗျာ"

"ဟဲ့… အဲဒီလိုပြောလို့ရမလား လိုက်ရှာကြပါဦး၊ ကို[illegible] မြေးလေးကို လိုက်ရှာပါဦးဟဲ့၊ ဟိုဘက်က မြင့်လွင်တို့တင့် [illegible]တို့ လာကြစမ်း၊ ချစ်မြိုင်တို့စိုးနိုင်တို့ပါ ခေါ်ခဲ့"

ဒေါ်ညွန့်သီ၏စကားကြောင့် အားလုံးရောက်ရှိလာကြသည်။ [illegible]နားချင်းမက တစ်ရွာလုံးရောက်ရှိလာကြသည်။ တစ်ယောက် [illegible]ယောက်စနှင့် အိမ်ရှေ့မှာ လူတွေ ဝိုင်းအုံလာကြသည်။ မီးတုတ် [illegible]ကြောင့် လင်းထိန်နေသည်။

"အဖွားညွန့် ဘာဖြစ်နေတာလဲ"

"ဒီမှာ မြေးကြီး မကြာဖြူပျောက်နေလို့ ဝိုင်းရှာပေးကြပါ ဦးဟယ်"

"ဟာ… ဟေ အဲဒါက အရေးကြီးတယ်၊ ဟေ… လူစု ခဲ့ပြီး ရှာကြမယ်၊ ကိုအုံးတော်တို့က တောင်ပေါ်က ကျောင်းဆရာ တော်ဆီသွားပြီး ဗေဒင်လေး၊ ဘာလေးမေးပါဦးလားတော်"

"အေးပါကွာ ကျုပ်လည်း အဲဒါကိုပါ စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အလိုတော်... အရေးထဲ စဉ်းစားနေရသေးတယ်တဲ့၊ ပြော
မပြောချင်တော့ဘူး"

ထို့နောက် ဦးအုန်းသည် ထိုင်ရာက ထွက်သွား၏။

တစ်ချိန်တည်းမှာ ရှာသားများသည် မြကြာဖြူကိုရှာရန်
ထွက်သွားကြပေ၏။

"အမေ... အမေ့မြေးလေးကို ကြည့်ထားဦးနော်၊ ကျုပ်ပါ
လိုက်ရှာလိုက်ဦးမယ်"

"စိတ်ချသား အမေ အနားမှာခေါ်ထားမယ်"

"မြေးလေး လာ... အဘွားညွန့်အနားကို"

လှဝတီသည် အဖွားဖြစ်သူ၏အနား၌ ကပ်လျက်ရှိနေပေ၏။
ဒေါ်ညွန့်သီသည် လှဝတီအား ချော့နေ၏။ တကယ်တော့ ဒေါ်ညွန့်သီ
သည် မြကြာဖြူအတွက် ကြေကွဲနေရသည်။ တစ်ချိန်တုန်းက ထို
မိသားစုသည် လွန်စွာပျော်စရာကောင်းခဲ့သော်လည်း ယခုအခါ
အသည်းကွဲမတတ်ခံစားနေရသည်။

ကံကြမ္မာ ဘယ်ဘဝက အငြိုးတွေကြောင့် ထိုမိသားစုကို
ရက်စက်နေရသလဲ။

အခုတော့ လှဝတီတစ်ယောက် ကြေကြေကွဲကွဲ ခံစားနေရ





သည်။ အမေ ကွယ်လွန်သွားသည်မှ မကြာသေး အစ်မဖြစ်သူသည်
ဘယ်ကိုရောက် လို့နေသည်ဆိုတာ မသိအောင်ဖြစ်နေသည်။

"အဘဘုန်းက မှာလိုက်တယ် အဲဒီကို လိုက်မသွားပါနဲ့
တဲ့၊ အဲဒါကို တားလို့မရဘူး အဘွားညွှန့်ရယ်၊ အခုကျတော့ ဘယ်ကို
ရောက်နေမှန်း မသိဘူး၊ သူတို့ ဘာမှမဖြစ်ဘဲ ကျွန်မသေသွားရင်
ကောင်းမှာပဲ အဖွားညွန့်ရယ်"

"အို... မြေးလေးကလဲကွယ် မဟုတ်တာ"

"တကယ်ပြောတာ ဘွားညွှန့်ရဲ့၊ နောက်ပြီး အစ်မကြာဖြူ
က ပြောသေးတယ်၊ သူ့ကို အိပ်မက်ထဲမှာ မိန်းမသုံးယောက်က
လာခေါ်နေတယ်တဲ့၊ သူနဲ့အတူ တစ်ယောက်ပါသေးတယ်တဲ့၊ သူက
လူဝင်စားတစ်ယောက်တဲ့။ အဲဒီလူတွေ့ရင် ကျိုက်သလွန်ဘုရားမှာ
ငွေသပိတ်တစ်လုံး၊ ကြံ့တွေကုန်းပေါ်က ကြုံတူစေတီမှာ မြသပိတ်
တစ်လုံး၊ ဥသာမြို့ ရွှေမော်ဓောစေတီမှာ ပတ္တမြားဘယက် သွားလှူရ
မယ် ပြောတယ် အဘွားညွန့်"

"နောက်ပြီး အဘိုးအိုသူတော်စင်ကြီးတစ်ပါးနဲ့လည်း တွေ့ရ
မယ်တဲ့၊ အစ်မကြာဖြူက အိမ်ထောင်မပြုရဘူးတဲ့၊ တကယ်လို့
ယူပြီးသွားခဲ့ရင် မငိုနဲ့တဲ့၊ ငိုနေရင်မောပြီး နေမကောင်းဘဲဖြစ်နေမယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ အဲဒီလိုပြောသွားတယ် အဘွားညွန့်ရယ်၊ အဲဒါကို ဘယ်လိုယုံရ မှာလဲ''

''အဲဒါတွေ တွေးမနေပါနဲ့တော့ မြေးလေးရယ်၊ သူတို့ပြန် လာရင် မြေးကြီးပါလာမှာပါကွယ်... တိတ်တော့နော်''

ဒေါ်ညွန့်သီသည် လှဝတီအားချော့နေသည်။ တကယ်တော့ လှဝတီတို့ ခံစားရသလို အဘွားဒေါ်ညွန့်သီလည်း ခံစားနေရသည်။

ထိုအချိန်၌ ရွာသားများသည် ပျောက်ဆုံးနေသည့် မြကြာ ဖြူအား လိုက်ရှာနေကြသည်။ ထို့ကြောင့် တောအတွင်း၌ ခေါ်သံများ ဆူညံနေသလို တောအတွင်းရှိ ဝါးလုံးများသည် မီးလောင်၍ ပေါက်ကွဲ သံများ ဝုန်းဒိုင်းကျဲဆူညံနေ ပေတော့သည်။

* * *





အခန်း (၉)

စိတ်ပြေဆေး

''လိုက်ရှာနေလည်း ဘာမှအကြောင်းထူးမလာတော့ဘူး ဆရာကြီး ကိုအုန်း''

''အဲဒါဆို သူ့အဖေတော့ ရူးတော့မှာပဲဘုရား...''

ဦးအုန်း၏အသံသည် လွန်စွာကြေကွဲနေသည်။ ဆရာတော် သည် ပွင့်ပွင့်လင်းလင်းသာ မိန့်ကြားနေသည်။ ထိုစကားကြောင့် ရွာလူကြီးများ လွန်စွာ အံ့သြနေ၏။ ဆရာတော်သည် မျက်လုံးဖွင့် ခြင်းမရှိ မိုတ်ထား၏။ လက်၌ စိပ်ပုတီးစိပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီနေ့က သေချာမှာလိုက်တယ် တကာကြီး၊ ဒီလိုဖြ
မယ်ဆိုတာ သိလို့မှာလိုက်တာ အခုတော့ဖြစ်သွားသေးတာကို
တကယ်တော့ တကာမကြီး မခင်မူက မကျွတ်ဘူး၊ ကျုပ်ကိုလာပြ
ပြောတယ်၊ သူမှာနေစရာလည်းမရှိဘူး၊ စားစရာလည်း မရှိဘူးတ
တဲ့၊ တကာကြီး ကိုအုန်း ဒီတော့ ကျုပ်က တကာကြီးရဲ့ မြေးလေ
တွေကို မှာလိုက်တာပေါ့လားဗျာ၊ သွားကျွေးလိုက်ပါ၊ မလိုက်သွ
နဲ့လို့ အကြိမ်ကြိမ်မှာလိုက်သေးတယ်”

“အဲဒါကို တပည့်တော်တို့ မသိရပါဘူး အရှင်ဘုရ
မြေး လေး မြကြာဖြူရှိနိုင်တဲ့ဘက်နဲ့ ပြန်တွေ့နိုင်ပါ့မလားဘုရား…”

“ကျုပ်ပြောထားပြီးပြီပဲ ဒကာကြီးကိုအုန်း၊ လိုက်မရှာ
ဆိုတာပဲ၊ မတွေ့တော့ဘူး၊ သူဟာ သာမန်လူတစ်ယောက်မှ မဟုတ်တ
ပဲ၊ သူ့ကို ဒီအိမ်ကထွက်ရန်လုပ်နေတာကြာပြီပဲ၊ ကျုပ်က အတန်တ
တားနေလို့ အခုလည်း သူ့အမေပုံယောင်ဖန်ပြပြီး ခေါ်လိုက်တာ
ဘယ်လိုမှ လိုက်မရှာနဲ့ မတွေ့နိုင်တော့ဘူး၊ သေသွားသလားဆိုတေ
မသေဘူး၊ လောလောဆယ်တော့ ဒုက္ခနဲ့ရင်ဆိုင်နေရတယ်၊ မကြာပါ
ယောဂီသူတော်စင်ကြီးတစ်ပါးကလည်း ကျွတ်ချင်နေပြီ၊ တကာမော
ရောက်ရှိမလာသေးတဲ့အတွက် မကျွတ်သေးဘူး၊ အဲဒီယောဂီသူတော်





င်ကြီးက ကယ်ထားလိုက်မယ်၊ အဲဒီမှတစ်ဆင့် ခရီးဆက်ရဦး မယ်၊
ကျုပ်ပြောချင်တာ တကာကြီးတို့ နားထောင်နေ ဘယ်လောက်
အမည်ကြီးလာမလဲဆိုတာပဲ”

“တကာကြီးတို့က သောကရောက်နေကြတာ သူ့မှာတော့
သောကမရောက်နိုင်ဘူး၊ အဲဒီတော့ ကျုပ်မှာလိုက်မယ်၊ သူ့ရဲ့လမ်း
ခရီး အေးချမ်းဖို့အတွက် သူ့အိပ်ရာဘေးမှာ စိန်ပန်းညွှန့် သုံးညွှန့်၊
သုံးညွှန့်၊ မြယာလုံးညွှန့် အဲဒါတွေကို ပူးပြီးထားလိုက်၊ တစ်ညထား
ပြီး နံနက်မိုးလင်းတာနဲ့ အိမ်ရဲ့ ရာဟုဒေါင့် ခြံစည်းရိုးမှာ ကြိုးနဲ့ချည်
ထားလိုက်၊ ကျုပ်ပြောတာကို သဘောပေါက်လား တကာကြီး
ကိုအုန်း”

“ပေါက်ပါတယ်ဘုရား…”

“အခုကျောင်းဝင်းထဲက ထွက်သွားရင် ကျောင်းရဲ့ ခြံဝက
ဦးမပင်မှာ တစ်ယောက်ကိုတစ်ခက်ချိုးပြီး ပြန်သွားကြ၊ ကျုပ်ပြော
တာကို မမေ့နဲ့ဦးနော်”

ထိုသို့ပြောပြီးနောက် ဦးအုန်းတို့လေးယောက်သည် ဆရာ
တော်အား ကန်တော့လိုက်ကြသည်။ ဆရာတော်သည် ဦးအုန်းတို့ကို
ကြည့်၍ ကျန်ရစ်ခဲ့ပေ၏။ ၎င်းတို့သည် ဆရာတော်အား ကျောခိုင်း



www.burmeseclassic.com

www.burmeseclassic.com



၍ ထွက်သွားပေတော့သည်။

ဝန်းကျင်သည် အမှောင်ဆုံးထက် အမှောင်ဆုံးသို့ ရောက်ရှိနေပေ၏။ ဦးအုန်းနှင့် ရွာလူကြီးများ ဝက်မင်းတောင်အားကျော်ခိုင်း၍ ရွာသို့ ပြန်ခဲ့ကြပေသည်။ အားလုံးသည် ကြေကွဲဆုံးနှင့် ကြေကွဲနေကြပေ၏။ အကြောင်းမှာမူ မြကြာဖြူသည် ပြန်လည်၍ တွေ့ရှိခြင်းမရှိသည့်အတွက်ကြောင့်ပင်ဖြစ်သည်။

ထို့နောက် ရွာသားများနှင့် မြကြာဖြူ၏ ဖခင် ကိုစံသိန်းတို့သည် တောတောင်အနှံ့ မီးတုတ်များနှင့် လိုက်ရှာနေပေသည်။ တစ်တောလုံး ခေါ်သံများ ဆူညံနေပေသည်။ တောအတွင်း၌ နေထိုင်ကျက်စားလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များသည် အလန့်တကြား ထွက်ပြေးကုန်ကြသည်။ ရွာသားများသည် မြကြာဖြူကိုလိုက်ရှာရင်း တောကောင်များအား ပစ်ခတ်ဖမ်းဆီးကြပေသည်။

တစ်ဖန် အိမ်၌ ကျန်ရစ်ခဲ့သည့် အဖွားခေါ်ညွှန့်သီနှင့် လှဝတီတို့သည် မြကြာဖြူ၏ သတင်းအား နားထောင်နေကြပေသည်။ တချို့သည် သားကောင်များအား ထမ်း၍ ရွာသို့ ဦးတည်ပြန်လာခဲ့ကြပေ၏။ တချို့သည် လိုက်၍သာ ရှာနေကြပေတော့၏။

* * *





အခန်း (၁၀)

## မြကြာဖြူသို့ ယကြာ

"အဘိုးပြန်လာပြီ"

လှဝတီ၏အသံပင်ဖြစ်သည်။ လှဝတီသည် မြကြာဖြူအတွက် လွမ်းစွာကြေကွဲလျက်ရှိနေသလို ဦးအုန်းထံမှ ပြောလာသည့်စကားအား စောင့်မျှော်နေပေ၏။ ယခု အဖိုးပြန်ရောက်ရှိလာသည့်အတွက် ဆရာတော်၏ မိန့်မှာစကားအား သိချင်နေပေ၏။

တကယ်တော့ ဆရာတော်သည် အကြားအမြင် လွန်စွာ မှန်ကန်လျက်ရှိနေပေ၏။ ရွာ၏အကြောင်းကိစ္စမှန်သမျှ အားလုံးသည်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏ ဆုံးဖြတ်ချက်များကိုသာ အတည်ပြုကြပေ၏။ ယခု ဆရာတော်၏ စကားအား စောင့်မျှော်နေကြသည်။

ငှင်းတို့နှင့်အတူ ရွာသားတချို့များလည်း ရောက်ရှိနေကြသည်။ ဦးအုန်းသည် အပေါ်သို့တက်ပြီး ခေါင်းရင်း၌ထိုင်လိုက်သည်။ ဦးအုန်းသည် အားလုံး၏ မျက်နှာအား တစ်ချက်ကြည့်လိုက်သည်။ အားလုံးထက် လှဝတီ၏မျက်နှာကို နှစ်ခါပြန်ကြည့်လိုက်သည်။

"အဘိုး အစ်မကြာဖြူ ပြန်လာမယ်တဲ့လား"

"အေး ပြန်လာမယ်လို့ပြောလိုက်ပါတယ် မြေးလေးရယ်"

ဦးအုန်းသည် လှဝတီ စိတ်မကောင်းဖြစ်မှာစိုးရိမ်သည့်အတွက် လိမ်ညာပြောလိုက်ရပေမယ့် စိတ်ထဲ၌ လွန်စွာကြေကွဲလျက်ရှိနေပေ၏။ မပြန်လာတော့ဘူးဟုသာ ပြောလိုက်လျှင် အသက်သေသွားနိုင်သည်။

လှဝတီသည် အဘိုးဖြစ်သူ၏စကားအား ကြားလိုက်ရသည့်အတွက် စိတ်ထဲ၌ ပျော်သလို၊ ကြေကွဲသလို ဖြစ်နေပေသည်။ လှဝတီသည် အဘိုးဦးအုန်းအား သေချာကြည့်လိုက်သည်။

"အဘိုး တကယ်ပြောတာနော်၊ အစ်မကြာဖြူ ပြန်လာမယ်ဆိုတာ"





"တကယ်ပြောတာပေါ့ မြေးလေးရယ်၊ မကြာခင် ပြန်လာမှာပါ၊ အခုဟာက မျက်စိလည်လမ်းမှားသွားတာပါကွယ်၊ မနိုးရိမ်ပါနဲ့လို့ မှာလိုက်ပါတယ်လားကွယ်"

"အစ်မကြာဖြူ အမြန်ပြန်လာပါစေ၊ အဘိုး အစ်မကြာဖြူ တကယ်ပြန်လာမှာနော်"

"တကယ်ပြောတာပါ မြေးလေးရယ်"

ထိုစကားကြောင့် လှဝတီ ကျေနပ်နေမိသည်။ ထိုအတူ လာရောက်သတင်းမေးသူများသည်လည်း စိတ်အေးချမ်းလျက်ရှိနေသည်။

"ဒါနဲ့ ကိုအုန်း ဘယ်လိုလုပ်ပြီး မြေးကြီးက လမ်းမှားသွားရတာလဲ"

"သူ့ရဲ့အမေက တောထဲကနေပြီး လှမ်းခေါ်တယ်တဲ့၊ အဲဒီကို သွားကြည့်ပြီး မျက်စိလည်သွားတာတဲ့၊ အဲဒါနဲ့ ပြန်လာဖို့ ခက်သွားတယ်လို့ ပြောတာပဲ"

ဦးအုန်းသည် ဆရာတော်ပြောသည့်စကားအား ချုံ၍ပြောလိုက်သည်။ ထိုစကားကြောင့် အားလုံး အံ့သြနေကြပေသည်။

www.burmeseclassic.com



တကယ်တော့ ထိုသို့မဟုတ်။

မြကြာဖြူအား မိခင်ဟန်ဆောင်ပြီး ဘဝဟောင်းမှအစ်မ
များက လာရောက်ခေါ်ဆောင်သွားခြင်းဖြစ်သည်။ တကယ်တော့
မြကြာဖြူသည် သိုက်ကလာသည့်သူတစ်ယောက်ဖြစ်သည်။ ညီမငါး
ယောက်အနက် အငယ်ဆုံးတစ်ယောက်ဖြစ်သည်။ လူလောကထဲ
သွားရောက်ချင်ပါသည်ဟု ပြောလာသည့်အတွက်ကြောင့် လွှတ်လိုက်
ရခြင်းသာဖြစ်သည်။ ယခု အသက် ၂၀ ပြည့်တော့မည်ဖြစ်သည့်
အတွက် လာရောက်ခေါ်ခြင်းဖြစ်သော်လည်း မြကြာဖြူ၏ ကုသိုလ်
ကောင်းမှုတွေကြောင့် ခေါ်၍မရအောင်ဖြစ်နေသလို၊ မြကြာဖြူသည်
လူသူတော်ကောင်း ပါရမီရှင်တစ်ယောက်ဖြစ်ကြောင်း။ ၎င်းအတွက်
မိသားစုနှင့်ခွဲရခြင်းဖြစ်သည်။

ထိုသို့ဖြစ်ရခြင်းသည် ကြေကွဲစရာမဟုတ်၊ ဤနည်းနှင့် မကွဲ
လည်း တစ်နည်းနည်းနှင့် ကွဲရမည်ဟု ဆရာတော်ကိုယ်တိုင် ပြောပြ
လိုက်သည်။ မြကြာဖြူအား အဆောင်တစ်ခုပေးလိုက်သည်။ ထို
အဆောင်သည် မည်သည့်အန္တရာယ်ကိုမဆို အနိုင်ရအောင်မြင်ကြောင်း
ပြောကြားလိုက်သည်။





"ဆရာတော်က ဘာများမိန့်ကြားလိုက်သေးလဲ"

"ဆရာတော်က မှာလိုက်တယ်၊ သူ့ရဲ့အိပ်ရာဘေးမှာ စိန်
နီသုံးညှန့်၊ စီးသုံးညှန့်၊ မြယာသုံးညှန့် အဲဒါတွေကိုစုစည်းပြီး
အိပ်ယာပေါ်မှာ တစ်ညထားလိုက်ပါတဲ့၊ လင်းတာနဲ့ ရာဟုဒေါင့်
ညီးရိုးခြံတိုင်မှာ ချည်ထား လိုက်ပါလို့ မှာလိုက်တယ်"

"ဒီညလုပ်ရမှာလားတော်..."

"အေးပေါ့ကွာ၊ ဒီညပေါ့"

"အဲဒါဆို သွားခူးခိုင်းလိုက်လေ၊ ဟဲ... လှသန်းနဲ့ ကြက်
သန်း လာစမ်းပါဦးကွယ်၊ နင်တို့တူမအတွက် စိန်ပန်း၊ စီးညှန့်၊ မြယာ
ညှန့် သွားခူးပေးစမ်းဟဲ့"

"ဟုတ်ကဲ့ အမေညှန့်"

၎င်းတို့သည် ခပ်သွက်သွက်လေးထွက်သွားကြပေတော့
သည်။ ကျန်ရှိသူများသည် လုပ်စရာများ ရှိတာတွေလုပ်နေကြသည်။
ထိုရက်တွင်း၌ ရွာရှိလူအများစု လွန်စွာ အလုပ်ရှုပ်နေကြသည်။

ပထမအကြိမ် မိခင်သေဆုံးမှု၊ ယခု သမီးပျောက်ဆုံးမှု ဖြစ်
ခြင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်တွင် ဦးစံသိန်းတို့မိသားစုအတွက် ကံဆိုးမိုးမှောင်ကျသည့်ဖြစ်ရပ်နှင့် ကြုံတွေ့နေရပေ၏။

* * *





**အခန်း (၁၁)**

## တြေတွဲပုံရိပ်

မြကြာဖြူ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ဦးစံသိန်းနှင့် လှဝတီတို့ သားအမ လွန်စွာ ကြေကွဲနေရသည်။ လှဝတီသည် အခန်းထဲ၌ အစ်မဖြစ်သူ မြကြာဖြူ၏ အဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများအား ကြည့်၍ငိုကြွေးနေရပေသည်။

လှဝတီသည် မြကြာဖြူ ကြိုက်နှစ်သက်သည့် အနီရောင်အားဝတ်စုံအား ကိုင်၍ သေချာကြည့်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးရယ် အစ်မကြာဖြူလေ ဒီအနီရောင်ပိုးသားဝတ်စုံ

လေးတို့ အရမ်းကြိုက်တာပဲ၊ သူများတွေကလာငှားကြတာ

ဘယ်တော့မှ မပေးဘူး။ အစ်မကြာဖြူမရှိတဲ့အခါ လာငှားကြ

ရင် ပေးနဲ့နော်၊ ညီမလေးလည်း မဝတ်နဲ့သိလား

တကယ်လို့ အစ်မကြာဖြူသေသွားခဲ့ရင် ထည့်ပေးလိုက်နော်

အဲဒီဝတ်စုံ လေးနဲ့ ညီမ ဝတီကို လာပြမယ် သိလား

ညီမလေး ဝတီ"

မြကြာဖြူ၏ စကားအား ကြားနေချိန်၌ လှဝတီ၏ ကြေကွဲ

မှုသည် ရင်တစ်ခုလုံး ပူလောင်နေသည်။ လောင်စာများထည့်လိုက်

သလို တဟုန်းဟုန်းလောင်နေသည်။ အလိမ့်လိုက်ကျနေသည့်

မျက်ရည်စက်များသည် မြကြာဖြူ၏ အနီရောင်ပိုးသားလေးအပေါ်သို့

ဖြိုက်ကျနေပေသည်။

အဖြူရောင်မျက်ရည်များသည် အနီရောင် ပိုးအင်္ကျီအထက်

များပေါ်သို့ စွန်းထင်းစွဲဆိုလျက် ရှိနေပေသည်။ ပိုးသား အဝတ်

ကိုင်ထားသည်။ လှဝတီ၏ လက်များသည် တဆတ်ဆတ်တုန်ရီ

သည်။

"အစ်မကြာဖြူရယ်"





အစ်မကြာဖြူရဲ့ အမြတ်တနိုးသိမ်းထားတဲ့ ဒီပိုးသား အနီ

ရောင်အဝတ်အစားလေးကို ညီမလေးသိမ်းထားပါ့မယ်။ ဘယ်သူ့ကိုမှ

လည်း မငှားပါဘူး။ အစ်မကြာဖြူမရှိတဲ့နောက်ပိုင်း ညီမလေးရင်ထဲမှာ

အလွမ်းအလိမ့် ခံစားနေရပါတယ်။ တကယ်တော့ ညီမလေးဝတီဟာ

အစ်မကြာဖြူကြောင့် အသက်ရှင်နေရတာပါ။

အခု အစ်မကြာဖြူမရှိတော့ ညီမလေးဝတီဟာ အသက်ရှင်

နေရပေမယ့် အသက်သေနေရသလိုပါပဲ။ အစ်မကြာဖြူပြောသွား

တယ်လေ ညီမလေးဝတီနဲ့ တစ်သက်လုံးနေသွားမယ်ဆိုတာလေ။

အခုတော့ ညီမလေးရဲ့အနားမှာ အစ်မကြာဖြူလည်း မရှိတော့ဘူး။

အမေလည်း မရှိတော့ဘူး။ ညီမလေးဟာ အထီးကျန်ဘဝကို ရောက်

နေပြီ အစ်မကြာဖြူရယ်"

လှဝတီသည် တသွတ်သွတ်ပြောနေသလို မျက်ရည်များ

သည်လည်း ထိန်းချုပ်မရအောင် ဖိတ်စင်ကျနေပေ၏။

တကယ်တော့ လှဝတီသည် မြကြာဖြူအား လွန်စွာ အားကိုး

သလို မြကြာဖြူ၏ စကားများကို မြေဝယ်မကျ နားထောင်လျက်

ရှိသည်။ မြကြာဖြူ မကြိုက်သည့်အလုပ်များကို တစ်ခုမှလုပ်တတ်

သူမဟုတ်သလို မြကြာဖြူပြောသည့် အိပ်ရာဝင်ပုံပြင်များအား နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြီး ကျေနပ်နေတတ်သည်။

လှဝတီသည် မှတ်မိသည့်အချိန်ကစ၍ မြကြာဖြူနှင့် အရိပ် ပြည့် အတူတူနေတတ်သည်။ မြကြာဖြူသွားရာနောက်သို့ တကောက် ကောက်လိုက်နေတတ်သည်။ မြကြာဖြူသည်လည်း အမြဲတမ်း ခေါ် သွားတတ်ပေသည်။ ယခု မြကြာဖြူမရှိတော့သည့်အတွက် လှဝတီ တစ်ယောက် အရှုံးမီးပိုင်းသလို ခံစားနေရသည်။

"ညီမလေးဝတီကို အစ်မကြာဖြူ မှာထားမယ်၊ လူတွေရဲ့ အပေါ်ယံတွေတတ်တာ မလုပ်နဲ့၊ မမှန်တာ မပြောနဲ့၊ ဘယ်သူတွေ ဘာပြောနေပါစေ ကိုယ်နဲ့မဆိုင်သလိုသာနေ လူတစ်ဝတ်သား ရဲ့ အကြောင်းကို စိတ်ဝင်စားလို့ နားထောင်ဖိတာရှိမယ်၊ အဲဒီထဲမှာ မကောင်းတာတွေ ပါတတ်တယ်၊ ကောင်းတာလေး ဘက်က ကြည့်တွေးလိုက်ပါ၊ သူများကို မကောင်းပြောမယ် ဆိုရင် ငါကရော ကောင်းတာ ဘယ်နှစ်ခုလုပ်ပြီးပြီလဲဆိုတာ ကိုယ့်ကို ကိုယ်အရင်စဉ်းစားလိုက်ပါ ညီမလေး ဝတီ၊ အစ်မ ကြာဖြူကတော့ ညီမလေးဝတီအနားမှာ အမြဲမရှိနိုင်သလို ညီမ လေးဝတီကလည်း အစ်မကြာဖြူနားမှာ အမြဲရှိနေမှာ မဟုတ်ဘူး၊ တစ် နည်းနည်းနဲ့ လမ်းခွဲကြရမှာပါကွယ်"





ငှင်းစကားအားပြောပြီး မကြာခင်မှာ မြကြာဖြူသည် လှဝတီ ၏ အနားမှာ မရှိတော့ဘူး။ ဘယ်နေရာရောက်၍ ဘာတွေဖြစ်နေသလဲ ဆိုတာ စဉ်းစားနေပေ၏။

"အစ်မကြာဖြူရယ်... အစ်မကြာဖြူရဲ့စကားတွေကို ညီမလေး အမြဲတမ်း မှတ်ထားပါမယ်၊ အစ်မကြာဖြူသာ အမြန်ပြန် လာပါတော့၊ ကြာရင် ညီမလေး သေရပါတော့မယ် အစ်မကြာဖြူ ရယ်၊ ပြန်လာပါတော့ အစ်မကြာဖြူရယ်"

"မြေးလေးရေ... မြေးလေး ဝတီ"

ရုတ်တရက် အသံတစ်ခုထွက်ပေါ်လာသည်။

အသံပိုင်ရှင်သည် လှဝတီ၏ အဘွားဒေါ်ညွန့်သီပင်ဖြစ်သည်။ ဒေါ်ညွန့်သီသည် လှဝတီအား မျက်စိအောက်မှ အပျောက်မခံ။ တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်သည့်အတွက် အမြဲရှိနေပေ၏။ ဖခင် ဦးစံသိန်း သည် တစ်တောဝင်တစ်တောထွက်၊ တစ်တောင်တက်တစ်တောင် ဆင်း၊ တစ်ရွာဝင်တစ်ရွာထွက်နှင့် မြကြာဖြူအား လိုက်ရှာနေပေတော့ သည်။

ခြေသို့ပင် ရှာနေပေမယ့် သတင်းအစအနတစ်ခုမျှ မရရှိ သည့်အတွက် ခက်နေရသည်။

ထိုအချိန်တွင် ဒေါ်ညွန့်သီသည် မြဝတီ၏အနားသို့ ရောက်ရှိ

www.burmeseclassic.com



လာသည်။

"ဟင်… မြေးလေး ငိုနေတယ် ဟုတ်လား။ ဘာလို့ငိုနေ ရတာလဲကွယ်"

"အစ်မကြာဖြူကို သတိရလို့ပါအဘွားရယ်၊ အိပ်မက်ထဲမှာ လည်း အစ်မကြာဖြူနဲ့တွေ့တယ်၊ အစ်မကြာဖြူကို လူရိုင်းတွေက လိုက်ဖမ်းနေတယ်၊ အစ်မကြာဖြူဟာ အလန့်တကြားအော်ပြီးထွက် ပြေးနေတာ နောက်ဆုံးတော့ တောင်အမြင့်ပေါ်ကနေ ပြုတ်ကျသွား တယ်တဲ့ အဘွားညွန့်ရယ်၊ အဲဒီလိုဖြစ်သွားတော့ အစ်မကြာဖြူ အလောင်း ကို တက်လို့ရှာမှာ မဟုတ်တော့ပါဘူးထင်တယ် အဘွားညွန့်ရယ်၊ အဲဒါ ဘယ်လိုလုပ်ပြီး ကယ်ရမလဲ အဘွားညွန့်ရယ်"

"အဲဒါက အိပ်မက်ပဲ မြေးလေးရယ် တကယ်မှမဟုတ်တာ"

ဒေါ်ညွန့်သီသည် လုဝတီအား ပြောလိုက်ရပေမယ့် စိတ်ထဲ၌ တစ်မျိုးဖြစ်နေပေ၏။ မြကြာဖြူအား မကောင်းဆိုးဝါးများနှင့် မတွေ့စေရန်နှင့် တောင်ပေါ်မှ ပြုတ်ကျသွားမှုသည် မဟုတ်ပါစေနှင့် ဟု စိတ်ထဲ၌ ကြိမ်၍ ဆုတောင်းနေမိသည်။

တကယ်တော့ ဒေါ်ညွန့်သီသည် မြကြာဖြူပျောက်ဆုံးသွား သည့်အတွက် လွန်စွာကြေကွဲလျက်ရှိသည်။ မြကြာဖြူသည် လိမ္မာ ယဉ်ကျေးသလို လူကြီးမိဘများကို ရိုသေလေးစားသည်။ အဖော်လည်း ရသည်။ ဘာသာရေး၊ လူမှုရေးကအစ ဆောင်ရွက်တတ်သည့် မိန်း ကလေးဟု ချီးကျူးခဲ့ထားရသည်။

ယခုပျောက်ဆုံးသွားပြီဆိုတော့ မိသားစုတွင်မက တစ်ရွာ လုံးကပါ နှမြောတသကြေကွဲလျက်ရှိနေပေသည်။ တစ်ရွာလုံး၏ အချော်ဆုံး၊ အလှဆုံး၊ သဘောအကောင်းဆုံးဟု သတ်မှတ်၍ ခင်မင် သူများ လွန်စွာပေါ်များသည်။ တစ်ရွာလုံး၏ နှုတ်များမှာ ရေပန်းစား နေသည့် မြကြာဖြူ ယခုတော့ ကြေကွဲစွာ ပျောက်ဆုံးသွားပေတော့၏။

"အစ်မကြာဖြူ အဲဒီလိုမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေပါ တယ် အဘွားညွန့်ရယ်၊ ဒီနေ့ဆို အစ်မကြာဖြူပျောက်သွားတာ သုံး ရက်တောင်ပြည့်သွားပြီနော်၊ အဘွားညွန့်အမေကိုလည်း သနားပါတယ်၊ အစ်မကြာဖြူကို လိုက်ရှာလိုက်ရတာ နားရတယ်မရှိဘူး၊ ညကလည်း အမေငိုနေတယ်၊ တစ်ညလုံးနီးပါးပဲ ဘုရားဝတ်တက်ရင်းလည်း ငို နေတယ်၊ အမေငိုနေတော့ ကျွန်မလည်း ငိုနေမိတယ် အဘွားညွန့်ရယ်၊ ခုနေများ အစ်မကြာဖြူပြန်လာရင်ကောင်းမှာပဲ"

"ပြန်လာမှာပေါ့ မြေးလေးရယ်၊ ကဲ… မြေးလေးအိပ်တော့ နော်၊ ညဉ့်နက်တော့မယ်"







www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ချင်သေးဘူး အဘွားညွန့်ရယ်၊ အဖေပြန်လာအောင် စောင့်နေမယ်၊ အဖေက ပြောသွားတယ် အစ်ကြောဖြူကို တွေ့အောင် ရှာပြီး ပြန်လာခဲ့မယ်တဲ့ အဘွားညွန့်"

"မြေးလေး အိပ်တော့လေ မြေးလေးအဖေပြန်လာတော့ အဖွားနိုးမှာပေါ့"

"အဘွားညွန့် တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ မြေးလေးရယ်၊ မြေးလေးအိပ်တော့နော်၊ မြေးလေးအနားမှာ အဘွားညွန့်ရှိနေမယ်"

လှဝတီသည် အဖွားဖြစ်သူ ဒေါ်ညွန့်သီ၏ ရင်ခွင်အတွင်း၌ အိပ်စက်နေသည်။ ဒေါ်ညွန့်သီသည် လှဝတီအား ကလေးငယ်တစ်ယောက်ကဲ့သို့ အိပ်စက်အနားယူနေသည်။ ဒေါ်ညွန့်သီနှင့်အတူ ရွာသားတချို့ ရောက်ရှိနေပေသည်။

၎င်းတို့သည် မြကြာဖြူနှင့်ပတ်သတ်၍ မေးနေကြသည်။ ဆိုမေးခွန်းများအား ဒေါ်ညွန့်သီသည် ဖြေနေရပေမယ့် စိတ်ထဲ၌ လွန်စွာကြေကွဲလျက်ရှိနေသည်။ လှဝတီသည် နှစ်မြိုက်စွာအိပ်နေ၏။ တကယ်တော့ လှဝတီသည် ၊ မြကြာဖြူမရှိတော့သည့်နောက်ပိုင်း အစားအသောက် အအိပ်လွန်စွာနည်းသည်။ အဘွားဖြစ်သူ၏ ချော့မော့





ပြောဆိုထိန်းသိမ်းမှုကြောင့် တော်သေးသည်ဟု ပြောနိုင်ပေ၏။

နို့မဟုတ်လျှင် အိပ်ယာထဲ လဲကျသွားနိုင်သည်။

ထိုအချိန်တွင် ဖခင်ဖြစ်သူ ကိုစံသိန်း ရေးကြီးသုတ်ပြာနှင့် အပေါ်ကိုတက်လာသည်။ အားလုံးသည် ကိုစံသိန်းပြန်အလာကို စောင့်နေကြသည်။ ပထမလတွန်းက ကျားကိုက်သေဆုံးသွားသည့် မခင်မူနှင့်ပတ်သက်၍ အိမ်၌ လှုစည်နေသည်။ ယခု ကိုစံသိန်း၏ သမီးကြီး မြကြာဖြူပျောက်ဆုံးမှုနှင့် လှုစည်ကားနေပြန်သည်။

ကိုစံသိန်းအိမ်၌ တစ်ညလုံး မီးထွန်းထားသည်။ ရွာသားများသည် တစ်ညလုံးထိုင်၍ စကားပြောနေကြပေ၏။

"အမေ... အမေ မြေးလေးရော"

"ဟဲ့သား တိုးတိုးတိတ်တိတ်ပြောစမ်းပါဟယ်၊ ဒီမှာ မအိပ်ဘဲ ငိုနေလို့ မနည်းကို တိတ်ထားရတယ်"

ကိုစံသိန်း၏မျက်နှာသည် လွန်စွာကြေကွဲလျက်ရှိနေပေ၏။ ကိုစံသိန်းသည် ပျောက်ဆုံးသွားသည့်သမီးကြီးကို ရှာရ၊ ကျန်နေခဲ့သည့် သမီးငယ်ကို စိတ်မချရ၊ သေဆုံးသွားသည့် ဇနီးသည်အတွက် သောကရောက်ရနှင့် အရှုံးကြီးတစ်ပိုင်းကိုဖြစ်နေသည်။ တစ်ရွာဝင် တစ်ရွာထွက်နှင့် ပျောက်ဆုံးနေသူအား၊ လိုက်ရှာရသည့် ကိုစံသိန်း



www.burmeseclassic.com

www.burmeseclassic.com



၏ သောကသည် မည်မျှရှိမည်မသိ။

ကိုစံသိန်းသည် သမီးငယ်အား တစ်ချက်ကြည့်ပြီး စိတ်ပျက်စွာ ထိုင်လိုက်ချိန်၌ ရွာလူကြီးများက အခြေအနေအား မေးနေကြပေ၏။

''မောင်စံသိန်း ဘာများအခြေအနေ ထူးခဲ့သလဲကွ''

''မထူးခဲ့ပါဘူး အဘိုးစော၊ သူတို့ဘက်ကိုလာရင် သူတို့လိုက်ရှာပြီး ပြန်ပို့ပေးမယ်ပြောတယ်။ မညိုတောင်က မုဆိုးတွေပြောကြားက ကျွန်ုပ်ခဲ့တဲ့ရက် မနက်စောစောမှာ မိန်းကလေးတစ်ယောက် တောင်မြီးရှည်ဘက်ကို ပြေးတာ တွေ့လိုက်တယ်လို့ ပြောတယ်၊ သူတို့ကလည်း မကောင်းဆိုးဝါးထင်ပြီး မလိုက်တော့ဘဲ သားကောင်နောက်ကိုပဲ လိုက်နေရတယ်လို့ပြောတယ်''

''တောင်မြီးရှည်ဟုတ်လား မောင်စံသိန်း''

အဘိုးညွန့်ခင်၏ မေးခွန်းပင်ဖြစ်၏။

''ဟုတ်တယ် အဖိုးညွန့်ခင် ဘာဖြစ်လို့လဲ''

အဘိုးညွန့်ခင်သည် ဆေးတံအား တစ်ချက်ဖွာရှိုက်လိုက်သည်။ မျက်နှာသည် သိသိသာသာ ပျက်သွားပေ၏။ အားလုံးသည် အဘိုးညွန့်ခင်အား ကြည့်နေပေ၏။

အဘိုးညွန့်ခင်သည် ခေါင်းလေးအား တဆတ်ဆတ်ညိတ်နေ





သည်။

''အဲဒီတောင်မြီးရှည်ဟာ တကယ်တောင်ရှည်ကြီးတစ်ခုပဲ၊ တောင်ကြီးရဲ့တစ်ဝက်ကို လူရိုင်းတွေပိုင်တယ်၊ အဲဒီတောင်ဟာ သားရဲတိရိစ္ဆာန်ရိုင်းတွေ လွန်စွာပေါသလို ဂူတွေလည်း ပေါတယ်၊ မကောင်းတဲ့ နာနာဘာဝတွေရှိပါတယ်၊ လူသားစားတဲ့ ပင်ကျွန်ုပ်တွေနဲ့ ပြတွင်းတွေလည်းပေါတယ်ကွယ်၊ အဲဒီ ပြတွင်းထဲကို ခြေထောက်တစ်ဖက်ကျသွားရင် အသားတွေ ကြွေကျကုန်တယ်၊ မုဆိုးတွေက အဲဒီတောင်မြီးရှည်ကို ပြန်လမ်းမရှိတောင်လို့ ခေါ်ကြတယ်လားကွယ်''

''ကျုပ်သမီးလေး ကိုယ်ကျိုးနည်းပြီထင်ပါတယ်ဗျာ၊ ကျုပ်အဲဒီတောင်မြီးရှည်ကို လိုက်သွားမယ်၊ အခုပဲလိုက်သွားမယ်အဖိုးရာ''

ကိုစံသိန်းသည် မျက်ရည်များထွက်ကျလာသည်။ စိုးရိမ်စိတ်များလည်း လွှမ်းမိုးလာပေသည်။ ကိုစံသိန်းသည် ထိုင်ရာမှ ထ,ရန်ပြင်နေ၏။

အားလုံးသည် ကိုစံသိန်းအား ကြည့်နေကြပေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ပြောဆိုတားမြစ်ကြခြင်းမရှိအောင် ဖြစ်နေကြပေ၏။ ထိုအချိန်၌ အသံတစ်ခုထွက်ပေါ်လာသည်။

''သား မောင်စံသိန်း၊ ဘာလို့ အဲဒီလောက်ဖြစ်နေရတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုထိန်းထားပါဦးကွာ၊ ဆရာတော်ပြောပြီးသားပဲ မြေးကြီးဟာ ဘာမှမဖြစ်ဘူး၊ သူ့ကို ဘယ်လိုလူမှ အန္တရာယ်မပြုနိုင်ပါဘူးဆိုတာ ယုံကြည်လိုက်စမ်းပါကွာ"

"သမီးကြီးက မိန်းကလေးတစ်ယောက်ဖြစ်နေတယ် မိန်းကလေးမို့ စိုးရိမ်နေရတာပေါ့ အဖေရာ၊ ယောကျ်ားလေးဆိုရင် ကျွန်မ အဲဒီလောက် စိုးရိမ်မှာ မဟုတ်ဘူး၊ အပင်ပန်းခံပြီး လိုက်မရှာဘူး အဖေ"

"ဆရာတော်က ပြောလိုက်တယ်သား၊ မြေးလေးက လူ့ဝင်စားတစ်ယောက်တဲ့ ဒီအချိန်မှာဒီလိုဖြစ်ရမယ်ဆိုတာ သူ့မှာ ပါလာပြီးသားတဲ့ကွယ်။ အခုမြေးလေးရဲ့ အနောက်မှာ အဖော်တွေ ပါသွားတယ်၊ အဲဒီအဖော်တွေက သူ့ကို ကာကွယ်ပေးမယ်လို့ ပြော လိုက်တာပဲကွယ်၊ အဲဒီတော့ ပျောက်ဆုံးနေသူကို လိုက်ရှာနေမယ့် အစား ကျန်ရှိနေသူကိုသာ ပို၍ ဂရုစိုက်လိုက်ပါ သားရယ်"

ကိုစံသိန်းသည် ဖခင်ဦးအုန်းအား တစ်ချက်ကြည့်လိုက်သည်။ ဦးအုန်းသည် ဆေးတံအား ကိုက်ခဲဖွာရှိုက်ပြီး ကိုစံသိန်းအား ကြည့် လိုက်သည်။ ကိုစံသိန်းသည် ဖခင်၏ ထိုစကားအား လက်ခံလိုသည့် စိတ် သိပ်မရှိအောင်ဖြစ်နေသည်။





ကိုစံသိန်းသည် ဖခင်ဦးအုန်း၏စကားကို လက်ခံစေချင်သည်။

မည်သို့ပင်ဖြစ်စေကာမူ လှဝတီသည် အဖွားဖြစ်သူ ဒေါ် ညွန့်သီ၏ ရင်ခွင်ထဲ၌သာနေထိုင်ရသည့် လှဝတီသည် အစ်မဖြစ်သူ အား သတိရလွမ်းဆွေးနေသည့်အတွက် ဖခင်၏မျက်နှာကို မြင်တွေ့ ချင်သော်လည်း ဖခင်ကိုစံသိန်းသည် ပျောက်ဆုံးနေသည့် မြကြာဖြူ အား အသည်းအသန်လိုက်ရှာနေပေ၏။

ယခုပြန်ရောက်လာချိန်၌ လှဝတီသည် နှစ်ခြိုက်စွာ အိပ်မော ကျနေပေသည်။

"ကျွမ်သဘောပေါက်ပါတယ် အဖေ၊ ဒီရက်ထဲမှာ လိုက် ရှာခွင့်ပြုပါဦး၊ မတွေ့ရင်တော့ လိုက်မရှာတော့ဘူးလို့ ကတိပေးပါ တယ်ဗျာ"

"အဲဒါကတော့ သား့ရဲ့ဆန္ဒပါ အဖေ မတားချင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဖေတို့က တားလိုက်လျှင် အဖေက ကျွပ်လို ခံစားဘူးတာမှ မဟုတ်တဲ့လို့ ပြောမှာပဲ၊ အဲဒါကို အဖေတို့ လက်ခံ ပါတယ်၊ အဖေတို့က သားလိုမှ မဖြစ်ခဲ့ဘူးတာ၊ အခုလိုတားရတယ် ဆိုတာလည်း မြေးငယ်လေးဝတီအတွက်ပါ၊ ဝတီက ကလေးလေး သူတစ်ခုခုဖြစ်သွားမှာကို အဖေတို့ စိုးရိမ်ပါတယ် သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်း၏စကားကို အားလုံးလက်ခံသလို ကိုစံသိန်း လက်ခံစေချင်သည်။ ကိုစံသိန်းသည် ပျောက်ဆုံးနေသည့် မြကြာဖြူအား ပြန်လည်တွေ့ရှိလိမ့်မည်ဟုထင်နေသည်။ ဆရာတော်၏ မိန့်ကြားချက်များသည် လိုက်မရှာနှင့်တွေ့မည်မဟုတ်၊ ဒုက္ခရောက်လည်း ခဏခံဟု ဦးအုန်းနှင့် ရွာလူကြီးများအား မိန့်ကြားခဲ့သည်။

၄င်းအတွက် တားမြစ်နေရခြင်းဖြစ်သည်။ သို့သော် တစ်ခုတော့ မှာလိုက်သေးသည်။

ထိုအချိန်တွင် အံ့သြသည့်ဖြစ်ရပ်တစ်ခု ထွက်ပေါ်လာပေ၏။

။ စာရှုသူများ ဝက်ခင်းတောင်ဆရာတော်ခေါ် တောင်ပေါ်ကျောင်းဆရာတော်၏ စကား၏ ဝတ္ထု၏တစ်နေရာ၌ ဖော်ပြထားပါသည်။

စာရေးသူ

၄င်းဖြစ်ရပ်သည် အားလုံးအတွက် အထိတ်တလန့်ဖြစ်ကုန်ကြသည်။

"အစ်မကြာဖြူ… အစ်မကြာဖြူ"

"မသွားနဲ့… မသွားနဲ့"





အသံသည် ဝန်းကျင်သို့ လွှမ်းမိုးသွားသည်။ အားလုံးသည် လှဝတီသို့ ကြည့်လိုက်ကြသည်။ လှဝတီသည် အသည်းအသန် အော်ခေါ်နေကြသည်။

"မြေးလေး… မြေးလေး"

"သမီး… သမီး ဝတီ… ဝတီ"

ဝတီ၏ အနားသို့ရောက်ရှိကုန်ကြသည်။ ဝတီသည် အလန့်တကြားခေါ်နေခြင်းသာဖြစ်သည်။ တစ်ကိုယ်လုံး ချွေးများ ရွှဲစိုလျှက်ရှိနေသည်။ ဝတီအား နိုးနေသည်။

"ဟဲ့… ဟဲ့ ရေပေး… ရေပေး"

"မောင်မြင့်လွင် ရေပေးစမ်း… ရေတစ်ခွက်ပေးစမ်း"

ဒေါ်ညွှန့်သီ၏ အသံကြောင့် အနီး၌ရှိနေသည့် မြင့်လွင်သည် သောက်ရေအိုးမှ ရေအား ခတ်ပေးလိုက်သည်။ ဒေါ်ညွှန့်သီသည် လှဝတီအား ရေတိုက်လိုက်ပေ၏။

"မြေးလေး… မြေးလေး ရော့… ရော့ ရေသောက်လိုက်၊ ရေသောက်လိုက်"

အဘွားဖြစ်သူသည် မြေးဖြစ်သူ လှဝတီအား ရေခွက်ပေးလိုက်သည်။ လှဝတီသည် ရေခွက်အားယူ၍ အငမ်းမရသောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလုံးသည် လှဝတီ၏ အထိတ်တလန့်ဖြစ်မှုများအား အံ့ဩ နေကြပေ၏။

အဘွားဖြစ်သူ ဒေါ်သွန့်သီနှင့် အဖေဖြစ်သူ ကိုစံသိန်းတို့သည် လှဝတီ၏ ဖြစ်ရပ်အား ကြည့်၍ အထိတ်တလန့်ဖြစ်နေကြသည်။ လှဝတီသည် ဇေသောက်ပြီးနောက် ရှိုက်ကြီးတငင် ငိုနေသေးသည်။

"မြေးလေး ဝတီ… ဝတီ"

"သမီး… သမီး သတိထားပါ သမီးရယ်"

အားလုံးသည် လှဝတီအား လှုပ်၍ သတိပေးနေသည်။ မြဝတီသည် ရုတ်တရက် ရပ်မရ မသိစိတ်များသည် လွှမ်းမိုးနေခြင်းပင် ဖြစ်သည်။

"အစ်မကြာဖြူ… အစ်မကြာဖြူ"

"ကြာဖြူဟုတ်လား မြေးလေး"

လှဝတီ၏မျက်နှာကို ကြည့်နေသည်။ ဝတီသည် တစ်ချက်နှစ်ချက် ရှိုက်လိုက်သည်။ ၎င်းတို့၏မေးခွန်းအတွက် ရုတ်တရက် အဖြေထွက်လာခြင်း မရှိသေးပေ။

"အစ်မကြာဖြူနောက်ကို လူရိုင်းတွေ လိုက်နေကြတယ်၊





…မခေါ်တာကို မကြားဘူး၊ ငိုပြီး တောင်ကြီးပေါ်ကို တက်ပြေးတယ်၊ တောင်ကြီးကလည်း အမြင့်ကြီး တောင်ကြီးရဲ့အောက်မှာ …တွေ၊ ဆင်တွေ၊ တောရိုင်းကောင်တွေ အများကြီးပဲ၊ ကျွန်မ …လိုက်တော့ အဖြူရောင်ဝတ်ထားတဲ့ အဘိုးကြီးနှစ်ယောက်က …ထားတယ်၊ တစ်ယောက်ကို တောင်ဝှေးတစ်ချောင်းစီ ကိုင်ထားကြ …ယ်၊ ပုတီးတွေလည်း လည်ပင်းမှာဆွဲထားတယ်၊ အစ်မကြာဖြူ …နောက်ကို မလိုက်ရဘူးတဲ့ သူတို့ကပြောတယ်"

လှဝတီသည် စကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။ …အားလုံးသည် ဝတီ၏စကားကို နားထောင်နေကြသည်။ ဝတီသည် …တ်တရက်ပြောဆိုခြင်းမရှိ ငိုနေသည်အား ရှိုက်နေသည်။

(မြန်မာစကားပုံရှိသည်၊ အငိုလွယ်သလောက် အရှိုက်ခက် …သည်။)

ဝတီသည် ရုတ်တရက် ကြေကွဲငိုချလိုက်သည်။ ၎င်း၏ …ရင်မှ ကပ်ပါလာသည့် ရှိုက်ချက်များ၏ အကြိုးဆက်နှယ်နှလုံး …သားများ ကွဲကြေပျက်စီးသွားပြီလားဟု ထင်နေမိသည်။ ယခု ရှိုက် …ချက်များသည် စကားများကို ရပ်တန့်စေ၏။

"သမီး အဘိုးကြီးတွေက ဘာပြောလိုက်လဲ၊ အမြန်ပြောစမ်း… သမီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုစံသိန်းသည် မျှော်လင့်ချက်များနှင့် မေးလိုက်သည်။ ၄င်း
မျှော်လင့်ချက်သည် တခြားမဟုတ် မြကြာဖြူပြန်လာမည်ဆိုသည်
မျှော်လင့်ချက်ပင်ဖြစ်သည်။ ဝတီသည် ဖခင်အား ကြည့်လိုက်သည်

"လိုက်မသွားနဲ့တဲ့ အစ်မကြာဖြူဟာ သူတို့ရဲ့ အကြီးအက
ဖြစ်ဦးမယ်၊ အခုလိုက်နေတာကလည်း သူတို့ခေါ်ရာကို မလိုက်လ
လိုက်ပမ်းနေတာတဲ့၊ ကျွန်မကို မလိုက်သွားရဘူးတဲ့၊ သူတို့က ကျွန်
ကို ဆက်လိုက်မယ်ဆိုပြီး တားထားတာပဲအမေ့၊ အဲဒီအချိန်မှာ အစ်
ကြာဖြူဟာ တောင်ထိပ်ပေါ်ရောက်နေပြီ၊ ကျွန်မခေါ်တာ မကြားဘူ
အစ်မ ကြာဖြူ ရက်စက်တယ်၊ ရက်စက်တယ်၊ ရက်စက်တယ်"

ထိုသို့ပြောပြီးနောက် ဝတီသည် ကြေကွဲစွာ ငိုနေသည်
အားလုံးသည် ဝတီအား ချော့နေသည်၊ ဝတီသည် အစ်မဖြစ်သူအတွက်
လွမ်းစွာစိုးရိမ်လျက်ရှိပေ၏။

ကိုစံသိန်းသည် ဝတီ၏ စကားအား တကယ်ဖြစ်နေပြီလား
ဟု ထင်နေမိသည်။

အတွေးအာရုံထဲ၌ မသိစိတ်များ လွှမ်းမိုးနေသည်။ ဝတီ
သည် အိပ်မက်ကိုမြင်မက်၍ပြောနေသည့်စကားကို တကယ်ဖြစ်
သည်ဟု ထင်နေမိသည်။





"အိပ်မက်တတ္တုံကျမ်း၌ ထွက်ဆိုချက်အရ အိပ်မက်လေး
ပါးရှိ သည်။

ဓာတ်ဖောက်မက်မှု မှန်မမှန်နှစ်ပါး
ညဉ့်ဦးမက်မှု မှန်မမှန်နှစ်ပါး
မိုးသောက်မက်မှု အမှန်ယူ၏
အာရုံတက်မက်မှု အမှန်ယူ၏

ထိုသို့မက်ပြီးလျှင် အမှန်နှင့်အမှားဆိုတာ ရှိခဲ့သော်လည်း
ထိုအထဲမှာ ထပ်မံ၍ သုံးခုအား ခွဲခြားထားတာရှိလေ၏။

၁။ ညဉ့်ဦးယံမက်မှု တစ်နှစ်အတွင်း အကျိုးအပြစ်ပေး
တတ်၏။

၂။ သန်းခေါင်ယံမက်မှု နှစ်နှစ်အတွင်း အကျိုးအပြစ်ပေး၏
ဟု ချမှတ်ထားရ၏။

၃။ မိုးသောက်ယံမက်မှု တစ်လအတွင်း အကျိုးအပြစ်ပေး၏
ဟူ၍ မှတ်ထားရ၏



www.burmeseclassic.com

www.burmeseclassic.com



စာရှုသူများသို့ ယခုမက်လိုက်သည့် ဝတ်ိအိပ်မက်သည် ညှိ့ ဦးယံမက်သည့် အိပ်မက်သာဖြစ်သည့်အတွက် အထက်ပါ တင်ပြ ထားသည့်အတိုင်း တစ်နှစ်အတွင်း အကျိုးပေးမည်လား၊ မပေးဘူး လားဆိုတာ ဝတ္ထု၏တစ်နေရာ၌ ဖော်ပြထားသည်။ ထို့အတူ အိပ်မက် များ အကြောင်းအား အဆင်သင့်သည့်အခါ ဖော်ပြရန်ရှိပါသေးသည်။ ထို့အတူ ဝတ္ထု၏ အကြောင်းအရာနှင့်ပတ်သက်၍ ရွှေဟသာစာပေ အား တစ်လအတွင်း အကြံအဉာဏ်များအား ရေးသားပေးပို့နိုင်ပါ သည်။ ပေးပို့သည့်စာများအား လေးစားစွာဖြင့် ဖော်ပြသွားမည်ဖြစ် ပါသည်။

စာရေးသူ





ကိုစံသိန်းသည် လွန်စွာ တုန်လှုပ်နေသည်။ မြကြာဖြူ၏ ...ောက်ကို တကယ်ပဲလိုက်ပြီး ဒုက္ခပေးနေပြီလားဟု တွေးနေသည်။ ...ကို ဦးအုန်းသိနေ၏။

"သား မောင်စံသိန်း ဘာလို့ အဲဒီလောက် တုန်လှုပ်နေရ ...လဲကွယ်၊ မြေးလေးက အိပ်မက်မက်နေတာလေကွယ်၊ ဘာလို့ ...ီလောက်ဖြစ်နေရတာလဲကွယ်၊ ဆရာတော်က မှာလိုက်တယ်၊ အစွဲ ...ယန်းတွေ မထားပါနဲ့တဲ့၊ လုပ်စရာရှိတာတွေကိုသာ ဆက်လုပ်ပါ ... သွားနေသူထက် ကျန်သူက ဘာတွေလုပ်မှာလဲတဲ့၊ အဲဒါကို ...်စားပြီး အဖြေကောင်းတစ်ခုကို ထုတ်ပါတဲ့၊ အဲဒီတော့ သားက ...ဆက်လုပ်မယ်ဆိုတာ စဉ်းစားပါလို့ပဲ ပြောချင်တယ်ကွယ်"

ဦးအုန်း၏ စကားကြောင့် ကိုစံသိန်း ဘာပြောရမှန်းမသိ ...ောင်ဖြစ်နေပေ၏။

"မောင်စံသိန်း မင်းအဖေရဲ့မေးခွန်းကို ဘယ်လိုဖြေမလဲ ...ိုတာပဲ သိချင်တယ်ကွယ်"

"ဟုတ်ကဲ့ အတိုးညွှန့်ခင် ကျုပ်စဉ်းစားပါမယ်၊ ကျုပ် ဘာ ...ဆက်လုပ်ရမယ်ဆိုတာပါဗျာ"

ကိုစံသိန်း၏စကားသည် အားလုံးအတွက် ဓမ်းသာစရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပေ၏။ ကိုစံသိန်းသည် ပြောသည့်အတိုင်း လုပ်တတ်သူ
ထို့အတူ ရွာ၌နေထိုင်သူများသည် ကိုစံသိန်းအား လေးစားလျ
သည်။ ၄င်းသည် ရွာသားများအား လေးစားသလို ရွာ၏အကျိ
အစွမ်းကုန်လုပ်ဆောင်ပေးမှုကြောင့် ကိုစံသိန်း၏ကိစ္စအား တစ်ရွာ
သည် ပါဝင်ကူညီပေးကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ကိုစံသိန်းသည် ဖြတ်သားသ
ဆုံးဖြတ်ချက်တစ်ခုအား ချလိုက်မိပေတော့၏။

* * *





အခန်း (၁၂)

## ခြေဦးတည့်ရာ

အချိန်နာရီရာသီတွေနှင့်အမျှ မကြာမြင့်ဖြူသည် ခြေဦးတည့်
သို့ လွတ်လပ်စွာ ထွက်ပြေးနေပေတော့သည်။

အလိမ့်လိုက် ဖိတ်စင်ထွက်ကျနေသည့် မျက်ရည်များသည်
ကြာဖြူမှလွဲ၍ မည်သူမျှ မသိနိုင်အောင်ဖြစ်နေပေ၏။

တောရိုင်းတိရစ္ဆာန်များသည် လိုက်၍ အန္တရာယ်ပြုသည်
ကွက် တစ်တောဝင်တစ်တောင်ထွက်ပြေးနေသည်။ ထိုသို့ပြေးနေ



www.burmeseclassic.com

www.burmeseclassic.com



ချိန်၌ လူသားစင်စစ်ဆို၍ တစ်ဦးတစ်ယောက်မျှ တွေ့ရှိရခြင်း ဖြစ်နေသည်။

ဤတောဤတောင်တွင် လူသူများ မည်သည့်အတွက်ကြော ရှိမနေသည်ဆိုတာ မတွေးတတ်အောင် ဖြစ်နေပေသည်။ ထူးဆ သည်မှာ တောရိုင်းတိရစ္ဆာန်တစ်ကောင်လိုက်၍ပြေးနေချိန်၌ အား သည့်အသံများ ကြားနေရသည်။

၄င်းအသံများသည်…

"ပြေး… ပြေး… ပြေး" ဟူသည့်အသံများဖြစ်သ လက်ခုပ်သံများပင်ဖြစ်သည်။ လက်ခုပ်သံများသည် မည်သည့်နေ မှ ထွက်ပေါ်နေသည်ဆိုတာ မသိအောင်ဖြစ်နေပေသည်။ မြကြာ သည် တောရိုင်းတိရစ္ဆာန်နှင့်တွေ့လျှင် အသက်သေရမှာ ကြောက်ရွံ့ ခြင်းသာဖြစ်သည်။

ထိုသို့ပြေးရင်းနှင့် လူသူကင်းမဲ့သည့် တောတောင်အတွ သို့ ရောက်ရှိသွားပေ၏။ မြကြာဖြူသည် ကြီးမားသည့် တောင်တ ၏ အပေါ်၌ တစ်စုံတစ်ယောက်အား မျှော်နေမိပေတော့၏။

* * *





## အခန်း (၁၃)

## ကျားအန္တရာယ်နှင့်တွေ့ဆုံခြင်း

တစ်နေ့သ၌…

နေရောင်ခြည်များသည် ကမ္ဘာလောကကြီးတစ်ခုလုံးကို အမြူရောင်များ လွှမ်းမိုးစွာ ကျလျက်ရှိနေသည်။ နေ၏အပူဒဏ်ကြောင့် သက်ရှိအားလုံး နေရထိုင်ရခက်နေကြသည်။ အပူဒဏ်အား ကြောက်ရွံ့နေသည့် တိရစ္ဆာန်များသည် မြစ်ချောင်းအင်းအိုင်အတွင်းသို့ နေထိုင်ကြပေ၏။ လူသားများသည် အေးချမ်းသည့်အရိပ်များ၏ အောက်တွင် အနားယူနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းအရာများကို အံ့တုနေသူတစ်ယောက်ရှိသည်။

ထိုသူသည် ကိုစံသိန်းသာဖြစ်သည်။ ကိုစံသိန်းသည် ပျောက်ဆုံးနေသည့် သမီးကြီး မြကြာဖြူအား တွေ့လိုစိတ်များဖြင့် လိုက်၍ရှာနေခြင်းပင်ဖြစ်ပေ၏။

လူကြီးများသည် အတန်တန်တားမြစ်နေသော်လည်း တောင်ပေါ်ကျောင်းဆရာတော်က လိုက်ရှာခွင့်ပြုသည်။ ဆရာတော်သည် ပြတ်သားသည့်စကားတစ်ခွန်းပြောလိုက်သည်။

"မောင်စံသိန်းကို မတားလေနှင့်သွားပါစေ၊ သူ့ကို အရာဝတ္ထုတစ်ခုက တားလိုက်ပါမယ်၊ အဲဒီအချိန်ကျရင် အလိုလိုနေရင်း ရပ်သွားပါလိမ့်မယ် တကာကြီး ကိုအုန်း"

ထိုအတွက်ကြောင့် ဖခင်ဖြစ်သူ ဦးအုန်းသည် တားမြစ်ခြင်းအား ရပ်ထားလိုက်သည်။ ယခုတော့ ကိုစံသိန်းသည် တောအထပ်ထပ်တောင်အသွယ်သွယ်အား တစ်ယောက်တည်း ဖြတ်ကျော်နေသည်။ ပျောက်ဆုံးနေသူ သမီးကြီးအတွက် သောကများစွာ လွှမ်းမိုးလျက်ရှိနေပေ၏။

"သမီးကြီးရယ် ဘယ်အတွက်ကြောင့် အဖေတို့ကို ကျောခိုင်းသွားရတာလဲကွယ်၊ အဲဖေတို့မိသားစုကို မည်သည့်အတွက်ကြောင့်





ာကတွေပေးခဲ့တာလဲကွယ်၊ သမီးအတွက်နဲ့ အဖေတို့ အသက်သေရတော့မယ်ကွယ်"

ကိုစံသိန်းသည် ထိုသို့ပြောပြီးနောက် ကြီးမားသည့် တောင်ချင်း၌ အနားယူလျက်ရှိသည်။ တောတောင်များအား ဖြတ်သန်းတ်ခတ်လာသည့် လေနုကြမ်းတွေကြောင့် ၄င်း၏ စိတ်များ လန်းဆန်းနေပေသည်။ ကိုစံသိန်းသည် လေများအား အားပါးတရ ရှူရှိုက်တ်သည်။ လေ၏အားပေးမှုကြောင့် လွန်စွာ ဝေးကွာသည့်ခရီးအားျောက်လှမ်းလာသူ ကိုစံသိန်းမှာ ပင်ပန်းနွမ်းနယ်မှုများ ပျောက်ကွယ်းသည်ဟု ထင်နေလျက်ရှိ၏။

ရုတ်တရက်အသံတစ်ခု ကြားလိုက်ရသည်။ တောင်ပေါ်မှ ရေများ ကျသည့်အသံပင်ဖြစ်သည်။ ကိုစံသိန်းသည် ရေသောက်ချင်တ်များ လွှမ်းမိုးလျက်ရှိနေပေသည်။ ထိုအတွက်ကြောင့် ရေကျသံရှိရာသို့ အကြည့်ရောက်နေသည်။ ရေများသည် ဘယ်နေရာမှ နေသည်ဆိုတာ ရုတ်တရက် မတွေ့အောင်ဖြစ်နေပေသည်။ မည်သို့င်ဖြစ်စေကာမူ ရေများသည် ကမ္ဘာလောကကြီးအား ဂရုမစိုက်နိုင် စီးဆင်းကျနေပေ၏။

ဝမ်းသာမှုများစွာ လွှမ်းမိုးလျက်ရှိသည်။ လက်ရှိရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသည့်နေရာမှ တောင်ဘက်၌ရှိနေသည်။ တောင်ထိပ်ပေါ်မှ ရေမျာ
စီးဆင်းကျနေပေသည်။ ကိုစံသိန်းသည် ရေများကျနေသည့်နေရာ
ဦးတည်လျက်ရှိနေပေသည်။ ရေများအား တွေ့မှ ပို၍ ရေဆာနေသ
ထင်နေမိသည်။

“တော်သေးတယ် ရေတွေ့လို့၊ ရေများ မတွေ့ရင် သေ
တော့မယ်ထင်တယ်”

ထိုသို့ပြောပြီးနောက် ကိုစံသိန်းသည် ရေများစီးကျနေသ
စမ်းချောင်းလေး၏အနီးသို့ ရောက်ရှိသွားသည်။ ၎င်းသည် စမ်းချော
၏ အတွင်းထဲသို့ ဆင်းသွားသည်။ ရေသောက်၍ရသည့်နေရာအ
သို့အရောက်တွင် လက်ခုပ်လေးများဖြင့် ရေများအားသောက်နေသည်

ကိုစံသိန်းသည် ရေများသောက်အပြီး၌ မျက်နှာများ ဆေ
ကြောနေချိန်တွင် အရိပ်တစ်ခုအား ရေထဲ၌မြင်နေရသည်။ ရုတ်တရ
ခေါင်းမော့ကြည့်လိုက်ချိန်၌ လွန်စွာအံ့သြလျက်ရှိနေပေ၏။

အရိပ်သည် တခြားမဟုတ် လွန်စွာကြောက်စရာကော
သည့် ဝက်ဝံကြီးတစ်ကောင်ပင်ဖြစ်သည်။ ကိုစံသိန်းသည် ကြော
စိတ်များ လွှမ်းမိုးလျက်ရှိနေ၏။ ကိုစံသိန်းသည် အရင်ဦးအောင် ထွ
ပြေးနေသည်။





ထိုအချိန်၌ ဝက်ဝံကြီးသည် ကိုစံသိန်း၏အနောက်သို့ လိုက်
နေ၏။ ကိုစံသိန်းသည် ခြေဦးတည့်ရာသို့ပြေးနေ၏။

“ဝေါ... ဝေါ...”

“ဖျောင်း... ဖျောင်း...”

သစ်ပင်များသည် ယိမ်းထိုး၍ ယိုင်လဲနေသည့်အပင်များ
သည် မည်သို့ပင်ဖြစ်စေကာမူ ကိုစံသိန်းသည် အသက်ဘေးမှ လွတ်
အောင်သာပြေးနေသည်။ ဝက်ဝံကြီးသည် ကိုစံသိန်း၏အနီးသို့ တိုးကပ်
လာသည်။ ကိုစံသိန်းသည် ကြီးမားသည့် ကျွန်းပင်ကြီး၏အနီးသို့
ဦးတည်နေသည်။ ဝက်ဝံကြီးသည် ကိုစံသိန်းအား ရန်သူကြီးတစ်
ယောက်ပမာ လိုက်နေသည်။ ဝက်ဝံကြီးသည် အကောင်ကြီး
သလောက် အပြေးသည် လွန်စွာမြန်နေသည့်အတွက် ကိုစံသိန်း၏
အနီးသို့ တိုးကပ်သွား၏။ ကိုစံသိန်းသည် ကျွန်းပင်ကြီး၏အနီးသို့
ရောက်ရှိသွားသည်။

“အား...”

ကျယ်လောင်သည့်အသံများထွက်ပေါ်လာသည်။ ၎င်းအသံ
သည် ဝန်းကျင်သို့လွှမ်းမိုးသွားလျက်ရှိသည်။ ကိုစံသိန်းသည် ပင်ယံ
ထက်မှ ဟီးလေးခိုနေကြသည့် နွယ်ကြိုးအား ခို၍ တစ်ဖက်သို့ လွှဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုသို့လွဲချော်၍ ဝက်ဝံကြီးသည် တစ်ဖက်သို့ရောက်နေသည့်အတွက် နွယ်ကြိုးအား လွှတ်ချပြီး တစ်ဖက်သို့ဆင်းရန်ခက်နေသည်။ ၎င်းအတွက် လွှတ်ချခြင်းမရှိ မကျအောင်ဆုတ်ကိုင်ထား၏။ ကိုစံသိန်းသည် နွယ်ကြိုးအားခို၍ ပုခက်ကဲ့သို့ အပေါ်၌ လှုပ်ယမ်းလျက်ရှိသည်။ ဝက်ဝံကြီးသည် ကိုစံသိန်းယမ်းနေသည့်ဘက်သို့ လိုက်၍ကြည့်နေပေ၏။

ထိုအတွက်ကြောင့် ကိုစံသိန်းသည် အခက်တွေ့နေပေ၏။ လွှတ်ချလိုက်သည်နှင့် ဝက်ဝံကြီး၏လက်ချက်နှင့် အသက်ပျောက်နိုင်သည်။ ၎င်းအတွက်ကြောင့် နွယ်ကြိုးကြီးကိုသာ တင်းကြပ်စွာ ဆုတ်ကိုင်ထားပေသည်။

အချိန်သည် လွန်စွာကြာညောင်းလာသည်။ ကိုစံသိန်းသည် နွယ်ကြိုးကိုသာ ဆုတ်ကိုင်၍ ဝက်ဝံကြီးအသွားကို စောင့်နေသည်။ ဝက်ဝံကြီးသည် တစ်နေရာသို့ ထွက်သွားခြင်းမရှိ၊ ၎င်းနေရာ၌ အိပ်၍ စောင့်စားနေသည်။ ရုတ်တရက် ပြုတ်ကျလာသည်နှင့် ဖမ်းယူစားသောက်ရန် ရည်ရွယ်နေသည်။ ကိုစံသိန်းသည် ဝက်ဝံကြီးထွက်သွားရန် မည်သို့လုပ်မလဲ စဉ်းစားနေ၏။ ကျော၌ပါလာသည့်ဓားနှင့် ပစ်ပေါက်လိုက်ရင်ကောင်းမလား သို့တည်းမဟုတ် ဓားပြောင်းနှင့်မှုတ်





လိုက်လျှင် ကောင်းမလား။ ထိုသို့ပြုလုပ်၍ ဝက်ဝံကြီးအား ထိမှန်သွားလျှင် တော်ပါ၏။ မထိမှန်ပါက လွန်စွာအခက်ကြုံတွေ့နိုင်သည်။

"အင်း... ငါ ဒီနွယ်ကြိုးပေါ်မှာ ဆက်နေရင် ဝက်ဝံကြီးလက်ချက်နဲ့ အသတ်သေနိုင်တယ်။ ဒီနေရာမှာ သေသွားရင် ရွာက ဘယ်သူမှသိမှာမဟုတ်ဘူး၊ သမီးလေး ဝတီကလည်း ငါပြန်အလာကို မျှော်နေမှာ၊ ငါပြန်မရောက်ရင် သမီးလေး လူလောကမှ မျက်နှာငယ်နေရမယ်၊ သမီးလေးရှိနေသေးတဲ့အတွက် ငါသေလို့မဖြစ်သေးဘူး၊ အဲဒီတော့ ဒီဝက်ဝံကြီးကို ဘယ်လိုပုံစံနဲ့ထွက်သွားအောင် မောင်းထုတ်ရင်ကောင်းမလဲ"

ဓားနဲ့မစ်ပေါက်လိုက်ရင်ကောင်းမလား၊ ဒီဓားက သူ့ရဲ့အသက်ကို သေနိုင်ပါ့မလား၊ ဒီအကောင်ကြီး မသေရင် ငါ့အတွက် ဒုက္ခရောက်နိုင်တယ်၊ အဲဒီတော့ ဘာလုပ်ရင်ကောင်းမလဲ တစ်ခုခုတော့ စဉ်းစားရမှာပဲ"

ကိုစံသိန်းသည် နွယ်ကြိုးအား တင်းကြပ်စွာဆုတ်ကိုင်ရင်း စဉ်းစားနေသည်။ ၎င်းသည် ပြုတ်ကျမည်ဖြစ်သွားလိုက်၊ ပြန်ဆုပ်ကိုင်ထားလိုက်နှင့်တစ်ယောက်တည်း အလုပ်များရှုပ်နေပေ၏။ ကိုစံ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းအတွက် အခွင့်ကောင်းတစ်ခုနှင့် ကြုံတွေ့လိုက်ရသည်။ မျှော်လင့်မထားသည့်မြင်ကွင်းကြောင့် ပျော်ရွှင်သွားပေ၏။

ဖြစ်စဉ်သည် တခြားမဟုတ် ကြီးမားသည့် ကျားတစ်ကောင်ထွက်ပေါ်လာသည်။ ကျားသည် ဝက်ဝံအား နေရာကောင်းရရှိရန်ချောင်းနေသည်။ ထို့အတွက်ကြောင့် ဝက်ဝံအား တိုက်ခိုက်ရန် စောင့်ဆိုင်းနေသည်။ ကျားသည် တစ်လှမ်းချင်းလျှောက်လှမ်းနေသည်။ ကိုစံသိမ်းသည် အကြံတစ်ခုရလိုက်သည်။ အကြံအား အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

ငှင်းနောက် တစ်တောလုံး ဆူညံမှုများစွာ လွှမ်းမိုးသွားပေ၏။

"ဝေါင်း..."

"ဖျောင်း... ဖျောင်း..."

"ဝုန်း... ဝုန်း..."

ကျားကြီးသည် အထိတ်တလန့်ဖြစ်၍ ဝက်ဝံအား အရှိန်နှင့်ခုန်အုပ်လိုက်သည်။ အကြောင်းမှာမူ ကိုစံသိမ်းသည် မြားပြောင်းနှင့် ကျားကြီးအား မှတ်လိုက်သည်။ မြားတံသည် ကျားကြီးအား





ထိုးစိုက်သွားသည့်အတွက်ကြောင့် အလန့်တကြားဖြစ်ပြီး ဝက်ဝံအား ပြေးအုပ်လိုက်သည်။ ဝက်ဝံသည် ကျားကြီး၏ တိုက်ခိုက်မှုအား ကြောက်ရွံ့၍ ရုတ်တရက် ကိုယ်လွတ်ရုန်းထွက်ပြေးသော်လည်း မှောက်ကျသွားသည်။ ကျားကြီးသည် ဝက်ဝံအား ခြေသည်းများဖြင့် တိုက်ခိုက်လျက်ရှိနေ၏။ ဝက်ဝံသည် ကျားကြီးအား တိုက်ခိုက်နေ၏။ နှစ်ကောင်သား အသေအခံတိုက်ခိုက်နေသည်။

ကျားကြီးသည် ဝက်ဝံကြီးအား ရှေ့လက်နှစ်ချောင်းဖြင့် ထုတ်သလို ကိုက်ခဲနေသည်။ ထို့အတူ ဝက်ဝံသည် ကျားကြီးကဲ့သို့ အခံတိုက်ခိုက်ကိုက်ခဲနေသည်။ အားအင်များ ညီမျှနေသည့်အတွက် အရှုံးအနိုင်မပေါ်သေးပေ။

ထိုအချိန်တွင် ကိုစံသိမ်းသည် နွယ်ကြိုးကိုလွှတ်ပြီး မြေပြင်ပေါ် ခုန်ချ၍ ထွက်ပြေးနေပေ၏။

ငှင်းကျားကြီးနှင့်ဝက်ဝံတို့ တိုက်ခိုက်ချိန်တွင် ကျားကြီးနိုင်သွား၍ ဝက်ဝံသေဆုံးသွားလျှင် ကျားကြီးသည်လည်း သေဆုံးသွားမည်မှာ မုချပေ၏။ တခြားမဟုတ် ကိုစံသိမ်း၏ လက်ချက်အဆိပ်လူးမြားကြောင့်ပင်ဖြစ်သည်။



burmeseclassic.com

www.burmeseclassic.com



ကိုစံသိန်းသည် အသက်ရှင်ရေးအတွက် ပြေးနေရပေတော့သည်။

* * *





## အခန်း (၁၄)

### ပြောင်းလဲသွားသည့်ဘဝ

လွန်စွာ အံ့ဩစရာကောင်းနေပေ၏။

ကိုစံသိန်းသည် လာလမ်းအတိုင်းပြန်ချိန်၌ လမ်းတွင် လူဝံကြီးတစ်ကောင်နှင့်ထပ်မံတွေ့ပြန်သည်။ လူဝံကြီးအား ရင်ဆိုင်နိုင်စွမ်း မရှိသည့်အတွက် တောင်စောင်းတစ်နေရာသို့ ပုန်းခိုလျက်ရှိသည်။

၄င်းပုန်းခိုသည့်နေရာသည် မကြာသေးခင်အချိန်မှာ တောရိုင်းတိရိစ္ဆာန်များ တိုက်ခိုက်ထားသည့်အတွက် တောင်မြေများသည်



www.burmeseclassic.com

www.burmeseclassic.com



ပွာကျဲလျက်ရှိနေသည်။ ကိုစံသိန်းသည် လူတစ်နေရာစာဖြစ်နေသည့် နေရာတွင် ဝင်ရောက်ပုန်းခိုနေပြီး လူဝံကြီးအား ကြည့်နေသည်။ သူ လမ်းသွေ့သွားနေသည်။ ဝမ်းသာရပေ၏။

ကိုစံသိန်း ပုန်းခိုနေသည့်နေရာ၌ အံ့သြစရာဖြစ်ရပ်နှင့် ကြုံ တွေ့ရသည်။ ကိုစံသိန်းသည် ၎င်းနေရာအား ကျော်ခိုင်းရန် ဆုံးဖြတ် လိုက်သည်။

"ဟာ… ဒါ ဘာအိုးကြီးပါလိမ့်၊ အိုးက ရှေးဟောင်းအိုး လေးပဲ"

အိုးသည် မြေအိုးတစ်လုံးဖြစ်ပြီး အိုး၏ဘေး၌ ကနုတ်ပန်း များ ပုံဖော်ထား၏။ ကိုစံသိန်းသည် အိုးလေးအား လွန်စွာ စိတ်ဝင် စားသွား၏။ ပါလာသည့်ဓားနှင့် မြေများအား တူးဖယ်နေသည် အိုးသည် တစ်ဖက်သို့ စောင်းနေသည့်အတွက် တစ်ဖက်တွင် ပေါ်နေ ခြင်းသာဖြစ်သည်။ မြေအိုးလေးသည် အဖုံးပိတ်လျက်ရှိ၏။

ကိုစံသိန်းသည် မြေအိုးလေးအား မ,ယူပြီး အဖုံးလေးအား ဖွင့်လိုက်သည်။ ပထမဆုံးကတ္တီပါ ပိတ်စလေးတစ်ခု တွေ့လိုက် သည်။ ၎င်းမြင်ကွင်းကြောင့် ကိုစံသိန်း လွန်စွာ စိတ်ဝင်စားသွား





သည်။ ၎င်းနောက် ကတ္တီပါစလေးအား ဖွင့်လိုက်ချိန်၌ လွန်စွာ အံ့သြ သွားပေတော့သည်။ မြေအိုးအတွင်း၌ ရွှေဒင်္ဂါးများနှင့် လက်ဝတ် ရတနာများ တွေ့လိုက်ရသည်။ ၎င်းကြောင့် ကိုစံသိန်း လွန်စွာ ပျော် ရွှင်သွားပေသည်။

"ငါသူဌေးဖြစ်ပြီ ငါတို့သားအဖနှစ်ယောက် အေးချမ်းစွာ ထိုင်စားသောက်နိုင်ပြီ၊ မခင်မှုတို့ သားအမိနှစ်ယောက်အတွက် ကောင်းမှုကုသိုလ်လုပ်ပေးနိုင်ပြီ၊ ဒီနေ့ဒီအချိန်ကစပြီး ငါတို့ သားအဖ နှစ်ယောက်မှာ ပူပင်ကြောင်းကြသောကတွေ မရှိတော့ဘူး… ဟော… ဒါလိုလူ ဇွတ္တမှာရှိနိုင်ရိုးလား"

"ဟား… ဟား… ဟား"

ကိုစံသိန်းသည် အော်ဟစ်ရယ်မောလိုက်သည်။ ၎င်း၏ အသံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားသည်။ ကိုစံသိန်း သည် ရတနာပစ္စည်းများ ထည့်ထားသည့် အိုးလေးအား ဝမ်းသာမှု မျက်ရည်နှင့် ကြည့်နေပေသည်။

ဘဝတွင် ဤမျှလောက် များပြားသည့် ရတနာများ တွေ့ဖူး သည် ပထမဆုံးအကြိမ်နှင့် ပထမဆုံး ပိုင်ဆိုင်ရခြင်းသာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုစံသိန်းသည် ပျော်ရွှင်မှုများအတွက် ဝန်းကျင်တစ်ခုလုံး မည်သို့ဖြစ်နေသည်ဆိုတာ မသိအောင်ဖြစ်နေသည်။ စိတ်ထဲ၌ ဆုံး ဖြတ်ချက်တစ်ခုအား ပြတ်သားနိုင်မာစွာ ချလိုက်ပေ၏။

* * *





## အခန်း (၁၅)

## ခွေ့ဘုံပေါ်ရောဘ်သူများ

လွှန်စွာ အုံ့ဩကုန်ကြသည်။

ငှင်းအုံ့ဩမှုများသည် ဝက်ဖြူတောင်ရွာတွင်မက တခြား များသည် လွှန်စွာအုံ့ဩကုန်ကြပေ၏။ ကိုစံသိန်းသည် နေထိုင်ရာ အိမ်လေးအား ဖျက်စီးလိုက်ပြီး ကြီးမားသည့် လေးပင်၊ငါးပင်အိမ် ကြီးတစ်လုံး, ခန့်ညားလှပစွာ တည်ဆောက်လိုက်သည်။ တစ်ဆက် ည်း၌ ရှာရှိလယ်ယာများစွာအား ဝယ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တုန်းက မောင်စံသိန်းသည် ယခုအခါ သူဌေးကြီး ဦးစံသိန်းအဖြစ်သို့ ရောက်ရှိသွားသည်။ ၄င်းကြောင့် လှဝတီသည် သူဌေးသမီးလေးအဖြစ်သို့ ရောက်ရှိသွားပေ၏။ ကိုစံသိန်းသည် ချမ်းသာသည့်သူဌေးတစ်ယောက်ဖြစ်ပေမယ့် ဘဝင်မြင့်ခြင်းမရှိ အားလုံးကို အဆင်ပြေအောင် ပေါင်းသင်းနေထိုင်တတ်သည်။

"ကိုစံသိန်းက မရှိဟန်ဆောင်ထားတာပါဗျာ၊ အခုကျတော့လည်း အမခန်းလောက်ပါတယ်၊ ရွာမှာ ချမ်းသာပါတယ်ဆိုတဲ့ ဖမြသာတို့ တောင်သူလောက်ချမ်းသာမယ်လို့ မထင်ဘူးဗျာ"

"ဟုတ်ရဲ့လား အေးဝင်းရာ၊ ကျုပ်ကတော့ မထင်ပါလားဗျာ"

"ကျုပ်က ကိုစံသိန်းနဲ့ အနီးကပ်နေရတဲ့သူပါဗျာ၊ သူ ဘာလုပ်နေတယ်၊ ဘာလုပ်မယ်ဆိုတာ ကျုပ်ကို အရင်ဆုံးတိုင်ပင်တာပဲဗျာ"

"အဲဒီလောက်ချမ်းသာရအောင် အဲဒီပစ္စည်းတွေ ဘယ်ကရတာလဲ၊ ရိုးသားရဲ့လားဗျာ"

"သူတို့မိသားစုက နာမည်ပျက်မှ မရှိခဲ့တာပဲဗျာ၊ အဘအုန်းဆို တစ်ရွာလုံးက လေးစားရတဲ့ ပုဂ္ဂိုလ်ပဲလားဗျာ"





၄င်း၏စကားကြောင့် ကြွက်ပျင်း ခေါင်းအား တစ်ချက်ညိတ်လိုက်သည်။

အေးဝင်းသည် သူဌေးစံသိန်း၏သူငယ်ချင်းအရင်းတစ်ယောက်ဖြစ်သလို စံသိန်းလုပ်ချင်တာတွေကို အေးဝင်းအားတိုင်ပင်လေ့ရှိသည်။ ယခုလည်း ကိုစံသိန်းလုပ်ငန်းကြောင့် အေးဝင်း ထွက်လာခဲ့ခြင်းဖြစ်နေ၏။

အလုပ်ကိစ္စ စကားပြောပြီးသည်နှင့် တောအကြောင်း၊ တောင်အကြောင်းများအား ပြောနေကြပေ၏။ ထိုအချိန်၌ နောက်ထပ်တစ်ယောက်ရောက်ရှိလာကြပေ၏။ ရောက်ရှိလာသူများသည် ကြွက်ပျင်း၏ သူငယ်ချင်း နောင်ချင်းပင်ဖြစ်သည်။

"နောင်ကြီး ဘယ်ကလှည့်လာတာလဲ"

"ကျုပ် ခင်ဗျားကို တွေ့ချင်လို့ တမင်လာခဲ့တာ၊ ဟာ… ကိုအေးပါ ရောက်နေတာကို အတော်ပဲဗျာ"

ပြောပြီးသည်နှင့် နောင်ချင်းသည် ကြွက်ပျင်းနှင့်အေးဝင်းတို့ရှေ့တွင်ထိုင်လိုက်သည်။ ၄င်းတို့သည် နောင်ချင်းအား ကြည့်လိုက်ကြသည်။ နောင်ချင်းသည် မြန်မာလူမျိုးမဟုတ် သလိုင်းလူမျိုးတစ်ယောက်ဖြစ်သလို ရိုးသားပွင့်လင်းသည့်သူ၊ လူမျိုး၏ ဂုဏ်ကို အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းနေသူတစ်ယောက်ဖြစ်၏။ တစ်ခါတလေ စကားပြောကြသည့်အခါ ရာဇဝင်တွေကိုပါ ပြော၍ ကြွားတတ်သည်။

"ကျုပ်တို့သလိုင်းလူမျိုးတွေ အထင်မသေးနဲ့ဗျာ၊ သထုံမနူဟာမင်းကြီးသည် ကျုပ်တို့လူမျိုးက ဘုရင်ဖြစ်တာဗျ"

နောင်ချင်း၏ စကားအား တချို့ရွာသားတွေသည် အဟုတ်ထင်နေတတ်ပေ၏။ တချို့လက်ခံခြင်းမရှိအောင်ဖြစ်နေကြ၏။ မည်သို့ပင်ဖြစ်စေကာမူ ရွာသားများသည် နောင်ချင်းအား ခင်မင်သည်မှာ ရိုးသား၍သာဖြစ်သည်။

"ကဲ... နောင်ကြီး ဘယ်ကနေ ဘာကိစ္စရှိလဲ ပြောဗျာ"

"ဒီကိုလေဗျာ"

"ဒီကိုလေဗျာ လာရင်းက ကိုကြွက်ဆီကို လာတာပဲ၊ ကိစ္စက ကိုစံလှဆီမှာ ကျုပ်ရဲ့ယာ သုံးဧကကို ခွဲရောင်းချင်တယ်၊ အခု ကိုအေးပါရောက်လာပြီဆိုတော့ ကိုအေးကိုပါ ပြောတာပေါ့ဗျာ"

"ကိုနောင်ကြီးက ဘာလို့ ယာသုံးဧကကို ခွဲရောင်းချင်ရတာလဲ၊ ခင်ဗျားတို့မှာ အဲဒီလောက် အခက်တွေ့နေပြီလား၊ ကျုပ်အနေနဲ့တော့ မရောင်းစေချင်ဘူးဗျာ၊ ခင်ဗျားယာတွေက အင်မတန်ကောင်း





တယ်ဗျာ"

ကိုအေးသည် နှမြောခြင်းများစွာနှင့် ပြောလိုက်သလို ကိုနောင်ချင်း၏ လယ်ယာများသည် လွန်စွာအဖိုးတန်နေသည်။ ၎င်းအတွက် မရောင်းစေချင်သည့်ဆန္ဒများဖြင့် ပြောလိုက်ခြင်းပင်ဖြစ် သည်။

"ကျုပ်သဘောပေါက်ပါတယ် ကိုအေး၊ ကျုပ်ကလည်း ယာတွေကို မရောင်းချင်ပါဘူး၊ ဒါပေမယ့် မဖြစ်ဘူးဗျာ"

"ဘာလို့ မဖြစ်တာလဲ နောင်ကြီးရာ"

"ကျုပ်ရဲ့သားပေါ့ဗျာ၊ ကျုပ်သားက ကိုလှသော်ရဲ့ သမီးကို ခိုးပြေးတယ်ဗျာ၊ အဲဒါ လာပြန်အပ်ပါဆိုတော့ ပြန်အပ်ရမယ်လေဗျာ၊ အဲဒီအတွက် ကျုပ်မှာ ငွေနည်းနေတယ်"

မှတ်ချက် (ပြန်အပ်သည်ဆိုသည့်စကားသည် ယောကျ်ားလေးရှင်တမိန်းကလေးရှင်အား အကြောင်းကြားပြီး သားရေလျှော်မပါခေါ်ပြီး ထုကြီးဆုံရာနှင့် ပြန်ပို့ရသည်။ ထိုသို့ ပို့ပြီးသည်နှင့် မင်္ဂလာရက်ကိုပါ တစ်ခါတည်းသတ်မှတ်ကြသည်။ အလွယ်ဆုံးပြောရလျှင် အကြောင်းလစ် ယောအခြစ် အသိအမှတ်ပြု ဝထမင်္ဂလာ၊ အကြီးမင်္ဂလာသူကြခြင်းဖြစ်သည်။ ထိုသို့ပြောလိုက်သည့်အတွက် မင်္ဂလာ ဘယ်နှစ်ယူသလဲ

www.burmeseclassic.com



ပေးစရာဖြစ်လေသည်။ နတ်ိယမင်းလာသည် ထက်ထပ်ယူကြပည့် ဖူး
နွေးနွေး ဝနီးမောင်နှံကို နတ်အပေါင်းများနှင့် နစ်ဖတ်မိသများ
ရှိရာနတ်တို့ ပူဇော်ပသသဝင်လာလှသည်။ တဝါယမင်းလာသည် နစ်ဖတ်
မိသများ အမှူးပြုပြီး၊ နေထိုင်ရာရွာနှင့် တခြားရွာများမှ ဆွေမျိုးမိတ်
သင်္ဂဟများအား ခန့်ညားစွာ ဧည့်ခံကျွေးမွေးသည်။ ထိုအခါတွင်
တရားဝင်အကြင်လင်မယားအဖြစ် သတ်မှတ်ကြသည်၊ ၎င်းတို့နှစ်ဦး
ရွာများ၏ ဓလေ့ထုံးစံဝင် ဖြစ်နေပေသည်။

ယခု ကိုနောင်သည် လိုအပ်သည့် ငွေအသပြာသည် သား
မင်္ဂလာကိစ္စကြောင့်ပင်ဖြစ်သည်။ ကိုအေးတို့သည် ကိုနောင်အား ကြည့်
နေသည်။ ကိုနောင်သည် ယာသုံးကေရောင်းရမှာကို လွန်စွာနှမြော
တသဖြစ်နေပေ၏။

"ခင်ဗျား ဆုံးဖြတ်ပြီးပြီလား နောင်ကြီး"

"ကျုပ်ရဲ့ ဆုံးဖြတ်ချက်က ပြင်လို့မရတော့ဘူး ကိုအေး
ဒီအချိန်မှာ ကိုစံသိန်းဟာ နောက်ဆုံးကယ်မယ့်သူပဲဗျာ"

"ကိုစံသိန်းက ဆင်းရဲသားတွေရဲ့ဘဝကို နားလည်တာထက်
ဒုက္ခရောက်သူတွေကို ပိုပြီး ကူညီကြတယ်ဗျာ၊ ခင်ဗျားတို့အပ်တာ





တို သူကတော့ လက်ခံမှာ သေချာတယ်၊ နောင်ကြီး ပြောပြီးတဲ့
စကားကို ပြန်ပြင်ရင် စိတ်ဆိုးတတ်တယ်ဆိုတာ သိတယ်နော်"

"အခုမှ မဟုတ်ဘဲဗျာ၊ ဟိုတုန်းထဲက သူ့စိတ်က ဒီလိုပဲ
ဗျာ သိတာပေါ့၊ ကျုပ်လိုချင်တာကိုပဲ ကူညီမယ်၊ မကူညီဘူးဆိုတာ
သိချင်တာပဲ"

ကိုအေးသည် နောင်ချင်းအား တစ်ချက်ကြည့်လိုက်သည်။
၎င်း၏အကြည့်သည် လွန်စွာအဓိပ္ပာယ်ရှိသည်။ တကယ်တော့ ကိုစံ
သိန်းသည် တတ်နိုင်သလောက် ကူညီသည်၊ ကူညီသည့်အခါ အများ
နှင့်မတူ အတတ်နိုင်ဆုံး မျှတအောင်လုပ်ဆောင်ပေးသည်။

ထိုကူညီမှုအတွက် ၎င်း၏ပြိုင်ဘက်များသည် ကိုစံသိန်း၏
အပေါ် အမြင်စောင်း၍ ဒေါသများစွာထွက်နေတတ်သည်။

"ပြောနေကြတာတယ်ဗျာ၊ ကျုပ်နဲ့အခုပဲ လိုက်ခဲ့၊ ကိုကြွက်
ရောပေါ့ဗျာ"

ထိုသို့ပြောပြီးနောက် ၎င်းတို့သည် ကိုစံသိန်းရှိရာအိမ်သို့
ထွက်ခဲ့ကြပေသည်။ ကိုစံသိန်းသည် မည်သူမဆို အချိန်မရွေး ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တွေ့နိုင်သလို အလုပ်နှင့်လက်မပြတ်အောင်ဖြစ်နေပေတော့သည်။

* * *





အခန်း (၁၆)

## အတိတ်တောင်းကိုတမ်းတခြင်း

အိမ်ကြီး၏အပေါ်၌ ချောမောလှပသည့် မိန်းကလေးတစ်ဦးနှင့်အတူ အသက်ကြီးအဘွားအိုတစ်ယောက်နှင့် အသက်လေးဆယ်မိန်းမတစ်ယောက်တို့ ထိုင်နေကြသည်။ ၄င်းတို့သည် ရှေ့ဟောင်းနှောင်းဖြစ်စကားများ ပြောနေကြသည်။ ၄င်းစကားများသည် လွန်စွာကြေကွဲမှုများ လွှမ်းမိုးလျက်ရှိပေ၏။

"ဒီအချိန်မှာ အမေနဲ့အစ်မကြာဖြူတို့သာရှိနေရင် ဘယ်လောက်ပျော်စရာကောင်းမလဲနော် အဘွားညွန့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မြေးလေး၊ အဘွားညွန့်လည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ၊ ဒီအချိန်မှာ မြေးကြီးနဲ့မြေးလေးရဲ့ အမေများရှိရင် ဘယ်လောက်များပျော်စရာကောင်းမလဲ မသိဘူး၊ သူတို့သာရှိနေရင် ဒီမိသားစုမှာ ဘာမှမလိုအပ်တော့ဘူး၊ အရာရာကို ပြည့်စုံသွားပြီလို့ ထင်ရမှာပဲ၊ အခု မြေးလေးတို့မှာ အားလုံး ပြည့်စုံတယ်၊ အဲဒီ တစ်ခုပဲ လိုအပ်နေတာ"

"ဟုတ်တယ်နော် အဘွားညွန့် ကျွန်မလည်း တစ်ခါတလေ ကျရင် အဲဒါကိုပဲ စဉ်းစားမိတယ်၊ အစ်မကြာဖြူနဲ့ အကြီး မခင်မူတို့ က မစ်စားထိုက်ဘူးလို့ထင်တယ်၊ ဒီလိုချမ်းသာတဲ့ဘဝမှာ မနေရ ဘူးဆိုတာကိုပဲ စိတ်မကောင်းဖြစ်နေတယ်"

ထိုသို့ပြောပြီး လွန်စွာ စိတ်မကောင်းစရာများ ဖြစ်ပေါ်နေ ကြပေ၏။ ၎င်းတို့၏ ထင်မြင်ချက်သည် လွန်စွာမှန်ကန်ပေသည်။ ထိုမိသားစုသည် ရွာအတွင်း၌ နေထိုင်စဉ်မှာ ချမ်းသာသည့် ဘဝကိုရို မစဉ်းစားမိသလို မိသားစုအဆင်ပြေရန် ဖခင်သည် အချိန်နှင့်အမျှ ကြိုးစားနေသည်။

၎င်းကြိုးစားနေချိန်တွင် မြကြာဖြူတို့ ညီအစ်မနှစ်ယောက် နှင့် မိခင်အား မည်သည့်အလုပ်ကိုမျှ နိုင်းစေခြင်းမရှိ အိမ်၌သာ ထားစေသည်။ မိခင်နှင့်အစ်မကြာဖြူသည် အလုပ်လုပ်ရန် ဖခင်ထံ ခွင့်တောင်းသည်မှာ အကြိမ်ပေါင်းသောင်းခြောက်ထောင် မည်သို့ပင်





တောင်းစေကာမူ ဖခင်သည် မည်သို့မျှ ခွင့်ပြုခြင်းမရှိ။

ပိုင်ဆိုင်ထားသည့် ယာသုံးဧကကို တစ်ယောက်တည်း လုပ် ကိုင်စားသောက်လျက်ရှိပေ၏။

ယခုတော့ ယာဧကပေါင်းများစွာအား ပိုင်ဆိုင်ထားသည်။ အလုပ်သမားများစွာနှင့်အတူ လုပ်ကိုင်နေသည့် သူဌေးကြီး ဦးစံသိန်း သည် နံပါတ်တစ်နေရာသို့ ရောက်ရှိနေသည်။ အိမ်ကြီး၌ လူအဝင် အထွက် လွန်စွာ စည်ကားနေသလို ဝတီ၏ အနီး၌ အထိန်းတော် များစွာရှိသည်။

ဝတီသည် သခင်မလေးတစ်ပါးကဲ့သို့ နေထိုင်လျက်ရှိသည်။ ဝတီအတွက် လိုအပ်သည်များစွာအား ပြည့်စုံသည့်အထိ ဖြည့်ဆည်း မှုများစွာ ရှိနေသည်။ ဝတီမျက်နှာ မညှိုးအောင် ကြည့်နေကြသည်။

"အမေဆို အမေနဲ့အစ်မကြာဖြူရဲ့အကြောင်းကို အမြဲပြော ပြီး စိတ်မကောင်း မကြာခဏဖြစ်နေတယ်၊ တစ်ခါတစ်ခါ အမေ့ ကိုတောင် သနားတယ်၊ ဒါကြောင့် အမေနဲ့အစ်မကြာဖြူတို့အတွက် ကုသိုလ်တွေ ပြုလုပ်ပေးနေတယ်"

"ဒါ ကောင်းတယ်မြေးလေးရယ်၊ သားရဲ့လုပ်ရပ်ကို အဘွား ညွန့်ကတော့ ချီးကျူးမိတာ အမှန်ပဲ၊ အဘွားညွန့် စိတ်မကောင်းတာ က မြေးကြီးမြကြာဖြူကိုပဲ အခုထိသေသွားလား၊ ရှိသေးလား မသိရ တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘွားညွန့်၊ ကျွန်မလည်း အဲဒါကိုပဲ တွေ
နေတာပဲ၊ အဖေဆို နေရာတိုင်းကို စုံစမ်းနေတာ အခုထိပဲ၊ အဲ
လောက် စုံစမ်းနေတာတောင် ဘယ်သူမှ သတင်းလာရောက်ပို့တ
မရှိဘူး"

"သြော်... အစ်မကြာဖြူ ဘယ်ကိုရောက်လို့ ဘာတွေမျ
ဖြစ်နေပြီလဲ အစ်မကြာဖြူရယ်၊ အစ်မကြာဖြူ လူလောကမှာ သက်
ထင်ရှားရှိနေရင် နတ်ကောင်းနတ်မြတ်တွေက ပြန်လည်၍ ပို့ပေးပြ
ပါလို့ ဆုတောင်းပါတယ်"

ဝတီသည် ထိုသို့ပြောပြီးနောက် မျက်ရည်များ အလိမ့်လိမ့်
စီးဆင်းကျလာပေသည်။ ပျောက်သောသူ ရှာရင်တွေ့၊ သေသော
ကြာရင်မေ့ ဆိုသောစကားရှိခဲ့သော်လည်း ပျောက်ဆုံးသွားသည့်သူ
ရှာတွေ့ဖို့မဆိုထား သတင်းအစအနများကိုပင် တွေ့ရှိခြင်းမရှိအော
ဖြစ်နေသည်။ ထို့အတူ ကိုစံသိန်းသည် သေဆုံးသွားသည့် မိန်းမ
အပေါ် သစ္စာရှိသည့်အနေနှင့် နောက်ထပ်အိမ်ထောင် မပြုဘဲ၊ သ
အငယ် ဝတီနှင့်အတူ နေထိုင်လျက်ရှိပေတော့၏။ ဝတီသည် အစ်
ဖြစ်သူ မြကြာဖြူပြန်ရောက်လာပါစေဟု အချိန်နှင့်အမျှ ဆုတော
နေပေတော့သည်။

* * *





အခန်း (၁၇)

## အတိတ်ဘဝပြောပြသူ

စာရှုသူအပေါင်းတို့အား တောင်းပန်စကားပြောလိုက်ချင်ပါ
ည်။ အထက်ပါဇော်ပြနေသည့် ဇာတ်ကြောင်းအား ထိုနေရာ၌ ခေတ္တ
ဆိုင်းထားလိုက်ချင်ပါသည်။ မည်သို့ကြောင့် ရပ်ဆိုင်းလိုက်ရသလဲ
သည့်မေးခွန်းအား ထုတ်ခြင်းမပြုလုပ်ဘဲ အောက်ပါဇော်ပြထား
ည့်ဇာတ်ကြောင်းအား ဆက်လက်ဖတ်ရှုကြပါရန် လေးစားစွာ တိုက်
န်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖတ်ရှုနေချိန်တွင် တရွာသူများအတွက် မှတ်သားထော[...] ရန် တစ်ခုအား ကြိုတင်မှာထားချင်ပါသည်။ အကြောင်းမှာမူ ယ[...] ဖြတ်ထားခဲ့သည့်ဇာတ်လမ်းနှင့် ဆက်လက်ဖော်ပြသည့်ဇာတ်လမ်[...] မည်သည့်နေရာ၌ ပြန်လည်၍ ဆက်ထားသည်ဆိုတာကိုပါ။ အဲဒါလေ[...] တို့ သိထားလိုက်တာနှင့် ဇာတ်လမ်း၏အကြောင်းအား သဘောပေါ[...] သွားသိမ့်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြရင်း အောက်ဖော်ပြထာ[...] သည်အား ဆက်လက်ဖတ်ရှုစေချင်ပါသည်။

တရေး[...]

ထိုအချိန်သည် အ,ကဝလညဟုခေါ်တွင်စေသည်။ ဝန်းကျ[...] တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးလျက်ရှိနေသည်။

နေရာဒေသသည် လူသူကင်းမဲ့သည့် တောတောင်အစွ[...] ၌ ဖြစ်ပေ၏။ ထိုနေရာသည် တောရိုင်းတိရစ္ဆာန်များ ကျင်လည်ကျက်[...] စားရာဌာနဖြစ်ပေ၏။

၎င်းနေရာ၌ မိန်းကလေးတစ်ယောက် ကြေကွဲခြင်းများ[...] အား ရင်၌ပိုက်လျက် ပြေးနေပေသည်။ ပြေးနေသူမိန်းကလေးသ[...] တခြားသူမဟုတ် မြကြာဖြူပင်ဖြစ်သည်။ မြကြာဖြူသည် မိခင်အ[...] တွေ့လိုစိတ်နှင့် တောအတွင်းသို့ ဝင်ရောက်သွားချိန်တွင် ရွ[...]





[...]ကြောက်စရာကောင်းသည့် ကျားကြီးတစ်ကောင် ရောက်ရှိလာပါ [...]သည်။ ကျားကြီးသည် မာန်ဖီ၍ အနောက်မှလိုက်နေသည်။ မြကြာဖြူ [...]သည့် ကြောက်စိတ်များလွှမ်းမိုးလျက်ရှိသည်။ မိဘ ညီအစ်ကို [...]ောင်နှမများအား သတိရသည့်စိတ်များ ပျောက်ကွယ်သွားပြီးနောက် [...]ခြင်းတည့်ရာသို့ ပြေးနေသည်။

၎င်းပြေးနေချိန်၌ ကျားကြီးသည် အနောက်မှလိုက်လာလိုက်၊ [...]ျောက်ကွယ်သွားလိုက်နှင့်ဖြစ်နေသည်။ မြကြာဖြူသည် စိုးရိမ်စိတ် [...]းနှင့်အတူ တောအထုပ်ထပ်၊ တောင်အသွယ်သွယ်များအား ဖြတ် [...]ကျော်၍ ပြေးနေသည်။ ပြေးနေသည်မှာ တစ်ရက်မဟုတ် ရက်ပေါင်း [...]းစွာပင် ဖြစ်နေပေတော့၏။

တစ်နေ့သော ညနေစောင်း၌ မြကြာဖြူသည် တောင်ကုန်း [...]စ်ခုပေါ်၌ အရောက်တွင် ရှေ့မှ တောဝက်ကြီးတစ်ကောင်နှင့် ရင် [...]င်ကြုံတွေ့ရသည်။ အနောက်မှ ကျားရိုင်းတစ်ကောင်ရှေ့မှာ တော [...]က်တစ်ကောင်တို့ ကြုံတွေ့ရသည့်အတွက် ပြေးစရာလမ်းမရှိသည့် [...]တွက် အသံတစ်ခု ရုတ်တရက်ထွက်ပေါ်လာသည်။ ၎င်းအသံသည် [...]ားကျယ်လောင်ပြတ်သားပေ၏။ "သမီးငယ် ဓားကိုခုန်ချလိုက်" [...]အသံသည် မည်သည့်နေရာမှ ထွက်ပေါ်လာသည်ဆိုတာ မသိရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပေမယ့် ခုန်ချရန်လည်း လွန်စွာ ခက်ခဲနေ၏။

မြကြာဖြူသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ရပ်နေ၏ ကျားကြီးနှင့်တောဝက်သည် ၎င်းထံဦးတည်လာနေပေသည်။

"ခုန်ချလိုက်… ခုန်ချလိုက်"

ထိုအချိန်တွင် မြကြာဖြူသည် ဘေးသို့ခုန်ချ၍ ရှောင်လိုက် သည်။ ဝန်းကျင်တစ်ခုလုံး ကျယ်လောင်သည့်အသံတစ်ခု ထွက်ပေါ် လာသည်။ ၎င်းမှာ ကျားကြီး၏အသံပင်ဖြစ်သည်။ မြကြာဖြူသည် တုန်လှုပ်သွားပေ၏။

တစ်ဆက်တည်း၌ အသံတစ်ခု ကြည်လင်လင်ဖြတ်သန်း ထွက်ပေါ်လာသည်။

"စိတ်တွေကို ထိန်းထားပါ သမီးတော်။ ဘယ်အတွက် ကြောင့် စိတ်ကို အလိုလိုက်နေရတာလဲ"

သူတော်စင်ကြီး၏ အသံပင်ဖြစ်သည်။ သူတော်စင် ရ ကြီးသည် မြကြာဖြူ၏ ဘေး၌ရပ်လျက် မြကြာဖြူအား အ ထေးတရားပြလျက်ရှိသည်။ မြကြာဖြူသည် ညောင်မှဆိတ်အောင်ဖြ ဆောက်၍ မျက်စိကိုမှိတ်၍ တရားအားထုတ်လျက်ရှိသည်။

မြကြာဖြူသည် တရားအားထုတ်နေချိန်၌ တစ်လေ





တွေ့ဆုံခဲ့သည့်ဖြစ်ရပ်များအား ပြန်လည်မြင်ယောင်နေသည့်အတွက် စိတ်များသည် ချောက်ခြား၍ လှုပ်ခတ်နေသည်။ ရသေ့သည် တရား အားထုတ်ရာ၌ စိတ်ကိုထိန်းချုပ်ရန် အကြိမ်ကြိမ်ပြောနေသော်လည်း စိတ်များသည် လှုပ်ခတ်နေသည်။

တကယ်တော့ မြကြာဖြူသည် ခြေဦးတည့်ရာသို့ ထွက်ပြေး နေချိန် တောင်ဆောက်၌ ပြုတ်ကျသွားသည်။ ထိုအချိန်တွင် သူတော် စင် ရသေ့ရောက်ရှိလာပြီး ကူညီစောင့်ရှောက်ထားသည်။ သူတော် စင်ရသေ့ကြီးနှင့် တွေ့ဆုံပြီးနောက်ပိုင်းတွင် မြကြာဖြူ၏ဘဝသည် လွန်စွာ အေးချမ်းလျက်ရှိသလို ရသေ့သည် တရားများအား ပြ၍ သောကရောက်နေသည့်စိတ်များအား ထိန်းချုပ်ထားရန် အမြဲတမ်း ပြောနေသည်။ ၎င်းအတွက်ကြောင့် စိတ်ကို ထိန်းထားသော်လည်း ခု ပြန်လည်၍ ဖြစ်နေသည်။

မြကြာဖြူသည် တရားအားထုတ်ရင်း ဖြစ်ပျက်သမျှအားလုံး ပြန်ပြောနေသည်။

"သမီးတော်…"

သမီးတော်ဟာ ဒီအချိန်မှာ တရားအားထုတ်နေတဲ့သူတော် ကောက်ဖြစ်သလို မြတ်စွာ့ရဲ့သမီးတော်အဖြစ် ခံယူထားတာပဲ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖြစ်ခဲ့သမျှအားလုံးကို မေ့ထားပါ၊ ဖြစ်ပြီးတော့တွေ၊ ဖြစ်နေ တာတွေ၊ ဖြစ်လာမယ့်အရာတွေအားလုံးသည် ငါနဲ့မဆိုင်ဘူးလို့ သဘောထားပြီး လွင့်နေတဲ့စိတ်တွေကို ထိန်းထားလိုက်ပါ သမီးတော်”

သူတော်စင်ဘရသေ့၏စကားသည် ဝန်းကျင်သို့ လွှမ်းမိုး လျက်ရှိနေပေ၏။ သူတော်စင်ကြီးသည် တရားများပြသပြီး အတန်ကြာ ကာလ၌ ရပ်ဆိုင်း၍ တရားအားထုတ်ခြင်းအား အနားပေးစေခဲ့သည်။

“သမီးတော်လေး တရားအလုပ်က စိတ်ကိုအေးချမ်းစေ ရဲ့လား၊ ဖြစ်နေတဲ့သောကတွေရော ပျောက်ကွယ်ရဲ့လား”

“အစကတော့ မရဘူး အခုတော့ တော်တော်ပျောက်ကွယ် စပြုနေပါပြီ ဘရသေ့”

“အေးပေါ့ကွယ် လူသားတစ်ယောက်ဖြစ်လာပြီဆိုတာ အေးချမ်းစွာ နေထိုင်ရမယ်လို့ အဘတို့မြတ်စွာဘုရားက မပြောခဲ့ဘူး၊ လူ သားတစ်ယောက်ဖြစ်လာရင် လောဘ၊ ဒေါသ၊ မောဟ၊ မာနဒိဋ္ဌိ ဆိုတာ ရှိတယ်၊ အဲဒါတွေကို ကိုယ်နဲ့ဆိုင်သလိုနေပါ၊ တကယ်လည်း မဆိုင်ဘူး၊ လျှို့ဝှက်တန်လို့ဖြစ်တာပဲ မဖြစ်ပါနဲ့လို့ တားလို့မရဘူး ဘရသေ့ပြောတာကို သဘောပေါက်လား သမီးတော်”

“ပေါက်ပါတယ် ဘရသေ့၊ အခုရက်ပိုင်းမှာ ဘာကြော





လဲ မသိဘူး၊ ကောင်းကောင်းအိပ်မရဘူး ဘရသေ့”

“မိန်းကလေးသုံးယောက် လာပြီးနှောင့်ယှက်နေတယ် မဟုတ်လားကွယ်”

မျှော်လင့်မထားသည့်စကားအား ကြားလိုက်ချိန်၌ လွန်စွာ အံ့သြတုန်လှုပ်သွားသည်။ မကြာဖြူသည် ထိုမိန်းကလေးသုံးယောက် ကြောင့် အေးအေးဆေးဆေးနေရခြင်းမရှိအောင်ဖြစ်နေသည်။ စိတ်များ သည် ပင်လယ်နက်ထဲမှရေကဲ့သို့ တက်လိုက်၊ ကျလိုက်ဖြစ်နေ၏။ ဒါတောင် ဘရသေ့ကြောင့် ယခုလိုနေနိုင်သည်။

တစ်ယောက်တည်းသာဆိုလျှင် အရူးမတစ်ယောက်ကဲ့သို့ ဖြစ် သွားနိုင်သည်။

“ဟုတ်ပါတယ် ဘရသေ့”

“သူတို့ဟာ တခြားလူတွေမဟုတ်ဘူး သမီးတော်ရဲ့ ဘဝ ဟောင်းကအစ်မတွေပဲ၊ ဘရသေ့ပြောပြမယ်၊ သမီးတော်တို့ဟာ ညီ အစ်မလေးယောက်ရှိတယ်၊ ဝက်မင်းတောင်ပေါ်က စေတီတော်မှာ နေကြတယ်၊ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူမယ့် အရိမေတ္တေယျမြတ်စွာ ဘုရားကို ရတနာပစ္စည်းဝတ္ထုများ လှူဒါန်းရန်အတွက် စောင့်နေကြ တဲ့ အစောင့်တွေပဲ၊ သမီးတော်တို့ကို သူတော်စင်အဘိုးအိုတစ်ယောက် က အုပ်ချုပ်တယ်၊ သမီးတော် လူ့လောကကို သွားရောက်ဖို့ ခွင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်းတယ်၊ ရက်နှစ်ဆယ်သာရပြီး သေဆုံးသွားတယ်၊ သမီးတော် ရဲ့အမေ မြေချတဲ့နေရာမှာ သွားရောက်ပြီး ထမင်းကျွေးတဲ့အချိန် ခေါ်လိုက်တယ်၊ သမီးတော်သွားကဲ့အချိန်မှာ လမ်းမှားအောင်လုပ်ပြီ သူ့ကို ပြန်ခေါ်ဖို့ ကြိုးစားတယ်၊ ဒါကို ဘဝဟောင်းက သမီးတော် ရဲ့အဖိုးက သိသွားတယ်၊ အဲဒါနဲ့ ဘရသေ့ကိုလာပြီး အကူညီတောင် တယ်၊ ကယ်ပေးဖို့ပေါ့ အဲဒါနဲ့ ဘရသေ့က ကယ်ပြီးခေါ်လိုက်တာပဲ"

**မှတ်ချက်။ ရက် (၂၀) သည် အသက် (၂၀) နှစ်အား ခေါ်ခြင်းဖြ သည်။**

မြကြာဖြူသည် ဘရသေ့၏စကားအား စိတ်ဝင်စားစွာ နား ထောင်နေသည်။ ထိုသို့ပြောမှ မြကြာဖြူသည် ဘဝဟောင်းအား သတိရလာသည်။ တကယ်တော့ မြကြာဖြူတို့သည် ဝက်မင်းတောင် ပေါ်၌ နေထိုင်ကြသည်။ အရိမေတ္တယျဘုရားရှင်အား ပထမဆုံး ဖူးမြော်ကန်တော့ပြီး ရွှေကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းကြ မည်။ ထိုသို့လှူဒါန်းပြီးမှ ၄င်းတို့ညီအစ်မတွေ ကျွတ်သွားကြမည် ထိုသို့ လှူဒါန်းရန်အတွက် ရှိသမျှ ဝဋ်ကြွေးများအား ထိုဘဝ၌ ပြ လည်၍ ဆပ်နေရခြင်းဖြစ်၏။

၄င်းစကားများသည် ဘရသေ့၏ ပြောစကားများပင်ဖြစ် သည်။ အမှန်တကယ်ဟုတ်ခြင်း၊ မဟုတ်ခြင်းဆိုတာ မြကြာဖြူ သိခြင်း





မရှိ၊ လက်ရှိဖြစ်နေတာများအား မှန်နေသည်။ နောက်ဖြစ်လာမှာနှင့် ဘဝဟောင်းက ဖြစ်ခဲ့သမျှများကို မြကြာဖြူ မသိပေ။

ယခုတော့ မြကြာဖြူသည် ဘရသေ့၏ ကူညီစောင့်ရှောက် မှုအောက်၌ နေထိုင်လျက်ရှိနေပေသည်။ ဘရသေ့သည် တရားလည်း ပြသည်၊ နေစရာကျောက်ဂူတစ်လုံးပေးထားသည်။

ဘရသေ့သည် တစ်ဖက်တောင်သို့ ကြည့်လိုက်ပြီးနောက်...

"သမီးတော်လေးရဲ့ဘဝ ဒီလောကနဲ့ မပြီးပြတ်သေးဘူး သံသရာရှည်ရဦးမယ်၊ အခုလုပ်ဆောင်နေတဲ့ ကုသိုလ်ကောင်းမှုတွေ ကြောင့် အရာရာကို အောင်မြင်မယ်၊ တစ်ခုတော့မှာလိုက်ချင်တယ်၊ အခက်အခဲတွေကို သေချာပြီးမြောက်အောင် စဉ်းစားပါ၊ အဲဒါဆို အောင်မြင်မှုရရှိမယ်၊ မကြာခင် သမီးတော်ဟာ ပြောင်းလဲမှုတစ်ခုနဲ့ ကြုံတွေ့ရဦးမယ်၊ ကဲ... ကဲ ဒီလောက်ဆို ဘရသေ့ပြောတာကို သဘောပေါက်လောက်ပြီပေါ့၊ သမီးတော်လေး အနားယူလိုက်ဦး၊ ဘရသေ့လည်း လုပ်စရာရှိတာလေးကို လုပ်လိုက်ဦးမယ်"

"ကောင်းပါပြီ ဘရသေ့"

ထိုသို့ပြောပြီးနောက် မြကြာဖြူ တရားအားထုတ်နေသည်။ တောင်ထိပ်အား ကျောခိုင်း၍ နေထိုင်ရာသို့ ပြန်လာခဲ့ပေ၏။ ဘရသေ့ သည် တောင်ပေါ်၌သာနေရစ်ခဲ့ပေ၏။ တကယ်တော့ ဘရသေ့သည်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးအား ဦးစားပေးသလို အချိန်တိုင်း တရားအလုပ်ကိုသာ လုပ်ကိုင်လျက်ရှိနေပေတော့သည်။

* * *





## အခန်း (၁၈)

### ကြွေတွဲမှတ်တမ်း

အာရုံဦးအချိန်ကာလသို့ ရောက်ရှိနေသည်။

တိတ်ဆိတ်သည့်ကာလ၌ ဆူညံမှုများသည် လွှမ်းမိုးသွားပေတော့၏။ ၎င်းအသံများသည် သစ်ကိုင်းများ ကျိုးကျသည့်အသံများဖြစ်သလို အိပ်စက်အနားယူနေသည့် တောရိုင်းတိရိစ္ဆာန်များ အထိတ်တလန့် အော်ဟစ်ဖျံသန်းကြသည်။ ၎င်းတို့၏ အသံသည် လွှမ်းခွာကြောကွဲလျက်ရှိနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်မှာ မြေလျှောင်သည် ရက်စက်စွာလှုပ်ရမ်းသွားသည့်အတွက် တောင်များ အက်ကွဲကုန်သည်။ ပြိုကွဲကြကုန်သည်။ တောင်ထိပ်ပေါ်ရှိ ကျောက်တုံးကြီးများ ကွဲ၍ အရှိန်နှင့်တောင်အောက်သို့ ဆူညံစွာ ကြကုန်ကြ၏။ ၎င်းဖြစ်ရပ်များကြောင့် နှစ်ခြိုက်စွာ အိပ်စက်နေသည့် မြကြာဖြူသည် အိပ်ရာက နိုးထသွားပေသည်။

၎င်းဖြစ်ရပ်သည် မြကြာဖြူအတွက် လွန်စွာထူးဆန်းအံ့သြနေပေ၏။ မြကြာဖြူသည် ထိုနေရာသို့ရောက်ရှိနေသည်မှာ လအတန်ကြာရှိနေသည်။ ထိုကဲ့သို့ ထူးဆန်းမှုသည် ပထမဆုံးအကြိမ်သာဖြစ်သည်။

နားထဲ၌ ကြားရသည့်အသံများသည် ကြေကွဲစရာကောင်းသလို ပျော်ရွှင်စရာလည်း ကောင်းနေသည်။ ညအတော်ညဉ့်နက်ချိန်၌ မြကြာဖြူ ဂူအပြင်သို့ထွက်ကြည့်သည်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသည်ဆိုတာ သိနေရပေမယ့် တစ်နေရာသည် လင်းထိန်နေသည်။ ၎င်းနေရာသည် မြင့်မားသည့် တောင်ကြီး၏ထိပ်ပေါ်မှနေ၍ ကောင်းကင်ယံသို့ လင်းရောင်ခြည်များ လွှင့်တတ်နေပေ၏။

၎င်းအချိန်၌ ခန့်ညားလှပသည့် ဝတ်စုံပိုင်ရှင်များသည် သူတော်စင်ကြီးတစ်ပါးအား ထမ်းစင်ကြီးပေါ်သို့တင်၍ ရှေ့နောက်





ထမ်း၍ ကောင်းကင်ယံသို့ တက်သွားကြသည်။ နတ်အပေါင်းများစွာတို့သည် ကောင်းချီးပေး၍ အနောက်မှလိုက်နေကြသည်။ ရှေ့မှသူများသည် မင်္ဂလာမောင်းသံနှင့်အတူ ခရုသင်းမှုတ်သူများလည်း ရှိနေသည်။

မြင်တွေ့လိုက်ရသည့်အချိန်တွင် မြကြာဖြူသည် လွန်စွာအံ့သြနေကြပေ၏။ ၎င်းဖြစ်ရပ်သည် မည်သည့်အတွက်ကြောင့် ဖြစ်သနည်းဆိုတာ ဘရသေ့အား မေးရန်စိတ်ကူးမိသော်လည်း မြကြာဖြူ၏ ဖြစ်ရပ်သည် အိပ်မက်ဖြစ်နေခြင်းအတွက် ခက်နေ၏။

"အိပ်မက်တွေကို ဘာလို့အတည်ယူနေရတာလဲ သမီးတော်၊ ဖြစ်လာမှသာဖြစ်တယ်လို့ သဘောထားလိုက်စမ်းပါကွယ်၊ ဥပါဒ်ဒဏ်ကြောင့် ဥပါဒ်မဖြစ်စေပါနဲ့ သမီးတော်"

ဘရသေ့၏ စကားပင်ဖြစ်သည်။ ထိုစကားအား ပြောခဲ့သည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်သော် ယခုကိစ္စသည် လွန်စွာ ထူးဆန်းလျက်ရှိနေသည်။ မြကြာဖြူသည် အပြန်အလှန် စဉ်းစားနေသည်။ အကြောင်းမှာမူ ယခုတွေ့ကြုံရသည့်ကိစ္စအား မေးမြန်းရန် စဉ်းစားနေသည်။ အချိန်သည် တရွေ့ရွေ့နှင့် အာရုံသို့ ပြောင်းရွှေ့လာပေ၏။ ထူးဆန်းသည်မှာ အာရုံသို့ ရောက်ရှိသည်နှင့် ဘရသေ့



www.burmeseclassic.com

www.burmeseclassic.com



သည် တရားအားထုတ်ရန်အတွက် လာရောက်၍နေသည်၊ ယခု လာရောက်နေခြင်းမရှိသည့်အတွက် မြကြာဖြူသည် ဘရသေ့ရှိရာ တောင်ပေါ်သို့ တက်ခဲ့ပေ၏။

ဘရသေ့ နေထိုင်သည့်တောင်ပေါ်ကျောင်းလေးသည် တံခါး ပွင့်နေသလို ဘရသေ့သည် လက်နှစ်ဖက်ကို ပွေးကာ၍ ပက်လက် အနေအထားနှင့် ရှိနေ၏။ မြကြာဖြူသည် ဘရသေ့၏အနားသို့ရောက် ၍ အကဲခတ်ကြည့်လိုက်၏။ အခါတိုင်း မြကြာဖြူ ကျောင်းအပေါ် သို့ တက်လိုက်သည်နှင့် သမီးတော်လားဟု မေးတတ်၏။ ယခု ထိုကဲ့သို့ မေးမြန်းခြင်းမရှိသည့်အတွက် လွန်စွာ အံ့သြလျက်ရှိသည်။ မြကြာဖြူသည် ဘရသေ့အား အကဲခတ်ကြည့်နေရင်းမှ ပေချပ်နှင့် ရေးထားသည့် စာလေးအား တွေ့လိုက်ရသည်။

မြကြာဖြူသည် ပေချပ်၌ရေးထားသည့်စာလေးအား အသာ မ,ယူ၍ ဖတ်လိုက်မိပေ၏။

သမီးတော်...

သေခြင်းတရားသည် သတ်ရှိသားလုံး၏ နောက်ဆုံးခရီးပါပဲ၊ ဘရသေ့ဟာ သေချိန်တန်နေပါပြီ၊ အဲဒီအတွက် သေမည့်ရက် ကိုစောင့်နေရသည်၊ အခုချိန်မှစ၍ သေပင်းရဲ့ဓါးရာကို လိုက်





ရန်စောင့်နေရပေသည်၊ အကြောင့် သမီးတော်ကို ထွက်သွား ရန် ဘရသေ့ အတန်တန်ပြောခဲ့သေးသည်။

လွန်စွာမှန်နေသည့် ဘရသေ့သည် မြကြာဖြူအား ငှင်းနေ ရာမှ ထွက်သွားရန် အတန်တန်ပြောခဲ့သည်။ မြကြာဖြူမှာ မပြီးပြတ် သေးတာတွေ များစွာရှိနေသေးသည်။ ၎င်းအတွက်ကြောင့် ဘရသေ့ ၏ ကိုယ်ခန္ဓာ မြေမကျခင် ထွက်သွားရန်ပြောခဲ့သည်။ ဒါကို မြကြာ ဖြူ လက်ခံခြင်းမရှိ၊ ဘရသေ့၏အနား၌ တရားအားထုတ်ရန် ပြော ကြားနေ၏။ အခုတော့ ဘရသေ့သည် လူလောကဘဝသို့ ကျော်ခိုင်း ခဲ့ပေ၏။

၎င်းအတွက် မြကြာဖြူသည် လွန်စွာကြေကွဲနေရသည်။ မျက်ဝန်းအိမ်မှ မျက်ရည်များသည် အလိမ့်လိုက်စီးကျလာသည်။

သမီးတော် လက်ခံခဲ့တူး၊ တကယ်တော့ ဘရသေ့တာ လူ လောကကို ကျောခိုင်းဖို့အချိန်ရောက်နေတာ ကြာခဲ့ပါပြီ၊ ဒါပေမယ့် နကွသည်တစ်ယောက်အား တယ်တင်ရန်ရှိနေ သေးသည့်အတွက် စောင့်ဆိုင်းနေရခြင်းဖြစ်သည်၊ တကယ် တမ်း ရောက်ရှိလာတော့ သမီးတော်ဖြစ်နေတယ်၊ တကယ်တော့ သမီးတော်တာ ဘရသေ့ရဲ့ ဆုံးအဝထေ အစ်မ



www.burmeseclassic.com

www.burmeseclassic.com



တော်ဖြစ်နေတယ်၊ အစ်မတော်ဘဝနဲ့ နေခဲ့ပြီးမှ လူ့ဝလောက မှာ တစ်ခေါက်ပြန်ဆုံကြတယ်၊ လူ့လောကရဲ့ ဘုံသရာမှာ ဘယ် လောက်များ ကြောက်စရာကောင်းသလဲဆိုတာ တွေးကြည့်ပါ တော့၊ ဘုရားလောင်းဟာ သမီးတော်ရဲ့ ဇာတကတို ကြိုတင်တွက် ကြည့်ပြီးမှ၊ ဘုံသရာမှာ ဘယ်လောက်တနင်လည်ရဦးမယ်ဆို တာကို ပြောပြမယ် သမီးတော်"

မြကြာဖြူသည် ဘုရားလောင်း၏ စာကို ဖတ်ရင်း နှမြောတသဖြစ် နေသလို လက်များသည် တဆတ်ဆတ်တုန်နေ၏။

မှတ်ချက် (တရားသူအပေါ်တို့ သူတော်စင်ဘုရားလောင်း၏ တတစ်ပိုင်းကို ချန်ထားခဲ့ပါသည်၊ ၎င်းချန်ထားခဲ့သည့်စာပိုင်းကို ဤဝတ္ထု၏ တစ် နေရာ၌ ဖော်ပြထားပါသည်၊ ယခုတိုချန်ထားခဲ့ရသည့်တပိုင်းအတွက် တရားသူအား နားလည်ပေးစေချင်ပါသည်၊ ချန်ထားခဲ့သည့်တပိုင်း သည် ခည်ရှုလောက် အရေးကြီးသလဲဟု မေးလျှင် အားနာနာနှင့် ဖြေကြားချင်သည်၊

တရားသူအတွက် စည်းရှုလောက် အရေးမကြီးပါ၊ မြကြာဖြူ အတွက် လွန်စွာ အရေးကြီးပါသည်၊ ၎င်းအရေးကြီးသည် တပိုင်းကို မြကြာဖြူကိုယ်တိုင်မဖတ်သေးဘဲ နောက်ဆုံးပိုင်းကို ကျော်ဖတ်လိုက်





သည့်အတွက် ဖော်ပြရန် ခက်ခဲသွားခြင်းဖြစ်ပါသည်၊ မြကြာဖြူဖတ်နေ သည့် စာပိုင်းကို ဆက်လက်ဖော်ပြလိုက်ပါသည်၊

တရားသူ

နောက်ဆုံးအနေနဲ့ ပြောလိုက်ချင်တာက ဘုရားလောင်းရဲ့ အလောင်း ကို အပင်ပန်းခံပြီး မြေမြှုပ်ပါနဲ့၊ ကျွသွားပါလိမ့်မယ်၊ အဓိက မှာချင်တာက ထိုနေရာက အမြန်ဆုံးထွက်ခွာသွားဖို့ပဲ၊ သမီးတော်အတွက် လွန်စွာအန္တရာယ်များလွန်းတယ်၊ အချိန်ရ တိုင်း တရားအားထုတ်တဲ့အလုပ်ကို အမြဲမပြတ် လုပ်ဆောင်ပါ၊ အဲဒါ သမီးတော်အတွက် အထောက်အကူ လွန်စွာပေးပါလိမ့် မယ်၊ စာဖတ်ပြီးတာနဲ့ ဒီနေရာကအမြန်ထွက်သွားပါ၊ အန္တရာယ် ပေးမယ့်လူတွေ ရောက်ရှိလာပါလိမ့်မယ်၊

၎င်းနောက် မြကြာဖြူသည် ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင်ဖြစ်သွားသည်။ ညက အိပ်မက်ထဲ၌ ဘုရားလောင်းအား ထမ်း၍ ကောင်းကင်သို့တက်သွားသည်၊ ၎င်းအိပ်မက်သည် တကယ်မှန် ပါလားဟု စိတ်ထဲ၌ ထင်နေမိ၏။

တရားသူသို့ အိပ်မက်နှင့်ပတ်သက်၍ အထက်၌ဖော်ပြခဲ့ဖူး သည်၊ ယခု မြကြာဖြူ၏ အိပ်မက်သည် တစ်လကောင် မကြာတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



မျက်ချင်း အကျိုးပေးလာသည်။ ငှင်းအိပ်မှုက်မက်ချိန်သည် အာရုံတက်၌ မက်ခြင်းပင်ဖြစ်၏။

မြကြာဖြူသည် ဘရသေ့၏ဘေး၌ ထိုင်ချလိုက်သည်။ မျက်ရည်များသည် ထိန်းချုပ်တားဆီးမရအောင် ဖြစ်နေပေသည်။ ငှင်းသည် မျက်စိလယ်လမ်းမှား၍ သောကများရောက်နေချိန်၌ ဘရသေ့သည် ကယ်တင်ထားပြီး သောကများ ကင်းဝေးစေရန် တရားရေစက်ကျွေး ပညာပေးခဲ့သည်။ ရင်ထဲ၌ တောက်လောင်နေသည့် မီးညွန့်မီးလျှံများသည် ဘရသေ့ကြောင့် ငြိမ်းအေးသွားသည်။ ယခုတော့ သောကမီးများ ၊လောင်ကျွမ်းနေပြန်၏။

"စိတ်ကို တည်ငြိမ်အောင်ထိန်းထားပါ သမီးတော်၊ လောကမှာ လူသားတစ်ယောက်ဖြစ်လာရင် သောကဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ဘယ်လိုမှ ကျော်လွှားလို့မရပါဘူး။ အဲဒီလို ထိန်းထားနိုင်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်၊ အဲဒါက မြတ်ဗုဒ္ဓရဲ့ တရားတော်တွေနဲ့ ကျင့်ကြံအားထုတ်မှုတွေပဲ။ သောကတွေကို တရားရေနဲ့ စင်ကြယ်အောင် ဆေးကြောလိုက်ပါ။ အဲဒီလို ဆေးကြောပြီးတာနဲ့ သမီးတော်ရဲ့ဘဝ လွန်စွာအေးချမ်းသွားမှာ အမှန်ပဲ"

ငှင်းစကားသည် ဘရသေ့၏စကားပင်ဖြစ်သည်။ မြကြာဖြူ





ည် ကြေကွဲမှုများကို ထိန်းချုပ်၍ ရှိသေစွာထိုင်ချလိုက်ပြီး လက်နှစ်ကာအား ပွေ့ကာပ်လိုက်သည်။

"ဘရသေ့ကို ဦးချကန်တော့ပါသည်။ ပြောမှား၊ ဆိုမှား၊ မ်များမိတာတွေ ရှိခဲ့ရင် ကျေအောင်မှုပါ၊ ဘရသေ့ သင်ပြပေးခဲ့သည့် ဘာသာရေးအလုပ်ကို အသက်နဲ့ခန္ဓာ တည်မြဲနေသမျှ ကျင့်ကြံအားထုတ်သွားပါမယ်လို့ လေးလေးနက်နက် ကတိပေးပါတယ်"

မြကြာဖြူသည် ထိုသို့ဝတ်တောင်းပြီး ဝတ်ပြုနေချိန်၌ ဝန်းကျင်တစ်ခုလုံး ဆူညံစွာ တုန်လှုပ်လှုပ်ရွမ်းမိုးနေသည်။

ငှင်းအသံအား ကြားချိန်၌ မြကြာဖြူသည် ရုတ်တရက် ာ လုပ်ရမှန်းမသိအောင်ဖြစ်သွား၏။ အသံများသည် သစ်ကိုင်းများ ပြိုးကျသလို ကြောက်စရာကောင်းသည့် ကျားကြီး၏ မာန်ဖီသည့် အသံပင်ဖြစ်သည်။ ထိုမာန်ဖီသည့်အသံသည် နားများကွဲသွားပြီလားဟု ထင်နေပေသည်။ မြကြာဖြူသည် ဘရသေ့အား ကြည့်နေသည်။

ဘရသေ့သာ သက်ရှိထင်ရှားရှိနေလျှင် ကျားကြီး၏ ဘေးရာယ်အား ကြောက်စရာမလို ဘရသေ့၏ မေတ္တာဓာတ်နှင့် အနိုင်သည်။ မြကြာဖြူအတွက် အခက်ကြုံနေသည်။ ထိုအချိန်၌ သတိင်လာသည်။ ငှင်းနေရာမှ ချက်ချင်းထွက်သွားရန်ဟု စာသားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မြကြာဖြူသည် ဘရသေ့၏စာနှင့် ဘရသေ့ပေးထားသော ခြုံထည်လေးအား ရင်ဝယ်ပိုက်၍ ကျောခိုင်းထွက်သွားရတော့မည်။ မြကြာဖြူသည် ထိုင်ရာမှထလိုက်စဉ် မျက်ရည်များသည် ထိန်းမရ မှုကင်းမဲ့နေသည်။

"သမီးတော်ကို သွားခွင့်ပြု... ပြုပါတော့ဘုရား"

ကြေကွဲမှုအသံလေးသည် တိတ်ဆိတ်မှုများအား လွှမ်းမိုး ပျံ့နှံ့သွားပေ၏။ ကျမျက်ရည်များသည် တားဆီးဆွဲခေါ်နေပေ၏။ ကံကြမ္မာသည် တစ်နေရာသို့ ထွက်သွားရန် မောင်းထုတ်နေပေ၏။

မြကြာဖြူသည် လေးပင်သည့် ခြေလှမ်းများနှင့်အ အနောက်သို့ တစ်လှမ်းချင်းဆုတ်၍ဆုတ်၍နေပေ၏။ မျက်လုံး သည် ဘရသေ့ထံ ရောက်ရှိနေပေ၏။ နောက်ဆုံးတော့ မြကြာ သည် ဘရသေ့အား ကျောခိုင်း၍ ခြေဦးတည့်ရာသို့ ထွက်ခဲ့ပေ

ထိုအချိန်၌ တောင်ပေါ်တွင် ကြောက်စရာကောင်းသ အသံများ လွှမ်းမိုး၍ ဆူညံစွာ ကျန်ရစ်ခဲ့ပေတော့သည်။

* * *





အခန်း (၁၉)

## မြို့ငါမတော်တာ မိန့်တောင်းပြေး

တောင်းကင်တစ်ခုလုံး မိုးသားတိမ်လိပ်များ လွှမ်းမိုးလျက် ပေသည်။ လူသူကင်းမဲ့သည့်နေရာဖြစ်နေသည့်အတွက် ကျေး များမှလွဲ၍ စည်သည့်လူ့အသံကိုမျှ ကြားရခြင်းမရှိအောင် ဖြစ် ပေ၏။ တောင်ထက်၌ အခိုးအငွေ့များ လွင့်တက်နေသလို သစ်ပင် ငယ်များသည် မြေခိုးငွေ့များအား အားဆေးကြီးတစ်ခွက်ကဲ့သို့ ၍ ငြိမ်သက်နေကြပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် နံနက် ၈ နာရီလောက်ရှိနေသော်လည်း နေရောင် သည် တွေ့ရှိရခြင်းမရှိအောင်ဖြစ်နေ၏။ ထိုအချိန်တွင် မိန်းကလေး သည် ကြေကွဲခြင်းများစွာကို ရင်မှာပိုက်၍ တောင်များ၏အပေါ် လျှောက်လှမ်းလျက်ရှိနေပေ၏။

၄င်းမိန်းကလေးသည် တခြားလူမဟုတ် မြကြာဖြူပင်ဖြ ၏။ မြကြာဖြူသည် ဘရသေ့၏ အလောင်းအား မြေသို့ချခဲ့ခြင်းမ ထွက်ခဲ့ရသည်မှာ လွန်စွာကြေကွဲလျက်ရှိနေပေ၏။ ဘရသေ့သည် မည်သည့်အတွက်ကြောင့် ရုပ်အလောင်းအား မြေမြှုပ်မပြုဘဲ ၄င် နေရာမှ အမြန်ဆုံးထွက်သွားရန် မည်သည့်အတွက်ကြောင့် ပြောလို ရတာလဲ၊ စဉ်းစားမရအောင်ဖြစ်နေပေ၏။ တကယ်တမ်း အလောင် အား မြေမြှုပ်ဆိုခဲ့လျှင်လည်း မည်သို့မျှ ချနိုင်မည်မဟုတ်ပေ၊ မြကြာဖြ သည် အတွေးပေါင်းများစွာနှင့် ထွက်ခဲ့သော်လည်း စိတ်များသည် ဘရသေ့၏ကျောင်း၌ ရှိနေပေ၏။

ဘရသေ့အား မည်သူများ မြေသို့ချပါမည်နည်း။

တောရိုင်းတိရစ္ဆာန်များ လာရောက်စားကြမည်လား…

အလိုလိုနေရင်း ပျောက်ကွယ်သွားမည်လား…

များစွာသည့်အတွေးများမှာ အဖြေထွက်မပေါ်လာခြင်းမ သည့်အတွက် မြကြာဖြူသည် ရောက်ရှိနေသည့်နေရာမှ ရုန်း၍ နေရာ





သို့ ကြည့်နေမိ၏။ ရောက်ရှိနေသည့်နေရာနှင့် ဘရသေ့နေထိုင်ရာ ကျောင်းလေးသည် တစ်တောင်ကျော်သာရှိနေသည့်အတွက် မြင်နေရ သည်။

မြကြာဖြူ၏မြင်ကွင်းထဲ၌ ကျောင်း၏ရှေ့၌ ကြီးမားသည့် ကျားကြီးတစ်ကောင်တွေ့သည်။ ကျားကြီးသည် ကျောင်းလေး၏ရှေ့ ၌ ခေါက်တုန့်ခေါက်ပြန်လျှောက်လှမ်းလျက်ရှိနေပေ၏။ မြကြာဖြူ သည် ကျားကြီး မည်သို့ပြုလုပ်မည်ဆိုတာ သိချင်စိတ်များဖြင့် ကြည့် နေပေ၏။ ကျားကြီးသည် ကျောင်းအား တစ်ပတ်ပတ်ပြီး ကျောင်း ရှေ့၌ထိုင်လိုက်သည်။ တစ်ချိန်တည်းမှာ ကျားကြီးသည် အသံကုန် ဟောက်ဟစ်လျက်ရှိသည်။

၄င်းအသံသည် ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထွက်နေသည့် အတွက် မြကြာဖြူပင် သဲသဲကွဲကွဲကြားနေရပေသည်။ လွန်စွာ အုံခြ ရောကောင်းနေသည်။ ၄င်းအသံအားကြားလိုက်သည်နှင့် တခြားသော တောရိုင်းတိရစ္ဆာန်များသည်လည်း ဟောက်ဟစ်ကုန်ကြပေ၏။

ထိုဟောက်ဟစ်သံများသည် ကြေကွဲမှုများ လွှမ်းမိုးနေပေ၏။ တကယ်တော့ တောရိုင်းတိရစ္ဆာန်များသည် ဘရသေ့အား လွန်စွာ ရှိသေကြသလို ဘရသေ့၏ မေတ္တာဓာတ်များသည် ၄င်းတို့အပေါ် အေးချမ်းစေ၏။ ဘရသေ့သည် တောင်ထိပ်ပေါ်၌ တရားအားထုတ်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ကျားနှင့်မျောက်တို့သည် မလှမ်းမကမ်း၌ နေရာယူ၍ နေကြ
သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မြကြာဖြူအား ပြောခဲ့ဖူးသည်။

"သူတို့ဟာ လူသားတွေလိုပဲ အသိဉာဏ်ရှိတယ်၊ သူတို့
ကို အန္တရာယ်မပြုနဲ့ မေတ္တာပို့လိုက်ပါ၊ အဲဒီမေတ္တာကြောင့် သူတို့က
ပြန်ပြီး စောင့်ရှောက်ပါလိမ့်မယ်"

ထိုကဲ့သို့ ပြောဖူးသည်။

ငင်းအချိန်၌ ကျားနှင့်တောရိုင်းတိရစ္ဆာန်များသည် ကျောင်း
ရှေ့သို့ ရောက်ရှိကုန်ကြသည်။ ထိုတောရိုင်းများသည် မည်သို့လုပ်
မည်ဆိုတာ သိချင်စိတ်များနှင့် ကြည့်နေချိန်၌ လွန်စွာ အံ့သြစရာ
ကောင်းသည့်မြင်ကွင်းတစ်ခုအား ကြုံတွေ့ရ၏။ လူဝံကြီးတစ်ကောင်
သည် မြကြာဖြူရှိရာသို့ ဦးတည်လာနေပေသည်။ ကြောက်စိတ်များ
လွှမ်းမိုးနေသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေသည်။
ထွက်ပေါ်လာသည့် လူဝံကြီးအား ရင်ဆိုင်တိုက်ခိုက်ရန် စွမ်းအား
မရှိအောင်ဖြစ်နေပေ၏။

"ဟာ… လူဝံကြီးပါလား၊ ငါ ဘာဆက်လုပ်ရမှာလဲ
ပြေးမှဖြစ်မယ်၊ ငါ့အတွက် အန္တရာယ်ကြီးနိုင်မယ် ပြေးမှပဲ"

လူဝံကြီးသည် တစ်ဂူးဂူးအော်သံများနှင့်အတူ မြကြာဖြူ၏
အနားသို့ရောက်ရှိလာရန် ဦးတည်လာနေပေ၏။ မြကြာဖြူသည်





ဘုရားသေ့ကျောင်း၏အကြည့်အား ကျောခိုင်းလိုက်ပေ၏။ မြကြာဖြူ
သည် လူဝံအား ကျောခိုင်း၍ ပြေးရပေတော့၏။

လူဝံကြီးသည် မြကြာဖြူ၏အနောက်သို့လိုက်နေပေသည်။

ငင်းသည် တောင်ကြီး၏အဆုံးသို့ရောက်သည်နှင့် နောက်ထပ်
တောင်ငယ်လေးတစ်ခုဆီသို့ ပြေးတက်နေပေသည်။ တောင်ပေါ်၌
ဦးတည်ရာမဲ့ပေါက်နေသည့် အပင်ကြီးများသည် မြကြာဖြူအား
တားဆီးထားသလိုဖြစ်နေသည်။ မြကြာဖြူသည် ကြီးမားသည့် အပင်
ကြီးများအား ကွေ့ပတ်ပြီး ရှောင်ကွင်းပြေးနေရပေမယ့် ပြေးနှုန်းများ
သည် နှေးသလိုထင်နေမိ၏။

လူဝံကြီးသည် မြကြာဖြူအား ဖမ်းမိနိုင်ရန်အတွက် လိုက်
နေသည်။ မြကြာဖြူသည် **အသက်ဘေးမှလွတ်မြောက်ရန်**ပြေးနေ
သည်။

"အား… အမလေး"

ပြေးနေချိန်၌ ရုတ်တရက်လဲကျသွားပေ၏။ ငင်းနောက်
ချက်ချင်းပြန်လည်ထ၍ ပြေးရပြန်သည်။ သစ်ရွက်ခြောက်များသည်
မြေပေါ်၌ အထပ်လိုက်လွှင့်ကျနေသလို တောင်ကုန်းတောင်စောင်းများ
ဖြစ်နေသည့်အတွက် ပြေးရသည်မှာ လွန်စွာခက်ခဲလျက်ရှိနေပေ၏။
ချော်လဲကျသွားလိုက်၊ ပြန်ထပြေးလိုက်နှင့် တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်နေတွေးနေပေ၏။

လူဝံကြီးသည် မြကြာဖြူ၏အနောက်သို့သာ ဦးတည်လိုက်နေပေ၏။ တောကျွမ်းသည့်လူဝံကြီးသည် မြကြာဖြူ၏အနောက်သို့သာ ဝိုမှန်လိုက်နေပေတော့သည်။

"အား…"

မြကြာဖြူသည် ပြေးရင်းနှင့် သစ်ရွက်များအောက်၌ ရှိနေသည့် သစ်ကိုင်းခြောက်ထိုးမိသွားသည့်အတွက် ခြေထောက်၌ သွေးများ ခြင်းခြင်းရဲထွက်ကျလာသည်။ ရုတ်တရက်ပြန်ထရန် ကြိုးစားနေချိန်၌ ရရှိထားသည့်ဒဏ်ရာကြောင့် ရုတ်တရက် မထနိုင်အောင်ဖြစ်နေပေ၏။ ခြေထောက်တစ်ခုလုံး နာကျင်ကိုက်ခဲလာပေ၏။

"အမလေး…"

ရုတ်တရက်ထွက်ပေါ်လာသည့်အသံနှင့်အတူ မြကြာဖြူသည် သတိလစ်လဲကျသွားပေတော့သည်။ ၎င်းမှာ လူဝံကြီးကြောင့်ဖြစ်သည်။ လူဝံကြီးသည် မြကြာဖြူ၏အနားသို့ ရောက်ချိန်၌ သတိလစ်လဲကျသွားခြင်းသာဖြစ်၏။ လူဝံကြီးသည် မြကြာဖြူ၏အနီး၌ ရောက်ရှိသွားပေတော့သည်။

* * *





**အခန်း (၂၀)**

မုန်တိုင်းကြားက တျှားနှင့်လူဝံ

တောင်အရပ်၌လေများ၏ တိုက်ခတ်မှုကြောင့် ပင်ယံထက်၌ သစ်ရွက်များသည် လေ၌လှုပ်ခတ်လျက်ရှိနေပေ၏။ ထို့အတူ ခြေသံများသည်လည်း ကြားနေရသည်။ ၎င်းခြေသံသည် တခြားမဟုတ်၊ လူဝံကြီး၏ခြေသံပင်ဖြစ်သည်။

လူဝံကြီးသည် မြကြာဖြူအား ပွေ့ချီလျက် တောင်ကြီး၏ တစ်ခုပေါ်၌ တစ်လှမ်းချင်း ခပ်မှန်မှန်လျှောက်လှမ်းလျက်ရှိ၏။ ၎င်းအတွက်ကြောင့် မြေပေါ်သို့ခြောက်ပြီးကျနေသည့် သစ်ရွက်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



များ၏ ကျိုးကျသံများ ကျယ်လောင်စွာ ထွက်ပေါ်လျက်ရှိနေပေ၏။

မြကြာဖြူသည် သတိလစ်မေ့မျောလျက် လူဝံကြီးခေါ်ရာနောက်သို့ လိုက်နေပေ၏။ ထိုသို့ခေါ်နေချိန်၌ သတိပြန်လည်ရရှိလာလျှင် မြကြာဖြူ မည်သို့ရင်ဆိုင်မလဲ၊ လူဝံကြီးသည် မြကြာဖြူ၏ အသက်အားအန္တရာယ်ပြုမည်လား၊ စဉ်းစားစရာဖြစ်နေပေမယ့် မြကြာဖြူသည် သတိလစ်၍နေသည်။ လူဝံကြီးသည် တစ်တောင်ကျော် တစ်တောင်တက် ခရီးဆက်နေပေ၏။ အချိန်သည် အမှောင်ထုအား လက်ရပ်ခေါ်နေသည်။

ထိုသို့လျှောက်လှမ်းလာရင်းနှင့် လူဝံကြီးသည် တောင်ထိပ်တစ်ခုအနီးသို့ ရောက်ရှိလာပေ၏။ တောင်ထိပ်မရောက်ခင် တောင်အောက်သို့ ဆင်းလာပေ၏။ တောင်အောက်သို့မရောက်မီ ကျောက်ဂူကြီးတစ်လုံးရှိသည်။ လူဝံကြီးသည် ဂူအတွင်းသို့ ဝင်ရောက်ပြီး မြကြာဖြူအား အသာချလိုက်သည်။ ဂူအတွင်းထဲ၌ သစ်သီးများစွာ ရှိနေသည်။ မည်သို့ပင်ဖြစ်စေကာမူ မြကြာဖြူသည် သတိလစ်နေဆဲရှိ၏။

လူဝံကြီးသည် မြကြာဖြူအား သေချာကြည့်နေသည်။ မြကြာဖြူသည် အသက်ရှိသေးလား၊ မရှိတော့ဘူးလား အကဲခတ်နေ





ပေတော့သည်။ ထိုအချိန်တွင် အသံတစ်ခု ထွက်ပေါ်လာသည်။

"ဝေါင်း..."

ကျားကြီး၏ဟိန်းသည့်အသံဖြစ်သည်။ ကျားကြီးသည် ဟိန်းသံနှင့်အတူ လေပေါ်ခုန်၍ ဆင်းလာပေသည်။ ကျားကြီး၏ လှုပ်ရှားမှုများအား လူဝံကြီးတွေ့လိုက်သည်။ လူဝံကြီးသည် ဂူအပြင်ဘက်သို့ ထွက်လိုက်သည်။ ကျားကြီးသည် လူဝံကြီးအား တွေ့လိုက်ချိန်၌ ခေါသများနှင့်မာန်ဖီ၍ လူဝံကြီးထံ ဦးတည်လာနေပေ၏။ လူဝံကြီးသည် ကြီးမားသည့်အပင်ကြီးအား ကျောမှီ၍ နေရာယူလိုက်သည်။

ကျားကြီးသည် တစ်လှမ်းချင်းရှေ့တိုးလာ၍ လူဝံကြီးအား တိုက်ခိုက်ရန်ပြင်နေသည်။ စူးရှသည့် မျက်လုံးများကလည်း အခြေအနေကို ကြည့်နေပေ၏။ လူဝံကြီးသည် လက်နှစ်ဖက်အား အပေါ်သို့ မြှောက်လိုက်သည်။ လက်များသည် သစ်ကိုင်းအား တင်းကြပ်စွာ ဆုတ်ကိုင်နေပေသည်။

"ဝေါင်း..."

ကျားကြီးသည် မာန်ဖီသံနှင့်အတူ လူဝံကြီးအား ခုန်၍အုပ်လိုက်သည်။ လူဝံကြီးသည် အသင့်ကိုင်ထားသည့် သစ်ကိုင်းအား



www.burmeseclassic.com

www.burmeseclassic.com



ချိုးလိုက်ပြီး ကျားကြီးအား ရိုက်လိုက်သည်။ သစ်ကိုင်းသည် လေပေါ်၌ ဝဲ၍ ကျားကြီးထံ ဦးတည်လျက်ရှိနေပေ၏။ သစ်ကိုင်းသည် အောက်မှကပ်၍ ထွက်သွားသည်။ ကျားကြီးသည် ဝက်ဝံကြီး ကျောမှီထားသည့် သစ်ပင်ကြီးအား ကုတ်မိသွားသည်။ သွက်လက်သည့် ကျားသည် လျှပ်တပြက်အတွင်းမှာ လူဝံကြီး၏ မျက်နှာအား ကုတ်လိုက်သည်။ လူဝံကြီးသည် တစ်ဖက်သို့ ယိမ်းသွားပြီးနောက် သစ်ကိုင်းနှင့်ရိုက်လိုက်သည်။ သစ်ကိုင်းသည် ကျားကြီးအား ရှပ်ထိမှန်သွားပေသည်။ ၎င်းကြောင့် ကျားကြီးသည် လွန်စွာဒေါသထွက်သွားပေ၏။

ကျားကြီးသည် မြေပေါ်ပြန်ရောက်သည်နှင့် ချက်ချင်း တုန့်ပြန်တိုက်ခိုက်လျက်ရှိနေသည်။ နှစ်ယောက်သား အပြန်အလှန် တိုက်ခိုက်နေသည့်အတွက် ဝန်းကျင်တစ်ခုလုံး ဆူညံနေပေ၏။ ထို့နောက် မြကြာဖြူနားတွင်း၌ အသံတစ်ခု ကြားယောင်လာသည်။ မြကြာဖြူအား ထိုနေရာမှထွက်သွားရန်ပြောလာသည့် အသံပင်ဖြစ်သည်။ မြကြာဖြူသည် အသက်အန္တရာယ်ဘေးမှ လွတ်မြောက်ရန် ဆုံးဖြတ်လိုက်ပေသည်။

ကျားနှင့်လူဝံများသည် ဒေါသများစွာနှင့်တိုက်ခိုက်လျက်





[illegible]နေကြပေ၏။ တကယ်တမ်းကျတော့ လူဝံသည် ကျား[illegible] ရင်ဆိုင် တိုက်ခိုက်သည်ဆိုတာ မရှိသလောက် ရှားပါးသည်။ ယခု ရင်ဆိုင် တိုက်ခိုက်သည်မှာ လွန်စွာအံ့ဩစရာကောင်းပေသည်။ လူဝံကြီးသည် ကျားကြီးအား အသေခံ၍ တိုက်ခိုက်နေ၏။ လွန်စွာသွက်လက်ပေါ့ပါးသည့် ကျားသည် လူဝံလောက်ကတော့ အေးဆေးစွာ အနိုင်ရနေပေသည်။ ကျားကြီးသည် ရှည်လျားသည့် လက်သည်းများနှင့် ကုတ်ဖဲ့ပြီး ကိုက်ခဲနေသည့်အတွက် လူဝံကြီးသည် အထိနာနေပေ၏။

တစ်ကိုယ်လုံး သွေးများ ခြင်းခြင်းရဲနေပေ၏။ နောက်ဆုံးတော့ လူဝံကြီးသည် မြေပေါ်မှာ လဲကျ၍ အသက်ပျောက်သွားပေတော့သည်။ ကျားကြီးသည် လူဝံကြီး၏ဘေး၌ ခေတ္တနေ၍ အမောဖြေနေပေသည်။

ထို့နောက် မြကြာဖြူသည် လူဝံကြီးအန္တရာယ်အား ကြောက်၍ ထွက်ပြေးနေပေသည်။ ဝန်းကျင်သည် လွန်စွာ တိတ်ဆိတ်၍ အမှောင်ထုများ လွှမ်းမိုးလျက်ရှိနေပေသည်။ ရထားသည့် ခြေထောက်မှဒဏ်ရာများနှင့်အတူ ပင်ပန်းနေသည့်အတွက် အနားယူချင်နေသည်။ နေရာဒေသ မကျွမ်းကျင်သည့်အတွက် အခက်တွေ့နေပေသည်။ မြကြာဖြူသည် အမှောင်လမ်းမှာ လျှောက်သွားရင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာ၌ အနားယူရန်ရှာနေသည်၊ ကံကြမ္မာသည် မြကြာဖြူ
အတွက် မျက်နှာသာမပေးသည့်အတွက် ကြောက်စရာကောင်းသည့်
ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရပေတော့၏။

* * *





အခန်း (၂၁)

လူရိုင်းတို့တိုင်းပြည်

အရှေ့ရပ်မှ ထွက်ကျလာသည့်နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးစေသည်။ နေရောင်ခြည်၏ အလင်းရောင်ကြောင့် မှိတ်နေသည့် မြကြာဖြူ၏မျက်လုံးသည် ပွင့်လာလေသည်။ ပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်နေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မရှိသည့်အတွက် လွှန်စွာအံ့သြနေပေ၏။ ထို့အတူ ၄င်းနေရာအား မည်သို့ရောက်ရှိလာသလဲဆိုတာ မတွေးတတ်အောင်ဖြစ်နေပေ၏။

မြကြာဖြူသည် ကျန်ရစ်ခဲ့သည့်ဖြစ်ရပ်များအား ပြန်လည်စဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားလျက်ရှိသည်။ လှုပ်ကြိုးထားခဲ့သည့် ကျောက်ဂူအတွင်းမှ ထွက် ပြေးလာသည်။ အောင်ကြိုးတစ်လုံး၏အစေါ်သို့ရောက်သည်။ ငှင်း တောင်ပေါ်မှ နောက်ထပ်တောင်တစ်ခုသို့ကူးရန် ကြိုးစားနေချိန် တောင်ပေါ်မှပြုတ်ကျ၍ သတိလစ်သွားသည်။ ထိုအချိန်၌ သူ့တော စင်ရသေ့ကြီး ရောက်ရှိလာသည်။ မြေခွက်ထဲ၌ထည့်ထားသည့် ဆေ များအား လာရောက်တိုက်သွားသည်။ သစ်သီးများ ကျွေးမွေးသွာ ပြီး ရေ့ခရီးအတွက် မှာကြားသွားသည်။

မြကြာဖြူသည် ထိုင်ရာမှထလိုက်သည်။ ခြေထောက်၌ ပ ထားသည့်ဒဏ်ရာအား ကြည့်လိုက်သည်။ ငှင်းသည် အရာလေးသ ကျန်နေသည်။ ကျန်ခဲ့သည့် ညကကဲ့သို့ နာကျင်ခြင်းမရှိအောင် ဖြ နေသည်။ မြကြာဖြူသည် ဘရသေ့ပေးလိုက်သည့် မြုံထည်လေးအ ယူ၍ ခရီးဆက်နေသည်။ တကယ်တော့ မြကြာဖြူသည် မိဘရပ်ထ ပြန်နေခြင်းသာဖြစ်သော်လည်း တကယ်တမ်းကျတော့ မျှော်လင့်ချ များ ကုန်ခမ်းပြီး ရည်မှန်းချက်ကင်းမဲ့စွာ လျှောက်လှမ်းနေသည ကလေးငယ်တစ်ယောက်ကဲ့သို့ဖြစ်နေပေတော့၏။

မည်သို့ပင်ဖြစ်စေကာမူ ဘရသေ့နှင့်အတူ မိန်းမသုံးယော ရောက်လာသည်။ မြကြာဖြူအတွက် စားစရာ သစ်သီးဝလံမျ





ပါလာသည်။ ငှင်းသစ်သီးများအား မြကြာဖြူသို့ကျွေးမွေးကြသည်။ ထိုသို့ကျွေးမွေးပြီးနောက် ဘရသေ့သည် မြကြာဖြူသွားရမည့်လမ်းများ အား ပြသည်။ ငှင်းနေရာ၌ သတိထားစရာတစ်ခုအား ပြောပြထားပေ း လမ်းနှစ်ခုရှိသည်။ ငှင်းလမ်းနှစ်ခုသည် လှန်စွာထူးဆန်းသည်။ လမ်းတစ်ခုသည် လှန်စွာအေးချမ်းလျက်ရှိသလို ဝန်းစုံဥယျာဉ်ကြီး များကဲ့သို့ရှိသည်။ လမ်းတစ်ခုသည် မီးတောက်မီးလျှံများ တောက် လောင်နေပေသည်။ မီးပုံတွေ၏ ကြား၌ ကြောက်စရာကောင်းသည့် များရှိနေပေ၏။ မြကြာဖြူသည် ဆုံးဖြတ်ချက်တစ်ခုအား ပြတ်သား ချလိုက်ပေတော့သည်။

မြကြာဖြူသည် ဘရသေ့ပေးထားသည့် မြုံထည်အား ယူ ဆောင်၍ ထွက်ခဲ့ကြပေ၏။ မျက်လုံးတွင်း၌ လမ်းများအား ပုံပေါ် နေပေသည်။ မြကြာဖြူသည် တောင်များအား ဖြတ်ကျော်၍ သွားနေ သည်။ တောင်သုံးလုံးအား ကျော်ဖြတ်ပြီးသည်နှင့် မြေညီလမ်း များနှင့် ကြီးမားသည့် သစ်ပင်များ၏ကြား၌ လျှောက်လှမ်းနေပေ သည်။ နာရီပေါင်းများစွာ လျှောက်လှမ်းနေချိန်၌ တွေ့ရှိရသည့် သစ်သီး များအား စား၍ လျှောက်လှမ်းနေပေတော့၏။ ထိုသို့လျှောက်လှမ်း ရာ၌ ထူးဆန်းသည်များစွာနှင့် ကြုံတွေ့ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းထူးဆန်းသည်မှာ ကျားရိုင်းကြီးတစ်ကောင်သ
မြကြာဖြူ၏ အနောက်မှ လိုက်နေပေ၏။ ကျားရိုင်းကြီးသည် မြ
ဖြူ၏ အနောက်မှ လိုက်နေပေမယ့် အန္တရာယ်ပြုခြင်းမရှိအောင် ဖြ
သလို မြကြာဖြူအား အန္တရာယ်ပြုသူများအား ကာကွယ်တိုက်ခို
ပေးတတ်သည်။ မြကြာဖြူသည် နာရီပေါင်းများစွာအား ဖြတ်သ
လျှောက်လှမ်းလာသည့်အတွက် ပင်ပန်းမှုများစွာအား ခံစားနေရသည

ထိုသို့လျှောက်လှမ်းရာ၌ အိပ်မက်ထဲ၌ လမ်းနှစ်ခု တွေ
သည်။ ငှင်းလမ်းနှစ်ခုအနက် တစ်ခုတည်းသောလမ်းတစ်ခုအ
ရွေးချယ်လျှောက်လှမ်းလာသည်။ ရုတ်တရက် ရေများကျသည့် အ
အားကြားနေရသည်။ စိတ်ထဲ၌ ရေများသောက်ချင်သည့်စိတ်များ
ပေါ်လာပေ၏။ မြကြာဖြူသည် ရေတံခွန်အား ဦးတည်လာနေ
သည်။ ရေများသည် တောင်ထိပ်ပေါ်မှ တောင်အောက်အား အရှိန်
နှင့် ကျနေပေ၏။ မြကြာဖြူသည် ရေများအား ကျေနပ်စွာ သော
နေပေ၏။

"ဟိတ်… ဟိတ်…"

"ဖမ်းကြ… ဖမ်းကြ မလွတ်စေနဲ့ ဝိုင်းထားကြ"

ကျယ်လောင်သည့်အသံများနှင့်အတူ လူသတ်လက်နက်





လူရိုင်းများ အပြေးအလွှား ရောက်ရှိလာသည်။ ငှင်းတို့သည်
ကြာဖြူအား ဝိုင်းထားကြသည်။ မြကြာဖြူသည် ငှင်းတို့အား ဂရု
ထ်ခြင်းမရှိ ရေကိုသာ သောက်နေကြပေသည်။ ဘုရားသည်
များ ကျင့်နေချိန်၌ စိတ်အား တည်ငြိမ်အောင်ထားရန် မည်သို့ပင်
တ် လန့်စရာများစွာ ကြုံတွေ့စေကာမူ စိတ်အား မတုန်လှုပ်စေဘဲ
ါင်း အေးအေးထားပြီး ဖြေရှင်းရမည်။ အဲဒါဆို အောင်မြင်မှုများစွာ
လိမ့်မယ်ဟု ပြောထားခဲ့သည်။ ထိုအတွက်ကြောင့် မြကြာဖြူသည်
ိုင်းများအား မကြောက်သလိုနေရပေမယ့် စိတ်ထဲ၌ ကြောက်စိတ်
းစွာ လွှမ်းမိုးလျက်ရှိနေပေ၏။

ထို့နောက် အမိန့်ပေးသံတစ်ခု ကျယ်လောင်စွာ ထွက်ပေါ်
တသည်။

"ဟိတ်… အဲဒီမိန်းကလေးကို ဖမ်းကြ"

အရပ်မြင့်မြင့်၊ အသားမည်းမည်း ကြီးမားသည့် တင်းပုတ်
ီးအား ထမ်းထားသော သူ၏ အမိန့်ပေးသည့်အသံပင်ဖြစ်သည်။
အချိန်၌ နောက်လိုက်များသည် မြကြာဖြူထံ အပြေးရောက်ရှိလာ
ပေ၏။ မြကြာဖြူသည် ငှင်းတို့အား တစ်ချက်ကြည့်လိုက်
"သင်တို့ ကျွန်ုပ်ရဲ့အသားကို ထိစရာမလိုဘူး ကျွန်



www.burmeseclassic.com

www.burmeseclassic.com



သင်တို့ကို အန္တရာယ်ပြုဖို့ ရောက်လာတာ မဟုတ်ဘူး၊ လမ်းမှားလာ တာ””

“ဒီနယ်ဟာ ကျုပ်တို့သခင်ကြီးပိုင်ဆိုင်တဲ့နယ်ပဲ၊ ဟိတ်-- သူ့စကားကို နားထောင်စရာမလိုဘူး၊ သူ့ကို ဖမ်းကြ၊ သခင်ကြီးထံ ဆက်သကြမယ်””

“ကောင်းပါပြီ နယ်မြေအုပ်””

ထိုသို့ပြောပြီးနောက် လူရိုင်းများသည် မြကြာဖြူအား ဝင်ရောက်ဖမ်းဆီးကြပေ၏။ မြကြာဖြူသည် ရုန်းကန်၍နေသော်လည်း ခွန်အားချင်းသည် လွန်စွာကွာခြားနေသည့်အတွက် လက်မြောက်အရှုံး ပေးလိုက်ရသည်။ ၎င်းများသည်မြကြာဖြူအား ခေါ်၍ ၎င်းတို့၏ သခင်ကြီးထံ ပြန်လာခဲ့ကြပေတော့၏။

* * *

ကွေ့ကောက်လျက်ရှိသော တောင်ကြားလမ်းအတိုင်း လျှောက်လှမ်းလာကြပေ၏။

၎င်းတို့၏ရှေ့၌ နယ်မြေအုပ်ဆို သူကြီးသည် ဦးဆောင်၍





ရှေ့မှထွက်သွားပေ၏။ ထို့နောက် မြကြာဖြူအား ခေါ်လာခဲ့သည့် အဖွဲ့များ လိုက်လာသလို အနောက်၌ လူရိုင်းတချို့ လိုက်ပါလာကြ သည်။ ၎င်းတို့သည် မြကြာဖြူအား ဖမ်းဆီးရမိလိုက်သည့်အတွက် ပျော်ရွှင်လျက်ရှိနေကြပေ၏။

တောင်ကြားလမ်းကလေးအတိုင်း အတန်ကြာအောင် လျှောက်လှမ်းပြီးနောက် ၎င်းလမ်းကလေး၏အဆုံး၌ ကျယ်ပြန့်သော ကွက်လပ်ကြီးတစ်ခုသို့ ရောက်ရှိခဲ့သည်။ ကွက်လပ်ကြီး၏ဘေး၌ မြင့်မားသည့် တောင်ကြီးများ ဝန်းရံထားပေ၏။ ၎င်းကွက်လပ်၌ နေထိုင်သူများစွာ အလုပ်ရှုပ်နေသလို တချို့သည် ဖင်ချောင်းများ သယ်ယူ၍နေကြသည်။ တချို့သည် ကြီးမားသည့် စင်ကြီးတစ်ခု တည်ဆောက်နေကြသည်။

ထိုသို့ပြုလုပ်နေသည့်အတွက် ပွဲတော်တစ်ခုခုပြုလုပ်ကျင်းပ ရန်ရှိနေသည်ဟု ယူဆရပေ၏။ စင်များဆောက်နေသည့်နေရာ၏ နောက်ကျော်၌ မြင့်မားသည့် တောင်ကြီးတစ်လုံးရှိသည်။ တောင်ကြီး၌ တံခါးကြီးများရှိသလို တချို့သည် တောင်ကြီး၏အတွင်းသို့ ဝင်သွား ကြသည်။ ၎င်းအားကြည့်ခြင်းအားဖြင့် တောင်ကြီး၏အတွင်း၌ ဂူကြီး တစ်ခုရှိသည်ဟု ထင်ရလောက်ပေ၏။ ၎င်းနေရာ၌ လူရိုင်းခေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ နေထိုင်သလို မိသားစုများစွာရှိသည်။ ထိုဒေသ၌ မြို့ကြီး တစ်မြို့ တည်ဆောက်ပြီး နေထိုင်ကြပေသည်။

လူရိုင်းများသည် မြကြာဖြူအား ကွက်လပ်ကြီး၏ ဝါးတိုင် ကြီးရှေ့၌ ချည်ထားလိုက်သည်။ တချို့ မြကြာဖြူအား လာရောက်၍ ကြည့်နေကြသည်။ တချို့သည် မြကြာဖြူ၏အသားများအား ထူးဆန်း စွာ ကိုင်ကြည့်နေကြပေသည်။ လူရိုင်းတို့နေထိုင်ကြသည့်နေရာ၌ မြကြာဖြူ သည် လွန်စွာချောမောလှပလျက်ရှိပေ၏။

ထူးဆန်းသည်မှာ မြကြာဖြူအား လာရောက်၍ ဂါရဝပြု သည့် အသက်ကြီးလူကြီး ခြောက်ယောက်ပင်ဖြစ်သည်။

"သခင်မကို ဦးတိုက်ပါသည်"

၄င်းဦးတိုက်သူများသည် အသက်ခြောက်ဆယ်ကျော် အဘိုး ကြီးခြောက်ယောက်ဖြစ်သည်။ ထိုသူများ၏ လက်၌ တောင်ဝှေးများ ကိုင်ထားသလို ပေပုတီးကြီးအား လက်၌ ဆွဲထားကြသည်။ အဘိုးကြီး များအား ကြည့်ပြီး မြကြာဖြူ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

တကယ်တော့ ၄င်းတို့အား မသိတာအမှန်ပင်ဖြစ်သည်။ အဘိုးကြီးများသည် မြကြာဖြူအား ကြည့်ပြီး နောက်သို့ဆုတ်ခွာသွား ကြသည်။ မြကြာဖြူသည် လူရိုင်းတွေ၏ လက်ထဲမှ လွတ်မြောက်





ရင်း စဉ်းစားလျက်ရှိနေပေသည်။ ထိုအချိန်၌ နောက်ထပ်လူအုပ်ကြီး တစ်ခု ထွက်ပေါ်လာသည်။

လူအုပ်ကြီးများထံ အကြည့်ရောက်ရှိသွားပေ၏။ လက်နက် စုံကိုင်ထားသည့်လူများ ရောက်ရှိလာပြီး ၄င်းတို့၏နောက်၌ အသက် ငါးဆယ်ကျော်ယောက်ျားကြီးတစ်ယောက် ရောက်ရှိလာသည်။ ၄င်း သည် အသားမည်းမည်း၊ ဗိုက်ပူပူ၊ သံချပ်ကာအင်္ကျီအား ဝတ်ဆင် ထားပြီး သံများဖြင့် ပြုလုပ်ထားသည့် ခမောက်ကြီးအား ဆောင်း ထားသလို လွန်စွာကြောက်စရာကောင်းသည့် ဓားကြီးအား ဆုတ် ကိုင်ထားပေ၏။ မြကြာဖြူအား ဖမ်းဆီးခဲ့သည့် ခေါင်းဆောင်သည် ရိုအသေပြုလိုက်သည်။

"ကျွန်ုပ်တို့နယ်ထဲကို ရောက်ရှိလာတဲ့ မိန်းမပျိုတစ်ဦးအား ဖမ်းဆီးခေါ်လာခဲ့ပါတယ်အရှင်"

"ဟေ… ဟုတ်စ ကျွန်ုပ်ကြည့်စမ်းမယ်"

"ကောင်းပါပြီအရှင် ဟိုပူဇော်တိုင်ရှေ့မှာပါ"

လူရိုင်းတို့၏သခင်ကြီးသည် တိုင်ရှေ့သို့ ဦးတည်ထွက်ခဲ့ ပေ၏။ ရုတ်တရက်တွေ့လိုက်ရချိန်၌ လွန်စွာအံ့ဩသွားပေ၏။ သခင် ကြီးသည် မြကြာဖြူ၏မျက်နှာအား အတန်ကြာအောင် စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေပေ၏။ မြကြာဖြူ၏ လှပမှုအား ကြည့်ပြီး လူရိုင်းသခင်ကြီးသည် ရာဂစိတ်များ လွှမ်းမိုးလာပေ၏။

ငှင်းအုပ်ချုပ်ရသည့်အထဲ၌ ဤမျှလောက်ချောမောလှပသည့် မိန်းကလေးတစ်ယောက်မျှ မရှိသည်မှာ လွန်စွာမှန်နေပေ၏။ သခင်ကြီးသည် မြကြာဖြူ၏မျက်နှာအား လက်နှင့်ထိကြည့်လိုက်သည်။ မြကြာဖြူသည် အနောက်သို့ဆုတ်၍ ရှောင်ချင်သော်လည်း ချုပ်နှောင်ထားသည့်အတွက်ကြောင့် အောင်မြင်မှုများ ရရှိခြင်းမရှိအောင် ဖြစ်နေပေသည်။

"အထိန်းတော်များ ဘယ်ရောက်ကုန်လဲ လာကြစမ်း"

သခင်ကြီး၏အသံသည် ဝန်းကျင်သို့ လွှမ်းမိုးသွားပေသည်။ အထိန်းတော်များသည် အပြေးအလွှားရောက်ရှိလာကြပြီး သခင်ကြီးအား ဂါရဝပြုလိုက်ကြသည်။

"ကျုပ် ဒီမိန်းမကို ကြင်ယာတော်အဖြစ် သတ်မှတ်မယ်။ အဲဒီအတွက် ကောင်းသောလက်ဝတ်ရတနာများနဲ့ အဟာရကောင်းကောင်း ကျွေးမွေးထားကြပါ၊ နောက်ထပ်ခန်းမတစ်ခုမှာ ကောင်းစွာနေရာပေးကြပါ"

"ကောင်းပါပြီသခင်ကြီး"

"လာမယ့်ပူဇော်ပွဲမှာ မင်္ဂလာပွဲပါအတူ ကျင်းပမယ် ကြား





လား"

"ကောင်းလှပါပြီ သခင်ကြီး"

အထိန်းတော်လူရိုင်းများသည် မြကြာဖြူအား ခြံရံ၍ ခေါ်သွားကြပေတော့သည်။ မြကြာဖြူသည် စိုးရိမ်စိတ်များစွာနှင့်အတူ လိုက်ပါသွားပေ၏။

"ဟိတ်နယ်မြေအုပ် မင်္ဂလာပွဲအတွက် သားကောင်ကြီးကြီးမားမားများ ဖမ်းဆီးစေ"

"ကောင်းလှပါပြီ သခင်ကြီး"

နယ်မြေအုပ်သည် သခင်ကြီး၏ ခိုင်းစေချက်များအား မြေဝယ်မကျ နားထောင်ရသည်။ နားမထောင်သူများသည် အသတ်ခံရသည်။ လူရိုင်းသခင်ကြီးသည် လွန်စွာရက်စက်သည်။ ထို့အတူ သူကြိုက်နှစ်သက်သည့်မိန်းကလေးများအား အပိုင်သိမ်းလိုက်သည်။ ငှင်းကိစ္စအား မည်သူမျှ ဝင်ရောက်ပြောဆိုခြင်းမရှိ ပြောသူများသည် အသတ်ခံရသည်။ ယခု မြကြာဖြူအား ခန့်ညားစွာ လက်ထပ်မည်ဟု ပြောလာသလို မြကြာဖြူအား အထိန်းတော်များ၏လက်ထဲသို့ အပ်လိုက်သည်။

ယခု မြကြာဖြူအား တောင်ကြီးအတွင်း၌ အကောင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



အခန်းချင်းဖြင့် တစ်ခမ်းတနားလုပ်ထား၍ ထိုင်ခုံများခင်းထားသည့် ဧည့်ခန်း၊ အိပ်ခန်းများ၊ လူရိုင်းများ၊ လူရိုင်းခေါင်းဆောင်သခင်ကြီး နေထိုင်အနားယူသည့် အခန်းများ ခန့်ခန့်ညားညား အခန်းများအား ကျော်ဖြတ်၍ အခန်းတစ်ခုအတွင်းသို့ ခေါ်သွားပေ၏။

သေသပ်လှပသည့်အခန်းတွင်းသို့ ရောက်ရှိသွားပေ၏။

၎င်းအခန်းသည် လွန်စွာ သေသပ်လှပလျက်ရှိသည်။ တစ်ချိန်တုန်းကာလ၌ တစ်ယောက်သောသူအား နေထိုင်သွားပြီဟု ထင်မှတ်ရပေ၏။

“ဒါဟာ အရှင်အတွက်နေထိုင်ရာအခန်းပါ၊ ကျွန်ုပ်တို့ရဲ့ သခင်ကြီးရဲ့ အမိန့်အတိုင်း အရှင့်ရေချိုးခြင်းပြုလုပ်ပြီး အဟာရများ စားသောက်ရန်ပါ ခေတ္တနေပြီးတာနဲ့ အရှင်ရေချိုးရပါမယ်”

အထိန်းတော်တစ်ယောက်၏စကားသာဖြစ်သည်။ မြကြာဖြူသည် စိတ်ထဲ၌ လွန်စွာသောကများ ရောက်ရှိနေပေ၏။ မည်သည့်အတွက်ကြောင့် ၎င်းနေရာသို့ ရောက်ရှိလာ၍ တစ်ဖက်သား၏ ပြုသမျှအား ခံနေရသည်၊ မကြာမီရက်ပိုင်းအတွင်း၌ လူရိုင်းသခင်ကြီး၏ တော်ကောက်ခံရသည့် ကြင်ယာတော်ဇနီးမယားအဖြစ်သို့ ရောက်ရှိရတော့မည်။ နယ်မြေဒေသများ မကျွမ်းကျင်သည့်အတွက် ထွက်ပြေး





ရန်လည်း လွတ်မည်မဟုတ်ဟု ကြေကွဲစွာ တွေးနေမိပေ၏။

မြကြာဖြူသည် အနားယူရန် ထိုင်ခုံသို့ ထိုင်ချလိုက်သည်။ အထိန်းတော်များသည် အဖိုးတန်ရတနာများနှင့် အဝတ်အထည်များ ထုတ်၍ တင်ထားလိုက်သည်။

“မသိလို့မေးပါရစေ ဒီအခန်းမှာ တစ်ချိန်က နေထိုင်ဘူးသူ ရှိခဲ့ပါသလား”

“လူရိုင်းသခင်ကြီးရဲ့ ပထမဆုံးကြင်ယာတော်ကြီး နေထိုင်သွားတဲ့အခန်းပါ အရှင်”

“အခု ဘယ်ရောက်သွားပါလိမ့်”

“သခင်မကြီး အခုမရှိတော့ပါဘူး၊ မကြာသေးခင် လအတန်ကြာကာလက ကျွန်ုပ်တို့ရဲ့ ဘုရားသခင် ခေါ်သွားလို့ ကောင်းကင်ဘုံကို ပြန်သွားပြီး သူက ကျွန်ုပ်တို့ကို ကောင်းကင်ဘုံမှ တောင်းဆုပေးနေပါတယ်အရှင်”

၎င်းစကားသည် မြကြာဖြူအတွက် လွန်စွာ အထိတ်တလန့် ဖြစ်စေ၏။ တကယ်တော့ ၎င်းတို့သည် ဗုဒ္ဓဘာသာမဟုတ်မှန်း သိလိုက်ရပေ၏။ ဤမျှလောက် အယူဆွဲမှားယွင်းနေသည့် မိန္မများအား ဘယ်ဘဝ၏ ဝဋ်ကြွေးကြောင့် လာရောက်ဆုံတွေ့ရသလဲဟု



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းစွာ တွေးလိုက်မိ၏။

"ကဲ… အရှင် အနားယူပြီးရင် ရေချိုးကန်ကိုသွားကြ မယ်၊ သခင်ကြီးအခေါ်တော်လွှတ်ရင် သွားရဦးမယ်"

၄င်းတို့၏စကားအား မြကြာဖြူ မည်သည့်အတွက်ကို အကြောင်းပြုပြီး ငြင်းပယ်ရမည်ဆိုတာ မသိအောင်ဖြစ်နေ၏။ အထိန်းတော်မိန်းမများသည် ၄င်းတို့၏ ခေါင်းဆောင်အား မြေဝယ်မကျ နားထောင်ကြပေ၏။

မြကြာဖြူသည် မချစ်မနှစ်သက်သည့် လူရိုင်းခေါင်းဆောင်အား လက်ထပ်မယူချင်၍ ငြင်းပယ်ချင်သည်။ ထိုကဲ့သို့ ငြင်းလျှင် အသတ်ခံရမည်မှာ လွန်စွာသေချာနေပေ၏။ ၄င်းအတွက်ကြောင့် မြကြာဖြူ အလိမ္မာသုံး၍ စဉ်းစားနေရပေဦးတော့မည်။

* * *





အခန်း (၂၂)

ဘဝတောင်းမှ မိတ်ဆွေများ

ဝန်းကျင်တစ်ခုလုံး အသံပေါင်းများစွာ လှုံမ်းမိုးလျက် ရှိနေပေ၏။

ထိုအတူ အမှောင်ထုများအား ဖြိုခွဲနေသည့် သဘောနှင့် ထွန်းထားသည့် မီးတိုင်များ၊ ထင်းမီးဖိုများ၏ အလင်းရောင်များသည် ထိန်လင်းလျက်ရှိနေပေ၏။ လူရိုင်းများသည် နေထိုင်ရာ တောင်လေးလုံး၏ အပေါ်၌ ကညင်ဆီများဖြင့် မီးတိုင်ထွန်းထားသလို



www.burmeseclassic.com

www.burmeseclassic.com



...လေးလုံး၏ အလယ်ဗဟို ကွက်လပ်ကြီး၌ မီးပုံကြီးလေး... အား ထင်းခြောက်များဖြင့် မီးဖိုထားပေးသည်။

ကွက်လပ်ကြီးသည် ၎င်းတို့အတွက် ပွဲတော်များ ကျင်း... သည့်နေရာများဖြစ်သလို ကွက်လပ်အတွင်းသို့ ဝင်ထွက်ရန်အတွက်... တောင်ကြီး၏ လှိုင်ခေါင်းပေါက်၍ တစ်ဖက်အား ထွက်ရသည်... ဝင်လိုလျှင် ထိုကဲ့သို့ ပြုလုပ်ရသည်။

မြကြာဖြူ ရေချိုးရသည်မှာ လူရိုင်းခေါင်းဆောင်ကြီး၏... ကြင်ယာတော်များ ရေချိုးသည် ကြာဖြူကန်ကြီး၌ ရေချိုးရသည်... ၎င်းကန်သည် ကြင်ယာတော်များမှလွဲ၍ တခြား လူရိုင်းများ ဝင်... ရောက်ချိုးခွင့် မရှိ၊ ရေကန်၌ ရေချိုးသူအား အသတ်ခံရသည်။ ၎င်း... ကန်သည် အရှေ့ဘက်တောင်နှင့် တောင်ဘက်တောင်တို့ကြား၌ ဖောက်... ထားသည် လှိုင်ခေါင်းပေါက်မှ ထွက်ပြီး ရေချိုးခြင်းအလုပ်အား ပြု... လုပ်ရသည်။ မြကြာဖြူအား ၎င်းအပေါ်ဇာမှ ခေါ်ထုတ်သွားပြီး ရေချိုး... ပေးကြပေ၏။

ရေချိုးပေးသူများသည် အသက်လေးဆယ်ကျော်မိန်းမကြီး... များဖြစ်သည်။

ရေချိုးပြီးပြန်ရောက်ရှိသည်နှင့် မြကြာဖြူအား အမွှေးနံ့သာ...





...များ လိမ်းခြယ်ပေးပြီး လှပသည့် အဝတ်အထည်များ ဝတ်ဆင်ပေး... ...အဖိုးတန်သည့် ရတနာများ ဝတ်ဆင်ပေးပြန်သည်။ ထိုသို့ ...ဝတ်ဆင် ပေးမှုကြောင့် မြကြာဖြူသည် လွန်စွာချောမောလှပသည့် ...ဒေဝီတစ်ပါးဖြစ်သွားပေ၏။

အဖြူရောင်အဝတ်အစားများ၏အပေါ်၌ အနီရောင်ခပ်ပါးပါး ...ထည်အား လွှမ်းခြုံထားသည်။ အဖိုးတန် စိန်ရွှေရတနာများအား ...တစ်ကိုယ်လုံး ဝတ်ဆင်ထားသည်။ ဖိတ်ဖိတ်တောက် ရတနာများ ...ကြောင့် အမှောင်ထဲ၌ မီးမထွန်းဘဲ လင်းနေသလိုထင်ရသည်။

၎င်းနောက် မြကြာဖြူသည် ကျွေးမွေးသည့် အဟာရများ ...အား စားသောက်ပြီးပေးထားသည့်အခန်း၌ ရှိနေပေ၏။

“အရှင် အနားယူလို့ရပါပြီ၊ ကျွန်ုပ်တို့အခန်းပြင်ဘက်က ...အခန်းငယ်မှာ ရှိနေပါ့မယ်၊ လိုအပ်တာရှိရင် ခိုင်းနိုင်ပါတယ်”

“ကောင်းပါပြီ ကျွန်ုပ်လိုအပ်ရင် ခေါ်လိုက်ပါ့မယ်၊ တစ်ခု ...မေးပါရစေ သင်တို့ရဲ့သခင်ကြီး ကျွန်ုပ်ထံ မလာအောင် တားထား ...လို့ မရဘူးလား”

“ကျွန်ုပ်တို့အားလုံးရဲ့အသက် မြေမှာမကျပါရစေနဲ့အရှင်၊ ကျွန်ုပ်တို့ဟာ သခင်ကြီးရဲ့ လိုအပ်တာတွေကို ဖြည့်စည်းပေးနေသူ



www.burmeseclassic.com

www.burmeseclassic.com



တွေပါ"

"ကျွန်ုပ် မပြောလိုတော့ပါဘူး"

ထိုသို့ပြောပြီးသည်နှင့် အထိန်းတော်များသည် အပြင်ဘ
သို့ ထွက်သွားပေတော့၏။ မြကြာဖြူသည် တစ်ယောက်တည်း အခ
တွင်း၌ စဉ်းစားမှုများ ပြုလုပ်နေပေ၏။ ၎င်းသည် သူတစ်ပါး
ဆိုင်မှုအောက်၌ ရောက်ရှိနေထိုင်ရသည့်အတွက် ဖြေရှင်းချက်
ပေးမည်ကို လက်ခံမည်မဟုတ်၊ စတွေ့ချိန်မှာပဲ ကြင်ယာတော်အဖြ
သတ်မှတ်မည်ဟု လူရိုင်းများ၏ ရှေ့၌ အတိအလင်းပြောလိုက်သည်
၎င်းအတွက် မြကြာဖြူသည် လူရိုင်းခေါင်းဆောင်အား မည်သို့ ငြ
ပယ်ရမည်ဆိုတာကို စဉ်းစားနေပေ၏။

ရောက်ရှိနေသည့်နေရာမှ တစ်နေရာအား ထွက်ပြေး
စဉ်းစားမိသော်လည်း ဝင်လမ်းရှိပြီး ထွက်လမ်းပင်မရှိအောင် ပိတ်
နေပေ၏။ ၎င်းအချိန်၌ ဘရသေ့၏စကားများအား ကြားယောင်
မိသည်။

"လူသားတစ်ယောက်ဖြစ်လာလျှင် ဒုက္ခဆိုတာရှိမှာပဲ သမီး
တော်၊ လောကကြီးက လူသားတစ်ယောက်ကို အမြဲတမ်း အကောင်
ကြီးပဲ မပေးသလို အဆိုးကြီးပဲလည်း မပေးခဲ့ဘူး၊ အဆိုးနဲ့အကောင်





တစ်လှည့်စီပေးနေတယ်၊ အကောင်းနဲ့အဆိုးဆိုတာ အမြဲတမ်းယှဉ်တွဲ
နေတယ် သမီးတော်၊ တစ်ခုမှာချင်တာက ဘာပဲဖြစ်ဖြစ် ကောင်းမှု
ကုသိုလ်များများ လုပ်ပါကွယ်"

အသိတစ်ခု တိုးလာသည်။ မြကြာဖြူသည် ဘာသာရေး
လုပ်ရန် စိတ်ကူးမိသည်။ ထိုအတွက် မြကြာဖြူသည် မြတ်စွာဘုရား
အား အာရုံပြု၍ ပထမဆုံး သစ္စာဆိုလိုက်သည်။ ထိုသို့အာရုံပြု
သစ္စာဆိုပြီးနောက် ဘရသေ့၏ သင်ပြထားသည့်အတိုင်း တရားအား
ထုတ်နေပေတော့၏။

ထိုသို့ တရားအားထုတ်နေချိန်၌ ရင်ထဲ၌ ခံစားနေရသည့်
သောကဝေဒနာ စိုးရိမ်ပူပင်စိတ်များ အလိုလိုနေရင်းနှင့် လွင့်စင်
ပျောက်ကွယ်သွားပြီး စိတ်ထဲ၌ အေးချမ်းမှုများ ရောက်ရှိလာသည်
ဟု ထင်နေပေ၏။

စိတ်အာရုံ၌လည်း လွန်စွာထူးဆန်းသည့်ဖြစ်ရပ်များလည်း
ပေါ်ပေါက်နေသည်။ ထူးဆန်းမှုအားလုံးထက် အထူးဆန်းဆုံးတစ်ခု
သည် ထင်ထင်ရှားရှားတွေ့လိုက်ရသလိုဖြစ်နေ၏။ အကြောင်းမှာမူ
၎င်းနေထိုင်သည့်တောင်၏အပေါ်၌ သူရဲကောင်းရဲမက်များ ဖြတ်သန်း
သွားလာနေသည်ဟု ထင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းထင်မှတ်မှုများအပေါ် နောက်ထပ်ထင်မှတ်မှုတစ်ခု ထပ်မံ ပေါ်လာပြန်သည်။ ပေါ်လာသည်မှာ အသက်လေးဆယ်ဝန်းကျင် မိန်းမတစ်ယောက်ဖြစ်လာပေ၏။ မြကြာဖြူ၏ဘေး၌ ရပ်နေ၏ မိန်းမကြီး၏အနောက်၌ လွန်စွာ ကြောက်စရာကောင်းသည့် ယောက်ျား ကြီးလေးယောက်ရှိ၏။ ၎င်းတို့၏လက်ထဲ၌ လူသတ်လက်နက်များ စွာ ကိုင်ဆောင်ထား၏။ ၎င်းတို့သည် သာမန်လူသားများ မဟုတ် ကြောင်း ကောင်းစွာသိနေ၏။ အသက်လေးဆယ်ဝန်းကျင်မိန်းမသည် မြကြာဖြူအား သေချာကြည့်၍နေ၏။

"ကျွန်ုပ် သခင်မကြီးအား စောင့်စားနေခဲ့သည်မှာ နှစ် အတန်ကြာခဲ့ပါပြီ၊ တခြားနေရာကို သွားရောက်ရန် ဆုံးဖြတ်ပြီးေ မယ့် သခင်မကြီးအား စောင့်ဆိုင်းနေခဲ့တာပါ၊ အခု ဘုရားသေ ညွှန်ကြားချက်အတိုင်း ဒီနေရာကို ခေါ်လိုက်ရတာပါ၊ ကျွန်ုပ် ဘယ်သူ ဆိုတာ သခင်မကြီး သိမှာမဟုတ်ပါဘူး၊ ကျွန်ုပ်ဟာ ဝက်မင်းတော် ပေါ်ကပါ၊ သခင်မ လူလောကကို သွားမည်ဆိုတော့ အဘိုးနဲ့အစ် တော်က အထိန်းတော်အဖြစ်နဲ့ သခင်မရဲ့အနောက်က လိုက်စေတယ် သခင်မကို လိုက်ရှာရင်းနဲ့ ဒီလူရိုင်းတွေနေတဲ့ ဌာနကို ရောက်ခဲ့တယ်





လူရိုင်းခေါင်းဆောင်ရဲ့ ကြင်ယာတော်ဖြစ်ခဲ့တယ်၊ သူတို့ရဲ့ ရက်စက်တဲ့ စရိုက်မှာ မပျော်ပိုက်သလို သခင်မကြီးကိုလည်း ရှာချင်တယ်၊ အဲဒီမှာမနေဘဲ ထွက်ပြေးခဲ့တယ်၊ နောက်ဆုံးတော့ သူတို့လက်ချက်နဲ့ပဲ အသက်သေဆုံးခဲ့ရတယ်၊ သခင်မကြီးအနေနဲ့ သူတို့ရဲ့ဘက်တော်သား အဖြစ်ခံပါနဲ့၊ သူတို့ကို နိုင်တဲ့နည်းလမ်းတစ်ခုရှိပါတယ်၊ အဲဒါကို လုပ်နိုင်ခဲ့ရင် သူတို့ကိုအောင်နိုင်ပါပြီ၊ သူတို့ဟာ မိစ္ဆာတွေပါ၊ ကျွန်ုပ်တို့ရဲ့ ဗုဒ္ဓကို သူတို့က ဗုဒ္ဓလို့မခေါ်ဘူး၊ ရဟန်းကြီးလို့ခေါ်ပြီး သူတို့ရဲ့ လူသားစားအရုပ်ကြီးကို ကိုးကွယ်နေကြတယ်"

၎င်း၏စကားအား မြကြာဖြူ သေချာမှတ်သားထား၏။ ၎င်းသည် မြကြာဖြူအား သေချာပြောပြနေပေ၏။ မြကြာဖြူသည် အာရုံထဲ၌ ပေါ်လာသူအား သေချာကြည့်နေသည်။ လာရောက်ပြော လာသူအား အာရုံခံကြည့်နေ၏။ ထို့နောက် စကားများအား ပြောပြီး နောက် လာလမ်းအတိုင်း ပြန်ထွက်သွားသည်။ ပြန်၍ထွက်မသွား ခင်မှာ ၎င်းတို့သည် မြကြာဖြူအား ဂါရဝပြုသွားကြသေးသည်။

မြကြာဖြူအတွက် စဉ်းစားစရာဖြစ်လာပေ၏။ ၎င်းအား ဝက်မင်းတောင်က လာရောက်သည်ဟု ပြောနေပေမယ့် ၎င်းသည် ထမှ လာရောက်သည်ဆိုတာ မသိအောင်ဖြစ်နေပေ၏။ မိမိသိထား



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ မွေးမိခင်မကျွတ်ဘူးဟု ဝက်မင်းတောင်ပေါ် ကျောင်းဆရာတော်၏ မိန့်ကြားချက်အရ မြေချရာမှာ ထမင်းကျွေး ဆုတောင်းချိန်မှာ တောစပ်၌ မိခင်၏ရုပ်ပုံအား တွေ့ရသည်။ တောစပ်ထဲသို့ အရောက်တွင် လူမှားသွားပြီး ခြေဦးတည့်ရာထွက်ခဲ့၏။ ထို့နောက် ဘရသေ့ကယ်တင်၍ တရားပြပေးသည်။ ဘရသေ့သည် လွန်စွာ သီလသမာဓိများနှင့်ပြည့်စုံသည်။ ဘရသေ့ သေဆုံးပြီးနောက် ကျားများလိုက်၍ ထွက်ပြေးလာရမှ လူရိုင်းများတွေ့ရှိပြီး ယခုကဲ့သို့ အဖမ်းခံရသည်။ လူရိုင်းသခင်သည် မြကြာဖြူအား ကြင်ယာတော် ကောက်မည်ဟု ကြွေးကြော်ပြီး တပည့်အောက်လက်ငယ်သားများအား တောကောင်များ ရှာဖွေခိုင်းသည်။ မကြာမီ ၎င်းတို့ကိုးကွယ်သော မိစ္ဆာအား ပူဇော်ပသပြီး လက်ထပ်ထိမ်းမြားပွဲကို ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည့်အတွက် လူရိုင်းများသည် ပျော်ရွှင်နေသလို အပြစ်ရှိသူများအား အပြစ်ဒဏ်မှ လွတ်မြောက်မည်ဟု ပြောကြားသည်။

ထိုစဉ်မှာ အစဉ်အလာတစ်ခုဖြစ်နေပေ၏။ တစ်နှစ်အတွင်း ဖမ်းဆီးထားသူများသည် ယစ်ပူဇော်ပွဲ သို့မဟုတ် လူရိုင်းခေါင်းဆောင်ကြီး နောက်ထပ်မိန်းမတစ်ယောက်ယူလျှင် အပြစ်ရှိသူများအား လွတ်ပေးသည်။ ဖမ်းဆီးသူများအား တောင်လေးလုံးအနက် မြောက်ဘက်တောင့်၌ ဖမ်းချုပ်ထားသည်။ ထိုတောင်၌ ကျားရိုင်းကြီးသုံးကောင်လည်း လှောင်ထားပေ၏။ ဆိုးသွမ်းသူများအား ထိုကျားရိုင်းကြီးများ၏ အစာအဖြစ် ကျွေးမွေးသတ်ဖြတ် အပြစ်ပေးတတ်ပေ၏။

မြကြာဖြူသည် အချိန်အတန်ကြာအောင်ထိုင်၍ တရားကျင့်နေပေ၏။ ထိုညသည် လူရိုင်းတို့၏ ခေါင်းဆောင်ကြီးမြကြာဖြူထံ လာရောက်မည့်အကြောင်း အထိန်းတော်များ ပြောကြားထားသည်။ ၎င်းလာရောက်မှာကို မြကြာဖြူ ကြောက်ရွံ့စိုးရိမ်နေပေ၏။ အချိန်သည် ညဉ့်တစ်ဆယ်နှစ်နာရီကျော် တစ်ဆယ့်သုံးနာရီတီးရန် လွန်စွာ နီးကပ်လျက်ရှိနေပေ၏။ ထိုအချိန်ထိ လူရိုင်းခေါင်းဆောင်ကြီး ရောက်ရှိလာခြင်းမရှိအောင်ဖြစ်နေပေ၏။

၎င်းအခြင်းအရာများသည် မြကြာဖြူအတွက် လွန်စွာထူးဆန်းလျက်ရှိနေသည်။ မိမိ၏ ဘဝသည် ပြောင်းလဲမှုတစ်ခုရှိမည်။ ထိုပြောင်းလဲမှုသည် အဆိုးနှင့်အကောင်း နှစ်ခုအနက် တစ်ခုသာ ဖြစ်မည်ဆိုတာ တွေးတော၍ အာရုံသို့ လင်းခဲ့ပြန်ပေတော့၏။

* * *






www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

### မီးများကြားက မိန်းကလေး

တစ်ညလုံး အိပ်ရေးပျက်ခဲ့ပြီး နံနက်လင်းချိန်၌ ကောင်းစွာ အိပ်မောကျသွားပေ၏။ အာရုံတက်အိပ်ချိန်၌ အိပ်မက်များစွာ မက်နေသည်။

ရှုပ်ထွေးနေသည့်အတွက် ဘယ်အရာကိုမျှ သဲသဲကွဲကွဲ မသိရှိရပေမယ့် တစ်ခုကိုတော့ ကောင်းစွာသိရှိမှတ်မိနေပေ၏။

ကိုယ်ခန္ဓာ၌ ရွှေရောင်၊ ငွေရောင်တောက်ပသည့် အဝတ်အစားများ ဝတ်ဆင်၍ ကျားကြီး၏အစွယ်များကို ရင်ခွင်၌ မိုက်ထွေး၍



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သို့ တက်သွားသည်။ အနောက်၌ ရဲမက်စစ်သည်များ လိုက်နေသည်။

ထိုသို့မက်နေချိန်၌ အထိန်းတော်သည် လာရောက်၍နှိုးလိုက်သည့်အတွက် အိပ်မက်သည် တစ်ဝက်နှင့်ပြတ်သွားပေ၏။ မြကြာဖြူသည် ထ,ထိုင်လိုက်ပေ၏။

"အရှင် အဟာရစားသောက်ရန်အတွက် ထ,တော်မူပါတော့"

"ကောင်းပါပြီ အထိန်းတော်"

"ကျွန်ုပ် အရှင့်ကိုမေးပါရစေ"

"ဘာများပါလိမ့် အထိန်းတော်"

အထိန်းတော်သည် မြကြာဖြူအား တစ်ချက်ကြည့်လိုက်သလို အခန်းအတွင်းများအား သေချာစွာဝိုက်ကြည့်နေပေ၏။ ထူးဆန်းမှုတစ်ခုရှိနေသည်ဟု မြကြာဖြူသိနေပေ၏။

"ညဉ့်အချိန်က အရှင့်ထံ ကျွန်ုပ်တို့ရဲ့ခေါင်းဆောင်ကြီး ရောက်ရှိမလာဘူးဆိုတာ သိနေပါတယ်၊ ဒါပေမယ့် လူတစ်စု ဝင်လာတာကိုတော့ သတိထားမိတယ်၊ အဲဒါတွေက ဘယ်သူတွေလဲ"

"အလိုလေ ကျွန်ုပ်ထံကို လူတစ်စုရောက်လာတယ် ဟုတ်လား၊ အကျွန်ုပ် မသိလိုက်ပါလား၊ ဘယ်အချိန့်လောက်က ရောက်





ရှိလာတာလဲ"

မြကြာဖြူသည် ထိုသို့မေးလိုက်သလို မသိဟန်ဆောင်နေပေ၏။ တကယ်တော့ မြကြာဖြူ သတိထားလိုက်မိသည်။ ၎င်းတို့သည် ဘဝဟောင်းက အထိန်းတော်တွေ ရောက်ရှိလာသည်။ အထိန်းတော်များ၏နောက်၌ လူရိုင်းကြီးများပါလာသည်။ ၎င်းတို့အား တွေ့လိုက်သလား သို့မဟုတ် ခြေသံများအား ကြားလိုက်လို့လားဟု တွေးနေမိ၏။

မည်သို့ပင်ဖြစ်စေကာမူ လူရိုင်းသခင်ကြီး ရောက်ရှိမလာသည့်အတွက် မြကြာဖြူ လွန်စွာကျေနပ်ပီတိဖြစ်နေမိခြင်းသာဖြစ်ပေတော့သည်။

"ဒီည ပူဇော်ပွဲကျင်းပမယ်၊ အရှင်နဲ့ကျွန်ုပ်တို့ရဲ့ သခင်ကြီးတို့ ထိမ်းမြားပွဲရှိတယ်၊ အဲဒီအတွက် မကြာခင် အရှင့်အား ရေချိုးရန် ကျွန်ုပ်တို့ပြန်လာခဲ့ပါမယ်။ အခု အရှင့်အတွက် အဟာရများ ခွင်ဆင်ရန်အတွက် ခွင့်ပြုပါဦး"

ထိုသို့ပြောပြီးနောက် ထွက်သွားကြပေတော့သည်။ မြကြာဖြူသည် အခန်းတွင်း၌နေ၍ အိပ်မက်အား အစဖော်၍ စဉ်းစားနေပေတော့၏။

၎င်းအိပ်မက်သည် မည်သို့အဓိပ္ပာယ်ကို ဦးတည်နေသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်များအား အဖြေရှာနေပေတော့သည်။ အိပ်မက်ထဲ၌ မြကြာဖြူသည် ထူးဆန်းသည့်မိန်းမတစ်ယောက်ဖြစ်သလို ကြီးမားသည့် ကျားကြီး၏ အစွယ်အား ရင်မှာပိုက်ထားသည်။ ကျားဆိုသည် သတ္တဝါသည် လွန်စွာကြောက်စရာကောင်းသည်။ ထိုကြောက်စရာကောင်းသည့် အကောင်ကြီး၏အစွယ်ကို ရင်ဝယ်ပိုက်ထားသည်ဆိုသည့်အတွက် ကြီးမားသည့် ရန်ဟူသမျှအား အောင်မြင်သည်ဟု ဆိုထားသည်။ မြကြာဖြူသည် ထိုရန်များအား မည်သို့မျှ အောင်မြင်မှုမရှိဆိုတာကို သိနေပေတော့သည်။ ထိုအချိန်၌ လူရိုင်းများသည် ညအခါ၌ ကျင်းပရန်အတွက် စိတ်အားထက်သန်စွာ ပြင်ဆင်နေကြပေတော့သည်။

**တရှုသူများအပေါင်းတို့ ထိုအချိန်မှစ၍ ညနေစောင်းသည်အထိ ဆက်လက်တင်ပြရန်ကိစ္စသည် နာရီပေါင်းများစွာ ကျန်ရှိနေသေးသည့်အတွက် တင်ပြလျှင် လွန်စွာ ရှင်းရှည်၍ငွေ့စရာ ကောင်းနေသည့်အတွက် ချန်၍ထားခဲ့ခြင်းဖြစ်ပါသည်။**

**စာရေးသူ**

တစ်နေ့တာအတွက် နေမင်းကြီးသည် တာဝန်ပြီးဆုံးသွားပြီဖြစ်သည့်အတွက် အမှောင်ထုများ လွှမ်းမိုးရန် ညကမ္ဘာအား လွှဲပြောင်းတာဝန်ပေးလိုက်သည်။ ထိုအတွက်ကြောင့် ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးနေသည်။ လူရိုင်းများနေထိုင်သည့် တောင်ကြီးလေးလုံးနှင့် ကွက်လပ်များသည် မီးရောင်များ ထိန်လင်းနေပေ၏။ တောင်လေးလုံးအား သခင်တောင်၊ ယခု လူရိုင်းတောင်၊ နဘဲတောင်၊ ကျားရိုင်းတောင်၊ ပန်းတင်တောင်ဟု အမည်များပေးထား၏။

လူရိုင်းများသည် သားကောင်များအား ကွက်လပ်ကြီး၏ အလယ်၌ မီးတောက်များနှင့် ကင်နေသည်။ တချို့အိုးများနှင့်ပြုတ်နေသည်။ ပြုတ်ထားသည်မှာ မြွေ၊ ကင်းမြီးကောက်တို့ရှိသွန်များအားလုံး အိုး၌ ပြုတ်သည်။ ကျက်အောင်ပြုတ်ခြင်းမဟုတ် ရေနွေးနှံသာဖြစ်သည်။

ထိုအချိန်၌ မြကြာဖြူအား အလှပြင်ပေးနေကြပေ၏။ ထိုမှုအတွက် အားလုံးသည် ပျော်ရွှင်နေပေ၏။ မြကြာဖြူအတွက်ကြောက်ရွံ့နေပေ၏။ စိတ်ထဲ၌ စဉ်းစားမှုများစွာအား အဖြေထုတ်နေပေသည်။ ဤလူရိုင်းခေါင်းဆောင်နှင့် လက်မထပ်နိုင်သလို လွတ်မြောက်အောင် ဘယ်လိုကြိုးစားရမလဲ စဉ်းစားနေသည်။

၄င်းအချိန်၌ ဆူညံသံများထွက်ပေါ်လာပေ၏။ အသံများသည်







www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပွဲစရန် အချိန်နီးကပ်နေသည့်အတွက် နိုးဆော်နေခြင်းပင်ဖြစ်သည်။ နေထိုင်ကြသူများသည် ကွက်လပ်အတွင်းသို့ ဝင်ရောက်ကုန်ကြပေ၏။ ထိုအချိန်၌ မြကြာဖြူနေထိုင်သည့်အခန်းသို့ ဦးတည်လာသည့်ခြေသံကို ကြားရသည်။

"အထိန်းတော်ကြီး အရှင်အား ခေါ်ခဲ့ရန် အမိန့်ထုတ်လိုက်တယ်"

"ကောင်းပါပြီ"

မြကြာဖြူသည် ထ,လိုက်ပေ၏။ ရှေ့မှထွက်သွားပေ၏။ ၄င်းတို့သည် အနောက်မှကပ်လိုက်လာကြပေ၏။ အထိန်းတော်များ၏လက်ထဲ၌ မြကြာဖြူပျောက်ဆုံးသွားသော်လည်းကောင်း၊ တစ်ခုခုဖြစ်သွားသော်လည်းကောင်း လူရိုင်းသခင်ကြီး၏ အမိန့်အတိုင်း အသတ်ခံရသည်။ ၄င်းကြောင့် အထိန်းတော်များသည် အနောက်မှ ကပ်လိုက်နေကြပေ၏။

၄င်းတို့၏တာဝန်သည် မြကြာဖြူအား အပြင်အထိန်းတော်များလက်သို့ အပ်သည်အထိ တာဝန်ရှိနေပေ၏။ အဝ၌ အထိန်းတော်လေးယောက်စောင့်နေကြပေ၏။ ၄င်းတို့သည် အသက် (၁၈) နှစ်ကျော်မိန်းကလေးများဖြစ်ကြပေ၏။ နှစ်ယောက်သည် ရှေ့မှထွက်





သွားပြီး နှစ်ယောက်သည် အနောက်မှကပ်လိုက်လာသည်။ ကပ်လျက်အတွင်း၌ ရှိနေသူများသည် မိစ္ဆာနတ်အား ပူဇော်မည့်နေရာဘက်သို့ ချက်နှာမူ၍ရပ်နေကြသည်။ ၄င်းတိုင်သည် အတောင်သုံးဆယ်လောက်မြင့်သည့်ဝါးလုံးကြီးအား တိုင်ထူထားသလို မီးများပူဇော်ထားသည်။ တိုင်ရှေ့၌ လေးတောင်ပတ်လည် စင်တစ်ခုရှိ၏။ စင်၏အရှေ့၌ လူသတ်သည့် ဓားရှည်ကြီးတစ်ချောင်း၊ လှံရှည်ကြီးတစ်ချောင်း အသင့်ထောင်ထား၏။ ၄င်း၏ရှေ့၌ ထင်းခြောက်များအား ထောင်၍ မီးဖိုကြီးတစ်ခုရှိနေပေ၏။

ကောင်းကင်၌ ကြယ်များပျောက်ကွယ်၍ လေများတိုက်ခတ်နေသည်။ ထိုအတွက်ကြောင့် မီးများသည် တဟုန်ထိုးတောက်လာသည်။

လူရိုင်းသခင်ကြီးသည် မိစ္ဆာနတ်တိုင်၏ရှေ့၌ ရပ်နေ၏။ ၄င်း၏ခါး၌ လူသတ်သည့် ဓားကောက်ကြီးတစ်ချောင်းချိတ်ထား၏။ အားလုံး သည် မြကြာဖြူအား ကြည့်နေကြပေ၏။ ၄င်းတို့သခင်ကြီး၏ ဖူပူ နွေးနွေး ကြင်ယာတော်မိဖုရားလေးဖြစ်နေသည့်အတွက်ဖြစ်သည်။ မြကြာဖြူသည် သခင်ကြီး၏အနားသို့ရောက်ချိန်၌ တောဝက်အစ်ကောင်အား မီးကင်ထားသည့် မီးကင်ကြီးအား ရှေ့နောက်လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက် မ၊၍ ယူလာကြပေ၏။ ၄င်းတို့သည် တောဝက်ကြီးအား မိစ္ဆာစံကိုင်သို့တင်လိုက်ချိန်၌ မြကြာဖြူနှင့်လူရိုင်းခေါင်းဆောင်တို့ ၄င်း၏အနားသို့ ရောက်ရှိသွားပေ၏။

လူရိုင်းခေါင်းဆောင်သည် မြကြာဖြူအား အပြုံးနှင့်ကြည့်လိုက်သည်။

"ဒီနေ့ဟာ ကျုပ်တို့ မိစ္ဆာနတ်မင်းကြီးကို ပူဇော်တဲ့ပွဲပဲ၊ ဒီပွဲကျင်းပနေချိန်မှာ ကျုပ်နဲ့အသင်တို့ရဲ့ မင်္ဂလာပွဲကို မိစ္ဆာနတ်မင်းကြီးဆီမှာပဲ ခွင့်ကောင်း ကျင်းပကြမယ်၊ ကဲ··· ကျုပ်တို့ မိစ္ဆာနတ်မင်းကြီးကို ပူဇော်ကြမယ်"

မြကြာဖြူသည် ခေါင်းအားတစ်ချက်ညိတ်ပြီး ဝက်ကင်ကြီးအား ဟန်ဆောင်၍ ကပ်လိုက်သည်။ ထိုအချိန်၌ လူရိုင်းခေါင်းဆောင်ကြီးသည် အသံကုန်အော်ဟစ်နေသည်။ ၄င်းမှာ မိစ္ဆာနတ်အား ပူဇော်တောင်းပန်ကန်တော့နေခြင်းဖြစ်သည်။ ထိုအချိန်၌ လေများ သည် ပြင်းထန်စွာ တိုက်ခတ်နေသည်။ ခေါင်းပေါ်မှ ဆံပင်များ၊ အင်္ကျီများ လွင့်နေပေသည်။

လူရိုင်းများသည် ၄င်းတို့၏ခေါင်းဆောင်ကဲ့သို့ အော်ဟစ်နေကြပေ၏။ ဝန်းကျင်သည် ဆူညံစွာလွှမ်းမိုးနေသည်။ အားလုံး၏





သံများထက် ထူးဆန်းသည့်အသံတစ်ခု ထွက်ပေါ်နေ၏။ ၄င်းအသံသည် မြကြာဖြူမှလွဲ၍ မည်သူမျှ ကြားဟန်မတူကြပေ။

အတန်ကြာတော့ လူရိုင်းခေါင်းဆောင်ကြီးအသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"အားလုံး မိစ္ဆာနတ်ကို အရိုအသေပြုကြမယ်"

ထိုအချိန်၌ လူရိုင်းများသည် ထိုင်လိုက်ကြသည်။

၄င်းတို့ထိုင်သည့်ပုံစံသည် ဒူးတစ်ဖက်ထောင်ပြီး တစ်ဖက်ကို အောက်ချထားပြီး၊ လက်တစ်ဖက်ဖြင့် မြေပေါ်ချလိုက်ပြန်ပြီး ခေါင်များဖြင့် ပွတ်ခြင်းပြုလုပ်နေကြပေ၏။ ကောင်းကင်၌ ငှက်များ ပျံသန်းလျက်ရှိနေကြပေ၏။

"ကဲ··· မိစ္ဆာနတ်ကြီးအား ပူဇော်ပြီးနောက် စားကြရင်း ပျော်မြူးပွဲကို ကျင်းပကြမယ်"

"အောင်ပြီ··· အောင်ပြီ"

ထွက်ပေါ်လာသည့်အသံသည် ဝန်းကျင်သို့ လွှမ်းမိုးသွား၏။ တစ်ချိန်တည်း၌ လူရိုင်းခေါင်းဆောင်သည် မြကြာဖြူ၏ ကိုယ်မှာအား ကြည့်ပြီး လက်လေးများအား ဆုတ်ကိုင်ရန် ကြိုးစားနေသည်။ အဖွဲ့သားများသည် စားစရာများကို အလုအယက်စား

www.burmeseclassic.com



သောက်နေကြပေ၏။ ပျော်ရွှင်နေကြပေ၏။

“အား… အမလေး”

လှရိုင်းခေါင်းဆောင်၏ အသံဖြစ်သည်။

မြကြာဖြူ၏လက်အား ဆုတ်ကိုင်ပြီးမှ ပြန်လည်၍ လွှတ် လိုက်သည်။ ထို့အတွက်ကြောင့် မြကြာဖြူ တုန်လှုပ်သွားပေ၏ လှရိုင်းခေါင်းဆောင်သည် မြကြာဖြူအား ဒေါသများနှင့်ကြည့်နေ သည်။ မြကြာဖြူ၏ လက်သည် မီးခဲကြီးကိုင်ထားသလို ပူနေပေ၏ လှရိုင်းခေါင်းဆောင်သည် လွန်စွာဒေါသထွက်သွားပေသည်။

ထို့နောက် ခါး၌ချိတ်ထားသည့် ဓားအားဆွဲထုတ်ပြီး မြကြာ ဖြူအားသတ်ရန် ကြိုးစားနေသည်။ ၎င်း၏ဖြစ်ပုံသည် မြကြာဖြူ မသိအောင်ဖြစ်နေသည်။

“အရှင် ကျွန်ုပ် သင့်အား ဘာများပြစ်မှားမိပါလိမ့်”

“သင်ဟာ ကျွန်ုပ်ရဲ့ရန်သူ”

“သင့်ကို အကျွန်ုပ် ဘာမှ မပြစ်မှားမိပါဘူး၊ အဲဒါ မှန်သော စကားပါ”

“ကျွန်ုပ် သင့်ကို မယုံနိုင်ဘူး၊ ကျွန်ုပ်ရဲ့ ရန်သူ သင့်ကို သတ်ပြီး မိစ္ဆာနတ်ကို ပူဇော်ရမယ်”





“ကျွန်ုပ်သင့်ကို မကောင်းတဲ့စိတ်မမွေးဖွားခဲ့ပါဘူး၊ ဒါပေမဲ့ သင့်ကိုလက်ထပ်ယူရန်မှာ မဖြစ်နိုင်ပါဘူး၊ ဤစကားသည် လွန်စွာမှန်ကန်ပါသည်၊ ထို့အတွက်ကြောင့် ကျွန်ုပ် မြတ်ဗုဒ္ဓထံမှာ သစ္စာဆိုပါမည်”

မြကြာဖြူသည် လွန်စွာတုန်လှုပ်သွားသည်။ လှရိုင်းသခင်ကြီးသည် ဓားအားကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ကြည့်နေသည်။ မြကြာဖြူသည် မြတ်စွာဘုရားအား အာရုံပြု၍ သစ္စာဆိုလိုက်သည်။

“အို…သုံးလောကထွဋ်ထားမြတ်စွာဘုရား။ ငယ်ရွယ်ကလေး ဘဝမှစ၍ ယနေ့ထက်တိုင် မဟုတ်မမှန်တာကို ပြောဆိုခြင်း မရှိသလို မြတ်စွာဘုရား၏ တရားတော်များကိုလည်း ယုံကြည်စွာ ကိုးကွယ်ပါသည်၊ ယခုအချိန်ထိ ဘယ်လိုလူ တစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခရောက်အောင် မလုပ်ခဲ့တာ အမှန်ပါ၊ ဤစကားသည် အမှန်တကယ်ဖြစ်ပါသည်၊ ထို့ အတွက်ကြောင့် ကပည့်တော်မ၌ ကြုံတွေ့နေရသည့် အခက် အခဲ ဒုက္ခတို့သမျှ အားလုံး အောင်မြင်ကျော်လွှားနိုင်ရပါစေ သား။”

မြကြာဖြူသည် သစ္စာပြုပြီး မြတ်စွာဘုရားအား ဖော်ပြနေ



www.burmeseclassic.com

www.burmeseclassic.com



ချိန်၌ လေများသည် ပြင်းထန်စွာ တိုက်ခတ်လာပေသည်။ မြကြာဖြူ၏ ကိုယ်လုံး၌ အရောင်များစွာထွက်လာသလို ထင်နေရပေ၏။ လူရိုင်းခေါင်းဆောင်သည် မြကြာဖြူအား ကြည့်နေပေ၏။ ဒေါသများ လွှမ်းမိုးလျက်ရှိနေပေ၏။

ဝန်းကျင်တွင် ဆူညံသည့်အသံများ ထွက်ပေါ်လာသည်။ လူရိုင်းများသည် အချင်းချင်းတိုက်ခိုက်လျက်ရှိနေပေ၏။ ထိုအချိန်၌ လွန်စွာကြောက်စရာကောင်းသည့်အသံများ ဟိန်းထွက်လာသည်။ ၎င်းအသံသည် ကျားများ၏အသံပင်ဖြစ်သည်။ လှောင်ထားသည့် ကျားကြီးသုံးကောင်သည် ထွက်လာပြီး လူရိုင်းများအား ဝင်ရောက်တိုက်ခိုက်နေသည်။

လူရိုင်းခေါင်းဆောင်သည် မြကြာဖြူအား ဓားနှင့်ခုတ်ရန် ကြိုးစားနေသည်။

“ဝေါင်း...”

ကြောက်စရာကောင်းသည့်အသံတစ်ခုနှင့်အတူ ကျားကြီးသည် လူရိုင်းခေါင်းဆောင်အား ဝင်ရောက်တိုက်ခိုက်နေပေသည်။ လူရိုင်းခေါင်းဆောင်၏ ဓားဦးသည် ကျားကြီး၏ဘက်သို့ ဦးတည်နေပေသည်။ ကျားကြီးသည် လူရိုင်းခေါင်းဆောင်ကြီးအား အရှိန်





နှင့် ခုန်အုပ်လိုက်သည်။ ထိုအတွက် လက်ထဲ၌ကိုင်ထားသည့် ဓားသည် အပေါ်သို့ လွင့်စင်မြောက်တက်သွားပေ၏။ ၎င်းဓားသည် လွင့်စင်၍ မိစ္ဆာနတ်အား ပူဇော်ထားသည့်တိုင်အား ထိမှန်သွားပြီး မိစ္ဆာနတ်တိုင်ကြီးသည် အောက်သို့လဲကျသွားသည်။

မြကြာဖြူသည် မည်သို့ပြုလုပ်ရန် စဉ်းစားနေသလို သောကများစွာ ရှိနေပေ၏။ လွန်စွာကြောက်စရာကောင်းနေသည့် ကျားကြီးများသည် လူရိုင်းများအား တိုက်ခိုက်နေသည်။ လူရိုင်းများသည် အချင်းချင်းတိုက်ခိုက်နေပေ၏။ မြင်ရသည်မှာ လွန်စွာ စိတ်မကောင်းဖြစ်နေပေ၏။ မြကြာဖြူသည် အသက်ဘေးမှ လွတ်မြောက်ရန်အတွက် ပြေးရန်ကြိုးစားနေသော်လည်း မလွယ်ကူအောင်ဖြစ်နေသည်။ ထိုအချိန်၌ ပြတ်သားသည့်အသံတစ်ခု ထွက်ပေါ်လာပေ၏။

“တက်... အဲဒီပလ္လင်ပေါ်ကိုတက် အဲဒါ သခင်မနဲ့ထိုက်တန်တယ်”

ထွက်ပေါ်လာသည့်အသံသည် ဘရသေ့၏အသံပင်ဖြစ်နေသည်။ ပလ္လင်သည် လူရိုင်းခေါင်းဆောင်များ ထိုင်ခဲ့သည့်ပလ္လင်ဖြစ်သည်။ လူရိုင်းတို့အား အုပ်ချုပ်ရာ၌ ပလ္လင်ပေါ်အား ရောက်ရှိခြင်းမှ အမိန့်ပေးရခြင်းဖြစ်သည်။ ဒါဟာ လူရိုင်းခေါင်းဆောင်များ၏ အုပ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်နည်းဖြစ်သည်။ အံ့သြစရာမြင်ကွင်းတစ်ခု လူရိုင်းတစ်ယောက်သည် မြကြာဖြူထံ ဒေါသများနှင့် ပြေးလာနေပေ၏။

"ပလ္လင်ပေါ်ကို တက်လေ ဘာလုပ်နေတာလဲ"

ထပ်မံထွက်ပေါ်လာပြန်သည်။ လူရိုင်းသည် မြကြာဖြူ၏ အနီးသို့ရောက်ရှိလာရန် နီးကပ်နေပေ၏။ မြကြာဖြူသည် အသက်ဘေးမှလွတ်မြောက်ရန်အတွက် ပလ္လင်ပေါ်သို့ ပြေးတက်သွားသည်။ ပလ္လင်ပေါ်သို့ရောက်သည်နှင့် တစ်ဦးတစ်ယောက်မှ ထိုင်ခိုင်းလိုက်သလိုဖြစ်သွားသည့်အတွက် ထိုင်လိုက်သည်။

"ဟာ… အို…"

"ပလ္လင်ကြီး မီးလောင်နေပြီ"

လွန်စွာမှန်ကန်နေပေ၏။ မြကြာဖြူထိုင်လိုက်ချိန်၌ မီးများသည် တစ်ဟုန်းဟုန်းတောက်လောင်နေပေ၏။ ၄င်းအတွက် အားလုံးသော လူရိုင်းများ လွန်စွာ အံ့သြကုန်ကြပေ၏။ အတန်ကြာချိန်ထိ မီးများ တဟုန်းဟုန်းလောင်နေသည့်အတွက်ကြောင့် မြကြာဖြူသည် မီးစွယ်မီးညွန့်များကြောင့် ပျောက်ကွယ်နေပေတော့သည်။ လောင်နေသည့် မီးများသည် လွန်စွာကြောက်စရာကောင်းနေပေ၏။ ၄င်းဖြစ်ရပ်သည် လွန်စွာယူဆန်းနေပေ၏။





အတန်ကြာချိန်၌ မီးများသည် စုလုံးပြီး အပေါ်သို့ လွင့်တက်သွားသည်။ မီးများ လောင်ကျွမ်းမှုကြောင့် မြကြာဖြူနှင့် ပလ္လင်ကြီး ပျက်စီးသွားပြီဟု ထင်နေသော်လည်း ပလ္လင်သည် မည်သို့မျှမဖြစ်သလို မြကြာဖြူသည် ထိုင်နေလျက်သားဖြစ်နေပေ၏။ တကယ်တော့ မီးလောင်ကျွမ်းနေသည်ဆိုတာ မြကြာဖြူအတွက် မဟုတ်ပေ။

မြကြာဖြူသည် ပလ္လင်ပေါ်၌ထိုင်နေသည်။ မီးလောင်နေသည်ဆိုတာ မဟုတ်ပေ၊ ပလ္လင်လည်း မလောင်၊ မြကြာဖြူကိုလည်း မလောင်ပေ၊ အားလုံးသည် မီးလောင်နေသည်ဟု ပြောစကားသည် မြကြာဖြူအတွက် လွန်စွာ အံ့သြစရာဖြစ်နေသည်။ ထို့နောက် မြကြာဖြူအား ကြည့်နေသည့် လူရိုင်းများ လွန်စွာအံ့သြ၍ တုန်လှုပ်သွားသည်။ ၄င်းဖြစ်ရပ်သည် ပထမဆုံးအကြိမ်သာဖြစ်နေသည်။

"သခင်မ… သခင်မရဲ့ ဘယ်ဘက်မှာ ဓားရတနာရှိတယ်၊ အဲဒီဓားဟာ သခင်မအတွက်ပါ၊ ဒီဓားနဲ့ရှင်းမှ ရန်ပွဲများ ငြိမ်းပြတ်သွားမယ်"

မြကြာဖြူသည် ဓားအား ကောက်ယူလိုက်သည်။

အသံပိုင်ရှင်သည် တခြားသူမဟုတ် ကျန်ခဲ့သည့် လအတန်ကြာက သေဆုံးသွားသည့် လူရိုင်းခေါင်းဆောင်ကြီး၏ ကြင်ယာတော်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဥ၏အသံဖြစ်သည်။ မယ်ဥသည် မြကြာဖြူ၏ အနောက်မှ အ လိုက်နေမည်ဟု လူရိုင်းတို့ဌာနေသို့ ရောက်သည့်ညက လာရော ပြောသလို လူရိုင်းခေါင်းဆောင်ကြီးအနားသို့ ရောက်ရှိမလာရန် တ မြစ်ထားမည်ဟု ပြောသွားသည်။ ယခု ဓားမြတ်ရတနာရှိကြောင် ပြောလာပြန်သည်။

"မင်းကို ကျုပ်သတ်မယ်၊ သတ်မယ်"

ပြောပြီးနောက် ၄င်းသည် ပလ္လင်ပေါ်သို့ ပြေးတက်လာပေ၏

"မင်းကို ကျုပ်သတ်မယ် သတ်မယ်"

ပြောပြီးနောက် ၄င်းသည် ပလ္လင်ပေါ်သို့ ပြေးတက်လာ ၏။ မြကြာဖြူသည် ဓားရှည်ကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ပြီး ပြေးလာသည့်လူရိုင်းအား ကြည့်နေပေ၏။ လူရိုင်းတချို့သည် ပြေးနေသည့်လူရိုင်းအား စိုးရိမ်စိတ်များစွာနှင့် ကြည့်နေပေကြ၏ မီးများ တဟုန်းဟုန်းလောင်နေတာတောင် ဘာမှမဖြစ်တာကို တွေ လျက်သားနဲ့ ရင်ဆိုင်ချင်နေသည်။

ပြေးလာသူသည် တခြားသူမဟုတ်၊ လူရိုင်းခေါင်းဆောင် ၏ သားကြီးပင်ဖြစ်သည်။ ၄င်းသည် ဖခင်နှင့်လူမျိုးအတွက်ကြောင့် မြကြာဖြူအား တိုက်ခိုက်ရန် တက်ရောက်လာခြင်းဖြစ်သည်။





"အား…"

အော်ဟစ်သံတစ်ခုထွက်ပေါ်လာပေ၏။

၄င်းသည် တခြားလူမဟုတ်၊ မြကြာဖြူအား တိုက်ခိုက်ရန် ပြေးလာသူဖြစ်ပြီး အနောက်သို့လဲကျသွားသည်။ ထိုသူသည် တဟုန်း ဟုန်းတောက်နေသည့်မီးပုံ၏ ဘေးသို့လဲကျသွားပေ၏။ ထောင်လျက် လောင်နေသည့် ထင်းချောင်းများသည် ထိုလူ၏အပေါ်သို့ ပြုတ်ကျ ကုန်သည်။ တစ်ချိန်တည်းမှာပင် ထိုလူကိုပါ လောင်ကျွမ်းနေပေ သည်။

မီးများ၏အပူရှိန်ကြောင့် ၄င်းသည် ခြေဦးတည့်ရာပြေးနေ သည်။ နောက်ဆုံး၌ ထိုလူသည် မီးပုံပေါ် လဲကျသွားပေ၏။ ထင်းများ သည် ၄င်း၏အပေါ်သို့ ပြိုလဲကျကုန်ကြပေ၏။

တိုက်ပွဲများသည် အပြီးသတ်ပြီဆိုသော်လည်း ကျန်နေသေး သည်။ ထို့နောက် လူရိုင်းခေါင်းဆောင်သည် ကျားကိုက်ခံရ၍ သေဆုံး သွားပေတော့သည်။

ကွက်လပ်ကြီးတစ်ခုလုံး သွေးများ လွှမ်းမိုးနေသည်။

"သင်တို့အားလုံး ရပ်ကြစမ်း"

"အခုရပ်လိုက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးသည့် ဝန်းကျင်သို့ လွှမ်းမိုးသွားပေတော့သည်။ ထိုအသံများ ကြားလိုက်သည်နှင့် ဒေါသများလွှမ်းမိုးသည်နှင့် ကျားများသည် မြကြာဖြူအနီးသို့ ရုတ်တရက်ရောက်ရှိသွားသည်။ မြကြာဖြူ၏ရှေ့၌ ဝပ်နေကြသည်။ ၎င်းမြင်ကွင်းအတွက် အားလုံးတုန်လှုပ်အံ့သြကုန်ကြပေသည်။ လူရိုင်းများသည် ရောက်ရှိနေသည့်နေရာ၌ မြကြာဖြူအား ရှိသေဂါရဝပြုနေကြပေ၏။

"ဒီအချိန်ကစ၍ ကျွန်ုပ် သင်တို့ကို အုပ်ချုပ်မယ့်ခေါင်းဆောင်ဖြစ်သွားပြီ၊ သင်တို့အားလုံး ကျွန်ုပ်စကားနဲ့ ကျွန်ုပ်ပြောတဲ့အတိုင်းလုပ်ရမယ်"

"ကောင်းပါပြီ သခင်မ"

အားလုံးသည် အရိုအသေပြုနေချိန်၌ အသက်ခြောက်ဆယ်ကျော် အဖိုးအိုသုံးယောက် မြကြာဖြူထံ ဦးတည်လာနေပေသည်။ မြကြာဖြူသည် အဘိုးကြီးသုံးယောက်အား ကြည့်နေပေ၏။ အဘိုးအိုသုံးယောက်သည် မြကြာဖြူ၏ရှေ့၌ထိုင်၍ ဂါရဝပြုလိုက်ကြပေ၏။

"ကျွန်ုပ်တို့သခင်မကို ဂါရဝပြုပါတယ်"

"ကျွန်ုပ်တို့ဟာ သခင်မအလာကို စောင့်နေတဲ့သူတွေပါ"

အဘိုးကြီးသုံးယောက်သည် မြကြာဖြူ စတင်ရောက်ချိန်၌





လာရောက်ပြီး ဂါရဝပြုသူများပင်ဖြစ်သည်။ မြကြာဖြူသည် အဘိုးကြီးသုံးယောက်အား ကြည့်လိုက်သည်။ ၎င်းအဘိုးအိုသုံးယောက်သည် ထိုနေရာသို့ ရောက်စမှ လာရောက်ဂါရဝပြုသူများဖြစ်ကြသည်။

ထိုအချိန်၌ လူရိုင်းများသည် လက်နက်များအား မြေမှာချ၍ မြကြာဖြူအား ခေါင်းငုံ့၍ ရှိသေစွာ ဂါရဝပြုနေကြပေ၏။

"ကျွန်ုပ်ကို ဘယ်အတွက်ကြောင့် စောင့်နေရတာလဲ၊ အရှင်တို့ကို ကျွန်ုပ် မသိခဲ့ပါလား"

"ဒန်းစီးတောင်က ဘရသေ့ ကျွန်ုပ်တို့ထံရောက်လာပါတယ်၊ လူရိုင်းတို့ရွာနေကို သခင်မရောက်ရှိလာလိမ့်မယ်၊ အဲဒီအတွက် ဘယ်ကိုမှ ထွက်မသွားရန် သခင်မကို ကြိုဆိုဖို့ မှာသွားပါတယ်၊ သခင်မက ကျွန်ုပ်တို့ရဲ့ ကျေးဇူးရှင်လို့ပြောသွားပါတယ်၊ အဲဒီအတွက် ကျွန်ုပ်တို့ နှောင်းတောင်သုံးဖော် စောင့်နေကြတာပါ သခင်မ"

"ကျွန်ုပ်က အရှင်တို့ ဘယ်လိုအမှုများပြုခဲ့လို့လဲ"

မြကြာဖြူသည် ထိုသို့မေးလိုက်သည်။

လွန်စွာမှန်နေပေသည်။ တကယ်တော့ မြကြာဖြူသည် ၎င်းအဘိုးအိုသုံးယောက်အား မည်သူတွေလဲ၊ ဘယ်ကလဲ၊ ဘယ်လိုအမှုများနှင့် ကယ်တင်ထားသည့် ကျေးဇူးရှင်လဲ၊ မြကြာဖြူသည် အမိ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမှကျွတ်ပြီး လူသားတစ်ယောက်ဖြစ်လာခဲ့သည်အထိ ဘယ်တို့ လူမျိုးကိုမှ ကယ်တင်ခဲ့ခြင်းမရှိသလို သောက တစ်မွေ့တစ်ပိုက်နှင့် ရင်ဆိုင်ဖြတ်သန်းနေခဲ့ရသည်မှာ ယခုအချိန်ထိ သောကများသည် မအေးချမ်းနိုင်အောင်ဖြစ်နေသည်။

ယခု အဘိုးအိုသုံးယောက်သည် ကျေးဇူးရှင်ဟုပြောနေသည့် အတွက် မိုးညိုးပင် စဉ်းစားရခက်နေပေသည်။ မြကြာဖြူသည် နားမလည်ခြင်းများစွာနှင့် ကြည့်လိုက်သည်။ ထို့နောက် အားလုံး အသက်ကြီးဆုံး အဘိုးအိုတစ်ယောက်သည် မြကြာဖြူအား ကြည့် လိုက်သည်။

"ဒီလိုပါအရှင် ကျွန်ုပ်တို့ညီနောင်သုံးဦးဟာ သိမ္ဘာရွာက လူမိုက်ညီအစ်ကိုသုံးယောက်ပါ၊ ကျွန်ုပ်တို့သုံးယောက် ဇက်တံရွာ သူဌေးကြီးအိမ်ကို ဓားမြတိုက်ပြီး ပြန်လာချိန်မှာ သူဌေးကြီးရဲ့ တပည့် တွေက ကျွန်ုပ်တို့ကိုဖမ်းပြီးသတ်ရန် ကြိုးစားနေချိန်မှာ အရှင်ရောက် ရှိလာပြီး ကျွန်ုပ်တို့အား လာရောက်ကယ်တင်ပါတယ်။ အဲဒီအချိန် မှာ အရှင်ဟာ ဝတ်ဖြူတောင်နယ်တစ်ပိုက်ကို အုပ်ချုပ်နေတဲ့ သခင်မ ဖြစ်နေပါပြီ၊ အဲဒီအချိန်ကစပြီး ကျွန်ုပ်တို့ဟာ လူမိုက်လောကကို စွန့်ပြီး ဘာသာရေးကို ကျင့်ကြံလုပ်ကိုင်ခဲ့ပါတယ်၊ ဘဝဟောင်းက





ကျန်ခဲ့တဲ့ ဝဋ်ကြွေးတွေကြောင့် ဒီဘဝဒီခန္ဓာနဲ့ လာရောက်ဝဋ်ခံနေ ရတာပါ၊ ဘုရသေ့ဟာ ကျွန်ုပ်တို့ရဲ့ အစ်ကိုကြီးပါ အရှင်၊ သူကတော့ သခင်မကို ကျေးဇူးဆပ်ပြီး ဝဋ်ကြွေးများ ကျေသွား၍ ဘဝကူးပြောင်း သွားပါပြီ၊ ကျွန်ုပ်တို့က ဒီဝဋ်ကြွေးတွေဆပ်ရန်အတွက် လူ့လောကမှာ ဝဋ်ကြွေးများ ဆပ်နေရသေးပါတယ်၊ ကျွန်ုပ်တို့ရဲ့ ဝဋ်ကြွေးတွေ အရှင့်အား ဆပ်ပြီးမှ ဘဝကူးအေးချမ်းသွားမှာပါ အရှင်၊ ကျွန်ုပ်တို့ နဲ့အတူနေပါဦး"

"အစ်ကိုတော်ပြောတာ 'မှန်ပါတယ်အရှင်"

ပြောလို့သာ နားထောင်နေရပေမယ့် မြကြာဖြူသည် နားမလည်နိုင်အောင်ဖြစ်နေပေ၏။ ၄င်းတို့ပြောသလို မြကြာဖြူသည် တကယ်ပဲ ဝဲက်မင်းတောင်သခင် မဖြစ်ခဲ့ဘူးသလား၊ ၄င်းတို့ကပဲ လူမှားနေသလား စဉ်းစားနေပေ၏။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဘုရသေ့ပြောဖူးသည်။

"ဘုရသေ့မှာ တင်ရှိနေတဲ့ ဘဝဘဝက ဝဋ်ကြွေးတွေ အကုန်ဆပ်ခဲ့ပြီးပြီ သမီးတော်၊ ဒါပေမဲ့ ဆပ်စရာတစ်ခုရှိတယ်၊ အဲဒါက သမီးတော်ကို ဆပ်ဖို့ပဲ၊ အဲဒါဆပ်ပြီးတာနဲ့ ဘုရသေ့ ဘဝက လွတ်မြောက်သွားပါပြီ သမီးတော် အဲဒီအတွက် ဘုရသေ့နဲ့ သုံးလ



www.burmeseclassic.com

www.burmeseclassic.com



နေပေးပါဦး၊ ဘရသေ့ကလည်း သမီးတော်ကိုပဲ စောင့်နေတာပဲကွယ်”

ဘရသေ့သည် ထိုကဲ့သို့ပြောဖူးသည်။ ဘရသေ့သည် မြကြာဖြူအား အစစအရာရာ တာဝန်ယူသည်။ နောက်ဆုံးသေဆုံးခါနီး အချိန်ထိပင်။

မသေဆုံးခင် ဆယ့်ငါးရက်လောက်အလို၌ လုပ်စရာများစွာ ရှိနေသေးသည့်အတွက် ထိုနေရာမှ ထွက်သွားရန် သုံးကြိမ်တိုင်တိုင် ပြောကြားခဲ့သည်။ နောက်ဆုံးသေဆုံးသည့်နေ့ကျမှ ထွက်ပြေးလာခဲ့ရသည်။ အားလုံးသည် သခင်မဟုခေါ်နေကြပေမယ့် မြကြာဖြူသည် မည်သို့မျှ နားမလည်အောင်ဖြစ်နေရပေ၏။

“ကျွန်ုပ်တို့ တောင်းဆိုချင်ပါတယ်၊ ဤလူရိုင်းတိုင်းပြည်ကို သခင်မကိုယ်တိုင်အုပ်ချုပ်ပြီး အရိုင်းအစိုင်းတွေကို ယဉ်ကျေးလာအောင် ကယ်တင်ပေးတော်မူပါ သခင်မ”

“ကောင်းပါပြီ ကျွန်ုပ် ခေတ္တတာဝန်ယူပေးပါမယ်”

“အောင်ပြီ… အောင်ပြီ”

“သခင်မကို ဂါရဝပြုပါတယ်”

ငှင်းအသံများသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားပေတော့သည်။ ဝန်းကျင်၌ ခလေများသည် အဆက်မပြတ် တိုက်ခတ်





လျက်ရှိနေပေ၏။ မြကြာဖြူသည် ပလ္လင်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာခဲ့ပေသည်။ အားလုံးသည် မြကြာဖြူအား ကြည့်နေကြပေသည်။ မြကြာဖြူသည် နတ်မိဖုရားပုံဇော်တိုင်၏ မလှမ်းမကမ်း၌ ကျားကိုက်ခံရပြီး သေဆုံးသွားသည့် လူရိုင်းတို့၏ ခေါင်းဆောင်ကြီးထံ ဦးတည်နေပေ၏။ လူရိုင်းခေါင်းဆောင်ကြီး၏ဘေး၌ အသာထိုင်လိုက်သလို လက်တစ်ဖက်သည် မြေပေါ်သို့ စိုက်ထားသည်။ ဓားကြီးအား ဆုပ်ကိုင်ထားသည်။

“အရှင် ကျွန်ုပ်သည် အရှင်ပိုင်ဆိုင်အုပ်ချုပ်သည့် တိုင်းပြည်အား လုယူအုပ်ချုပ်ခြင်း မဟုတ်ပါ၊ အရှင် လူ့လောက၌ မရှိသည့်အတွက် အုပ်ချုပ်ရခြင်းဖြစ်ပါသည်။ ထိုအတွက် ကျွန်ုပ်အား ခွင့်ပြုတော်မူပါ”

မြကြာဖြူသည် စိတ်မကောင်းခြင်းများစွာဖြင့် ခွင့်တောင်းနေသည်။ လူရိုင်းတချို့သည် မြကြာဖြူဟာ လူရိုင်းခေါင်းဆောင်ကြီး သေဆုံးသွားသည့်အတွက် လွန်စွာ ကြေကွဲနေသည်ဟု ထင်နေမိပေတော့၏။ ထိုအချိန်၌ ဝန်းကျင်တစ်ခုလုံး မည်းမှောင်လာပြီး မိုးများ ထစ်ချုန်းလာသလို လျှပ်စီးများ လင်းလက်လာသည်။ လွန်စွာကြောက်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းသည့်အသံနှင့်အတူ မိုးများ ရက်စက်စွာ ရွာချလျက်ရှိ နေပေတော့၏။

* * *





**အခန်း (၂၄)**

## မေတ္တာစေတ်ဖြင့် အောင်နိုင်သူ

ဝန်းကျင်သည် လွှမ်းနှစ်စွာတိတ်ဆိတ်လျက်ရှိနေပေ၏။

အချိန်ကာလသည် ညဉ့်ဦးယံပင်ဖြစ်နေပေသည်။ ထိုဒေသ၌ နေထိုင်သူများသည် နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိနေပေသည်။ ဒေသဆိုသည်မှာ တခြားမဟုတ် လူရိုင်းများနေထိုင်ရာဒေသပင်ဖြစ်သည်။ ၎င်းဒေသအား မြကြာဖြူအုပ်ချုပ်သည်မှာ ရက်ပိုင်းများသာ ရှိသေးသည့်အတွက် တချို့သည် မြကြာဖြူအား ရှုရှုမစိုက်ကြဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားလုပ်နေတတ်ကြသည်။ ၄င်းတို့မှာ လူရိုင်းခေါင်းဆောင်ကြီး၏ သားသမီးများနှင့် အစွယ်အပွားများဖြစ်ကြသည်။

ထို့အတူ ဒေသသည် ယခင်လိုမဟုတ် အထိတ်တလန့်ဖြစ် နေတတ်ကြသည်။

တောင်လေးလုံး ဝန်းရံထားသည့် ကွက်လပ်ကြီး၏အတွင်းမှာ လွန်စွာကြောက်စရာကောင်းသည့်အသံများ ဆူညံစွာ လွှမ်းမိုးလျက်ရှိနေပေ၏။

အော်ဟစ်သံ၊ ဓားခုတ်သံ၊ ငိုသံ၊ ခြေသံတွေကြားနေရသည်။ နေထိုင်သူများထွက်၍ကြည့်လျှင် မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ရှိခြင်းမရှိသည့်အတွက် အထိတ်တလန့်ဖြစ်ကုန်ကြပေ၏။ ထို့အတူ နေထိုင်ကြသည့် အခန်းများ၌ ခြေသံများ ကျယ်လောင်စွာ ကြားရပေ၏။

မည်သူများ အထိတ်တလန့်ဖြစ်စေကာမူ မြကြာဖြူသည် အထိတ်တလန့်မဖြစ်။

ဘရသေ့ သင်ပြထားသည့်အတိုင်း မြတ်ဗုဒ္ဓ၏ ကျင့်စဉ်များအား ကြည်ညိုစွာဖြင့် ကျင့်ကြံနေပေ၏။ အချိန်သည် ညဉ့်နက်ပိုင်းသို့ ရောက်ရှိနေပေ၏။ နေထိုင်သူများ နှစ်ခြိုက်စွာ အိပ်မော





ကျနေပေသည်။ မြကြာဖြူသည်-အိပ်စက်ခြင်းမရှိ တရားကျင့်နေသည်။ ထိုအချိန်၌ ကြီးမားသည့် အရိပ်ကြီးသုံးခု မြကြာဖြူနေထိုင်ရာ အခန်းသို့ ဦးတည်လာနေသည်။ ၄င်းတို့အား အာရုံ၌ မြင်နေပေ၏။

အရိပ်မည်းကြီးများ၏ ညှီစို့စို့အနံ့များသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးနေသည်ဟု ထင်နေမိပေသည်။ ခြေသံများသည် ပြင်းထန်နေပေသည်။ ၄င်းများသည် အပြင်မှရောက်ရှိလာသူများ မဟုတ်တောင်များ၌ နေထိုင်သူများဆိုတာ သိသာလျက်ရှိသည်။ ၄င်းတို့သည် မြကြာဖြူ၏သေး၌ ရပ်နေကြသည်ကို အားလုံးက သိနေသည်။ ၄င်းတို့သည် လွန်စွာကြောက်စရာကောင်းသည်။

"ဒီနေရာဟာ ကျွန်ုပ်တို့နေရာဖြစ်တယ် သင်ဖယ်ပေးပါ"

"သင်တို့နဲ့မဆိုင်တော့ဘူး၊ သင်တို့ဟာ တစ်ဘဝခြားသွားပါပြီ၊ အဲဒီတော့ ဒီနေရာတင်မဟုတ်ဘူး၊ တခြားနေရာတွေလည်း သင်တို့နဲ့ မဆိုင်ပါဘူး၊ ကျွန်ုပ်တို့ရော တခြားသူတွေကိုပါ အနှောင့်အယှက်မပေးပါနဲ့ သင်တို့လွတ်ရာကိုသွားနိုင်ပါတယ်"

"ကျွန်ုပ်တို့ဟာ ဒီနေရာကလွဲပြီး တခြားနေစရာမရှိပါဘူး၊ အဲဒီအတွက် ပြန်လာရခြင်းဖြစ်ပါတယ်"

"အခုတော့ အပြင်မှာပဲနေဦး၊ နောက်နေ့မှာ သင်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



နေစရာရှာပေးပါမယ်၊ သင်တို့သွားလို့ရပြီ"

"အပြင်မှာနေလို့မရပါဘူး၊ တောင်စောင့်နတ်မင်းကြီး
တင်းပုတ်နဲ့လိုက်ထုလို့ ထွက်ပြေးလာရတာပါ အရှင်၊ အဲဒီအတွ
ရောက်လာရခြင်းပါ"

"ကျုပ်နှံ့ သင်တို့ကို ပြောပြီးပြီပဲ၊ ကျုပ်အုပ်ချုပ်နေ
နေရာဟာ သင်တို့နဲ့ မဆိုင်တော့ဘူး၊ တစ်နေရာမှာ သွားနေပါ။ ကျု
ကို အနှောင့်အယှက်လာမပေးပါနဲ့"

ထိုအချိန်၌ အရိပ်မည်းကြီးသည် ကြောက်စရာကောင်းသည့
အကြည့်နှင့် ကြည့်လိုက်သည်။ မျက်လုံးကြီးသည် မီးရောင်ကဲ့
ဝင်းလက်တောက်ပနေသည်။ ထို့နောက် လွန်စွာ ထိတ်လန့်စ
ကောင်းသည့် တက်ခေါက်သံကြီးတစ်ခု ထွက်ပေါ်လာပေ၏။ မြကြာ
ဖြူ၏ စိတ်ထဲ၌ တုန်လှုပ်သွားစေသည်။ သို့သော် စိတ်အား ထိန်း
နေရသည်။

"အမလေး ကြောက်ပါပြီဗျာ"

"ဝုန်း··· ဝုန်း···"

ကြောက်စရာကောင်းသည့် အော်ဟစ်သံကြီးများ ထွက်ပေ
လာပြီးနောက် ထွက်ပြေးသည့်ခြေသံများလည်း ထပ်မံကြားလာပေ





ထိုသို့ပြေးသူများသည် မြကြာဖြူ၏အနီး၌ ရှိနေသူများပင်ဖြစ်သည်။
ညည်သည့်အတွက် ပြေးသည်ဆိုတာ မတွေးတတ်အောင်ဖြစ်နေမိ
တော့၏။

ထိုအတွက် မြကြာဖြူ၏ အသိအာရုံ၌ အတွေးတစ်ခု ထွက်
ပေါ်လာသည်။ ၎င်းအတွေးအား အကျောင်အထည်ဖော်ရန်ပင် ဖြစ်
တော့သည်။

မြကြာဖြူသည် ခွင့်တွေ့ခဲ့ရသူ၏ ဘုရားဖတ်ပြီး ညက
ခဲ့တာတွေကို တွေးပြီးနောက် ဘုရားစာ ရေးပေးလိုက်သည့်စာအား
သတိရ၍ ဖတ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့အတွက် မြကြာဖြူသည်
သိမ်းထားသည့်စာအား ထုတ်လိုက်သည်။

ဓာတ်ချက် ဖော်ရသူအစဉ်းကို အထက်၌ ဖော်ပြခဲ့ပြီးသော
အရသေ့၏စာအား မြကြာဖြူ ဖတ်ရန်အတွက် ရှာဖွေထုတ်နေပါ
သည်။ ၎င်းစာနှင့်ပတ်သက်၍ စာရေးသူ ဝန်ခံချက်ရေးခဲ့ပါသည်
ကျောင်းမှာ ကျန်ရှိနေသည့် စာတစ်ပိုင်းအား ဤဝတ္ထု၏ထင်နေရာ၌



www.burmeseclassic.com

www.burmeseclassic.com



ထော်ပြရန်ရှိနေသေးသည်ဆိုတာကို သရကျန်ရှိခဲ့သည့်စာအား ထပ်
ဖော်ပြလိုက်ရပါသည်။)

တရေးအ

သမီးတော်တာ အသက်အန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံရ
မယ်၊ လမ်းမှားပြီး ဇမ်းဆီးခြင်းတို့ခံရမယ်၊ သမီးတော်
အတွက် တောင်းပါတယ်၊ အဲဒီမှာ သမီးတော်ရဲ့ အနွယ်တော်
တွေ ရှိတယ်၊ အိမ်ထောင်ပြုဖို့ ကြုံလာတယ်၊ မအောင်မြ
ပါဘူး၊ အဲဒီပွဲမှာ သမီးတော်တာ လူရိုင်းတို့ရဲ့ အားတိုးရေး
တေရီတစ်ပါးဖြစ်ဦးမယ်၊ လူရိုင်းတို့ကို အုပ်ချုပ်ရဦးမယ်
အသက်အခါတွေနဲ့ ရင်ဆိုင်ရဦးမယ်၊ အသိတ်တလန့်ဖြစ်မယ်
သော်လည်းတွေ့ရောက်ဦးမယ်၊ ကံအကြောင်း သင်ဝေလိုက်
ချစ်ကြံပုံကို မြဲမယ်ပါနဲ့ သမီးတော်ရဲ့လက် နဲ့လူတွေ
မသတ်ပါနဲ့၊ သံသရာမှာ ကျင်လည်ပါစေမနဲ့၊ တကယ်တော
မြူသားမွေတွေဟာ နွံနစ်မှုအနှောင်အဖွဲ့ရဲ့ပဓာနကျောင်းပါတယ်
အားကိုးကို မပျက်စေဘဲ ခြီးမြှင့်ပါ၊ နောင် နှစ်ပေါင်း
များစွာမှာ ကံနိမ့်ရှိမထိုးသော အမှုကိုတွေ့ ချိန်ရစ်ကြ
ငှါးနှင့်စဝ်တွေ့ရှော့ ရေးဒီပိုဒ်ကလ ဦးလေနေ မြန်မာ မှုး





အမိတာမှာချင်တာက သမီးတော်အတွက် အသက်ထောက်ချစ်
ရသူတစ်ယောက်ပေါ်လာမယ် ရာသက်ပန်ခရီးဖော်အဖြစ်
လက်တွဲဖို့ ဆုံးဖြတ်ဦးမယ်၊ လက်ထပ်ယူဖို့ မပြောနဲ့၊ စိတ်
ဝင်စားမှုတောင် မလုပ်ပါနဲ့ သမီးတော်၊ ဘာကြောင့်လဲဆို
တော့ သမီးတော်အတွက် အပူမီးတွေ့ ဆပ်မံမတိုးချော်တဲ့
သန္ဓေါတွယ်"

မကြာဖြူသည် ဘရသေ့၏ ပေးစာအားဖတ်ပြီးနောက် စိတ်ထဲ၌ တစ်မျိုးဖြစ်သွားပေ၏။ ဘရသေ့သည် လွန်စွာတော်သည်ဟု စိတ်ထဲ၌ တွေးနေမိသည်။ တကယ်တော့ ဘရသေ့သည် လူတစ်ယောက်၏ဘဝအကြောင်းအား ပြောဆိုတွက်ချက်ရာ၌ လွန်စွာတော်သူတစ်ယောက်ဖြစ်သည်။ ဘရသေ့သည် လွန်စွာကြည်ညိုစရာကောင်းနေပေ၏။

မကြာဖြူ ဘာဆက်လုပ်ရမလဲ စဉ်းစားနေချိန်၌ အသက်ကြီးအဘိုးအိုသုံးယောက်နှင့်လူရိုင်း အသက်ကြီးနှစ်ယောက် စုစုပေါင်း ငါးယောက်တို့ ရောက်ရှိလာပေသည်။ မကြာဖြူသည် တစ်ယောက်တည်း အခန်းထဲ၌ ရှိနေချိန်၌ အထိန်းတော်ကြီး ရောက်ရှိလာသည်။

"သခင်မအတွက် ညှိသည်တော်များရောက်လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

ထိုအချိန်၌ ၄င်းတို့ရောက်ရှိလာကြပေ၏။ မြကြာဖြူသည် အပြုံးနှင့်ကြိုဆိုလိုက်သည်။

"အဘိုးတို့ကိုခေါ်နိုင်းဖို့ စဉ်းစားနေတုန်း ရောက်လာတာနဲ့ အတော်ဖြစ်သွားတယ်။ ကဲ… ထိုင်ကြပါ၊ ဆွေးနွေးစရာလေးတွေ ဆွေးနွေးကြတာပေါ့"

"ကောင်းပါပြီ သခင်မ၊ ဘိုးဘိုးတို့ကလည်း တိုင်ပင်ဆွေးနွေးစရာရှိလို့ရောက်လာတာလို့ ဆိုရမှာပဲ"

အားလုံးသည် မြကြာဖြူရှေ့၌ ထိုင်လိုက်ကြပေ၏။

ဇကယ်တော့ မြကြာဖြူသည် ထိုဒေသ၌ အကြီးအကဲတစ်ယောက်လိုသာ ခေါ်နေကြပေမယ့် ထိုကဲ့သို့ မထင်မိသေးပေ။ မြကြာဖြူသည် ဒုက္ခပေါင်းများစွာနှင့်ပြေးလွှားရင်းမှ ထိုနေရာ၌ အကြီးအကဲဖြစ်လာသည်။ ထိုနေရာ၌ ဘုရသွေ၏ စကားအား ကြားယောင်နေမိပေ၏။ ဘယ်လိုပဲဒုက္ခပေါင်းများစွာနဲ့ ကြုံတွေ့နေပါစေ အချိန်တန်တော့ ဖြစ်တာပါပဲ။ ပျက်မယ်ဆိုရင်လည်း ဘာနဲ့မှလဲမရပါဘူး။ အဲဒီနိယာမတရားအစစ်အမှန်ပဲ သမီးတော်ဟု အတန်တန်ပြောခဲ့ဖူးသည်။





"ကောင်းပါပြီ ဖိုးဖိုး၊ ကျွန်ုပ်ရဲ့အကြံကို အရင်ပြောမယ်၊ တောင်လေးလုံးမှာ သူရဲတစ္ဆေတွေ ဆိုးသွမ်းနေကြတယ်၊ သူတို့ကြောင့် နေထိုင်သူတွေအတွက် အထိတ်တလန့်ဖြစ်စေတယ်။ ကျွန်ုပ်တို့အတွက်လည်း အနှောင့်အယှက်ဖြစ်နိုင်သလို အားလုံးလည်း ရှုပ်နိုင်တယ်။ တောင်စောင့်နတ်မင်းကလည်း တင်ပုတ်နဲ့လိုက်ထုလို့ အခန်းတွေအထဲကို ဝင်ပြေးနေကြတယ်။ အဲဒီအတွက် ကျွန်ုပ်တို့ ကုသိုလ်ကောင်းမှုတွေ လုပ်ပေးရမယ်"

"ဟာ… တိုက်ဆိုင်လိုက်တာ သခင်မရယ်၊ အဘိုးတို့ကလည်း အဲဒါကိုပဲ လာရောက်တိုင်ဝင်တာပါ၊ မြောက်ဘက်တောင်မှာ နေထိုင်သူတွေ အသည်းအသန်ဖြစ်ပြီး ငိုနေကြတယ်။ အနောက်ဘက်တောင်မှာလည်း ကင်းသမားတစ်ယောက် သေနေတာတွေကို တောင်ဘက်တောင်က နှစ်ယောက်ကတော့ ကြောက်ပါပြီဆိုပြီး အော်နေတာပဲ"

"သေနေတဲ့သူက သူ့အိပ်ရာမှာ သေနေတာမဟုတ်ဘူး မဟုတ်လား ဘိုးဘိုး"

မြကြာဖြူ၏မေးခွန်းအတွက် လွန်စွာ အံ့ဩကုန်ကြပေ၏။ ထိုလူ သေဆုံးမှုနှင့်ပတ်သက်ပြီး မည်သို့သိနေသနည်းဟု စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ အားလုံးသည် မြကြာဖြူကို ကြည့်နေကြသည်။ မြကြာဖြူသည် ၎င်းတို့ရဲ့အကြည့်ကို ဂရုမစိုက်သလိုနေသည်။

"ဟုတ်ပါတယ် သခင်မ၊ လမ်းမဘေးမှာ သေနေတာပါ၊ အဲဒီအတွက် နေထိုင်သူ လူရိုင်းတွေ လွန်စွာကြောက်ရွံ့နေကြတယ်။ ဒီလူသေတာ မရိုးသားဘူးလို့ ပြောနေကြတယ် သခင်မ"

"ဟုတ်တယ် အမှန်တကယ် မရိုးသားပါဘူး"

မြကြာဖြူသည် ထိုသို့ပြောပြီး သက်ပြင်းတစ်ရှုအား လေးပြင်းစွာ ချလိုက်ပေတော့၏။

"အားလုံးကိုသိအောင်ပြောရရင် ကျန်ခဲ့တဲ့ ညနှစ်ချက်တီး ခါနီးမှာ အရိပ်သုံးခု ဝင်ရောက်လာတယ်၊ အဲဒီတောင်ကို လေးငါးရက် လောက်ထိရောက်သွားတယ်၊ သူတို့ဟာ နေစရာမရှိလို့ ယခင်နေထိုင်သွားတဲ့နေရာတွေကို ဝင်ရောက်လာကြတယ်၊ ကွက်လပ်ထဲမှာနေလို့ မရဘူးတဲ့၊ တောင်စောင့်နတ်မင်းကြီးက တင်းပုတ်နဲ့လိုက်ထုလို့ ထွက်ပြေးနေကြတယ်"

မြကြာဖြူသည် အာရုံ၌ မြင်တွေ့နေရသည်များအား တစ်ခု မကျန် ပြောပြနေပေ၏။ ၎င်းတို့သည် စိတ်ဝင်စားစွာ နားထောင်နေ သည်။ ၎င်းတို့သည် ထိုသို့နားထောင်ပြီး လွန်စွာအံ့သြနေကြပေ၏။





ထိုလူများသည် တောင်၌နေထိုင်ရာ၌ နှစ်များ အတန်ကြာခဲ့သော်လည်း ထိုသို့ဖြစ်ရပ်မျိုးကို ကြားခဲ့ရခြင်းမရှိသလို ကြုံတွေ့ခဲ့ခြင်း မရှိသည့်အတွက် လွန်စွာ အံ့သြနေကြသည်။

"အဲဒါ ဘာကြောင့်လဲသိလား"

"မသိပါဘူး သခင်မ"

"ယခင်အုပ်ချုပ်သူတွေက အယူဝါဒတွေမှာ ထားခဲ့တာပေါ့၊ သူတို့ နတ်မိစ္ဆာတွေကို ခေါ်တယ်၊ ကျွေးကြမွေးကြ ပူဇော်ကြတယ်၊ ကျွန်ုပ်က မကျွေးဘူး၊ မပူဇော်ဘူး၊ အဲဒီအတွက်ဖြစ်နေတာ သူတို့ဟာ ကောင်းကျိုးပြုကြတာမှ မဟုတ်တာ၊ ဒုက္ခပေးတဲ့လူတွေပဲ၊ အဆိုးဆုံးက သေဆုံးသွားသူတွေကိုပါ ခေါ်ထားတယ်၊ အဲဒါတွေက ဒုက္ခပေးတယ်၊ တချို့ဆို လွန်စွာကြီးမားတဲ့ အကောင်ကြီးတွေ ရှောင်ဖြစ်နေပြီ"

မြကြာဖြူသည် လူရိုင်းတို့ရွာနေသို့ရောက်သည့်နေ့ကစပြီး တောစောင့်နတ်၊ တောင်စောင့်နတ် ဆိုင်ရာပိုင်ရာများအား မေတ္တာပို့ သည်။ မဆိုင်သူများအား ဖယ်ထုတ်ခိုင်းသည်။ ထိုအတွက်ကြောင့် ပိုင်ဆိုင်သူများသည် လိုက်၍ရှင်းလင်းကြသည်။ ထိုအတွက်ကြောင့် တောင်များအတွင်း၌ ယခင်ကာလ၌ နေထိုင်သွားသည့်အခန်းများသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာကြခြင်းပင်ဖြစ်သည်။

"အဲဒီတော့ ဘိုးဘိုးတို့ ဘာဆက်လုပ်ကြမလဲ သခင်မ"

"မိစ္ဆာနတ်ပူဇော်တဲ့ တိုင်ကို ဖျက်ဆီးပြီး အဲဒီနေရာမှာ စေတီတစ်ဆူတည်မယ်၊ ဒီဌာနေမှာ နေထိုင်သူများ ဗုဒ္ဓကို ကိုးကွယ်ရမယ်၊ အခုလို ရိုင်းစိုင်းတဲ့ ပုံစံနဲ့ မနေရဘူး၊ ယဉ်ကျေးအောင်လုပ်ရမယ်၊ ရာသီပင်တွေစိုက်ရမယ်၊ စိုက်ပျိုးလို့ရလာတာကို လှူတန်းရမယ်၊ အခုရောဂါရနေသူတွေကို ကွက်လပ်ထဲကို ခေါ်ခဲ့၊ ဘုရားသေရေမန်းတိုက်လိုက်မယ်၊ ကျန်တဲ့သူတွေတစ်ခုချင်းစီ လုပ်ကြမယ်"

"ကောင်းပါတယ် သခင်မ"

ထိုသို့ပြောပြီးနောက် ထွက်သွားကြသည်။ ၎င်းတို့ထွက်သွားပြီးနောက် မြကြာဖြူသည် အထိန်းတော်များအား ခေါ်လိုက်သည်။ အထိန်းတော်များအား ရေမန်းအိုးကိုပေးလိုက်သည်။

ဘိုးဘိုးတို့သည် ရောဂါဝေဒနာခံစားနေသူများအား ကွက်လပ်ထဲသို့ ခေါ်ထုတ်လာသည်။ ထိုသို့ခေါ်ထုတ် တစ်ယောက်တည်းမနိုင်၍ သုံးလေးယောက်မထုတ်ရသည်။ ၎င်းတို့အား မ,ထုတ်ရာ၌ နေထိုင်သူများသည် ဝိုင်းအုံကြည့်နေကြသည်။

တချို့သည် သတ်မည်လားဟုထင်နေကြသည်။ အစဉ်အလာ





ရှိသည့်ရောဂါရှင်ကို ကွက်လပ်ထဲခေါ်ထုတ်လျှင် အသတ်ခံရသည်။ ယခု ထိုကဲ့သို့ထင်၍ ကြည့်နေကြပေ၏။ ကွက်လပ်ကြီးတစ်ခုလုံး အုန်းအုန်းထစည်ကားလျက်ရှိနေပေ၏။

မြကြာဖြူသည် အထိန်းတော်များခြံရံ၍ ကွက်လပ်သို့ ဦးတည်နေသည်။ ရေခံုးသူသည် ရေမန်းအိုးကိုယူဆောင်၍ မြကြာဖြူထိုင်မည့်နေရာ၏ ရှေ့၌ ခုံလုံးတစ်လုံးပေါ်တင်ထားလိုက်၏။ အားလုံးသည် အထိတ်တလန့်နှင့် ကြည့်နေကြပေ၏။ ၎င်းတို့အား ဘာလုပ်မည်လဲဆိုတာ စဉ်းစားနေကြသလို ပြန်ပြောရန်လည်း ခက်နေကြပေ၏။

အားလုံးသည် မြကြာဖြူအား ကြည့်နေကြသည်။ မြကြာဖြူသည် မိန်းကလေးခပ်ငယ်ငယ်လေးဖြစ်နေသည့်အတွက် ကြောက်ရွံ့လေးစားရမှန်းမသိကြအောင်ဖြစ်နေသည်။ မြကြာဖြူသည် ဂရုမစိုက်သူအတွက် စီမံထားသည့်နေရာသို့ထိုင်လိုက်သည်။

"ရေသန့်သန့်နှစ်အိုးပေးပါ ဘိုးဘိုး"

"ဟော့ . . ရေနှစ်အိုးယူခဲ့ကြ"

အမိန့်ပေးသံကြောင့် လူရိုင်းနှစ်ယောက်သည် အတွင်းဆီသို့ ပြေးဝင်သွားပြီး ရေများကိုခပ်နေသည်။ မြကြာဖြူသည် ရှေ့၌



www.burmeseclassic.com

လူ့လိမ္မာ၍ ဝေဒနာခံစားနေရသူများအား ကြည့်နေပေ၏။

"ဘိုးဘိုး သူတို့ကို ထိုင်ခိုင်းလိုက်ပါ"

"သခင်မ ကြာဖြူ ပြောနေတယ်၊ အားလုံးထိုင်ပြီး ကြည့်ကြပါ"

အားလုံးထိုင်လိုက်ကြသည်။ တစ်ဆက်တည်း၌ ရေများခပ် လာပြီး မြကြာဖြူ၏ရှေ့၌ ချလိုက်သည်။ လူရိုင်းတစ်ချို့သည် မြကြာ ဖြူအား မကျေနပ်ခြင်းများနှင့် ကြည့်နေကြသည်။ ၎င်းတို့၏ စိတ်ထဲ ၌ စိုးရိမ်စိတ်များဖြစ်ပေါ်နေကြပေ၏။ မြကြာဖြူသည် ဝေဒနာတွေ နှင့် လူများအား စိုက်ကြည့်လိုက်၏။

မြကြာဖြူသည် ရေတစ်ခွက်အား ခပ်လိုက်သည်။ လူနာ တစ်ယောက်အား တိုက်ခိုင်းလိုက်၏။ လူနာသည် ရေအား မသောက် ငြင်းနေသည်။

"ရအောင်တိုက်ပါ၊ ဟိတ်... အဲဒီရေကိုသောက်"

"မသောက်ဘူး"

"တယ်... သေတော့မှာပဲ၊ သူ့ကိုသုံးယောက်ချုပ်ပြီး ရအောင်တိုက်၊ မကောင်းတာတွေရှိတယ်"

ထိုသို့ပြောလိုက်ချိန် မကျေနပ်သည့်အကြည့်နှင့်ကြည့်





လိုက်သည်။ ထို့နောက် သုံးယောက်လေးယောက်ချုပ်ပြီး တိုက်လိုက်သည်။

"ဘိုးဘိုးမျက်နှာနဲ့ခေါင်းကို အဲဒီရေနဲ့ သပ်ပေးလိုက်ပါ"

အဘိုးအိုသည် မြကြာဖြူခိုင်းသည့်အတိုင်း ပြုလုပ်ပေးလိုက်သည်။ လွန်စွာအံ့သြစရာကောင်းနေပေ၏။ အော်ဟစ်လဲကျနေသည့် ဝေဒနာရှင်သည် ရေမန်းသောက်ပြီး ခေတ္တငြိမ်သွားပေ၏။ နောက်ထပ် တစ်ယောက်အား ဆက်လက်တိုက်ပြန်သည်။ ငြင်းဆိုမှုများ ဆက် လက်လုပ်ပြန်သည်။ မြကြာဖြူ၏အမိန့်သည် လွန်စွာပြင်းထန်သည့် အတွက်ကြောင့် သောက်ရပြန်သည်။

သုံးယောက်လုံး ရေတိုက်ပြီးသွားချိန်၌ တစ်ယောက်ကမိုက် စာကြောင်း ပြောလာပြန်သည်။ ထိုလူအား တစ်ခုခုကျွေးခိုင်းလိုက် သည်။ အော်ဟစ်လူးလိမ့်နေသူများသည် မကြာခင်အချိန်၌ ပြန်လည် ကောင်းသွားသည့်အတွက် လွန်စွာ အံ့သြကုန်ကြသည်။ ၎င်းတို့သည် ဌာနေ၌ နေထိုင်ရသည်မှာ လွန်စွာရှိုင်းစိုင်းပြီး ဘာမှ နားမလည်၊ လူရိုင်းခေါင်းဆောင်များသည် ထိုကဲ့သို့ ပြုလုပ်သွားသည်မရှိ။ လူတစ် ယောက် သေဆုံးသွားလျှင် အဲဒီလူ၏ အသားအား ပြန်လည်၍ စား ခိုင်းသည်။ မြကြာဖြူရောက်လာပြီးမှ ၎င်းတို့မဟုတ် အစိုက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ဝါဒများအား ဖြုတ်ပစ်လိုက်ပေ၏။

အော်ဟစ်လဲကျနေသူများသည် ပြန်လည်၍ကောင်းသွားသည့်အတွက် လွန်စွာအံ့သြကုန်ကြပေ၏။ ၎င်းတို့သည် ရေ၏ အာနိသင်အား သိရှိလာကြပေ၏။ ဒါကို မြကြာဖြူကောင်းကောင်း သိနေပေသည်။

"ဘိုးဘိုး အားလုံးကို တိုက်လိုက်ပါဦး၊ အနာရောဂါကင်းအောင်လို့ပေါ့"

"ကောင်းပါပြီသခင်မ"

"အားလုံး ဒီရေမန်းကို သောက်ရမယ်၊ သင်တို့မှာရှိတဲ့ ရောဂါဝေဒနာတွေ ပျောက်ကင်းအောင်သောက်ရမယ်၊ အားလုံးသောက်ရမယ်"

လူရိုင်းများသည် ရေမန်းသောက်ရန်အတွက် ထွက်လာခဲ့ကြပေ၏၊ အဖိုးအို ဦးစီးသော အဖွဲ့များသည် နေထိုင်သူလူရိုင်းများအား တစ်ယောက်မကျန် အကုန်တိုက်၍ နေပေတော့၏။

* * *





အခန်း (၂၅)

## စေတီတော်ပေါ်က ချစ်သူနှစ်ဦး

လူရိုင်းတို့ရွာနသည် သိသိသာသာပြောင်းလဲသွားပေ၏။ မြကြာဖြူသည် ရိုင်းစိုင်းသူတွေကို ယဉ်ကျေးအောင်ပြုလုပ်သည်။ ထိုသို့ပြုလုပ်ရာ၌ လွန်စွာခက်ခဲလှုက်ရှိပေ၏။ ယခုတော့ လူရိုင်းများသည် ယဉ်ကျေးသလို နေထိုင်ရာအိမ်များအား ပြုလုပ်ပေးထားသည်။ ၎င်းတို့နေထိုင်ရာကို "အာရှင်ဆေဝရွာ" ဟု ခေါ်ကြသည်။ ထိုလူရိုင်းများ နေထိုင်ကြသည့် တောင်များ အနောက်တောင်နှစ်လုံးအား

www.burmeseclassic.com



ပျက်စီးပြီး ကွက်လပ်မှာ တောင်တစ်လုံးဖြူလုပ်ပြီး စေတီတစ်ဆူ တည်ထားကိုးကွယ်ထားသည်။ လူရိုင်းများသည် ယဥ်ကျေးကြပြီး ဘာသာရေးအား ရှိသေကြသည်။ စေတီတော်၏ ဘုရားပွဲအား နှစ်စဉ် ကျင်းပကြသည်။

မြကြာဖြူအတွက် ကြီးမားသည့် စံအိမ်ကြီးတစ်လုံးတည် ဆောက်ပြီး စံအိမ်ကြီး၌ နေစေသည်။ အားလုံးသည် မြကြာဖြူအား ရိုသေလေးစားကြသည်။ မြကြာဖြူ၏ စကားအား ရိုသေစွာ နားထောင် ကြပေ၏။ တစ်ရွာလုံးအတွက် တာဝန်သည် မြကြာဖြူ တာဝန် ယူထားပေ၏။

တစ်နေ့သောညတစ်ည၌ မြကြာဖြူသည် စေတီတော်၌ တစ်ယောက်တည်း ဝတ်ပြုတရားမှတ်နေပေ၏။ အချိန်သည် ညဉ့် နက်ဘက်သို့ ကူးပြောင်းရန် နီးကပ်နေပေ၏။ စေတီတော်နှင့် နေထိုင် ရာ စံအိမ်သည် သိပ်မဝေးဟု ဆိုပေမယ့် နည်းနည်းလှမ်းနေသည်။ စေတီတော်သည် ရွာဦးထိပ်၌ ရှိသည်။ မြကြာဖြူသည် ရွာ၏အလယ် ၌ နေထိုင်သည်။

မြကြာဖြူသည် စေတီတော်ပေါ်သို့ ညတိုင်းရောက်ရှိ တရားထိုင် ဘုရားဝတ်ပြုသည်။ အခါတိုင်းညများ၌ နောက်ပါတပည့်





များနှင့် ရောက်ရှိတတ်သည်။ ထိုည၌ မြကြာဖြူတစ်ယောက်တည်း စေတီတော်ပေါ်သို့ ရောက်ရှိလာပေ၏။

မြကြာဖြူအုပ်ချုပ်သည့် အာရှင်ဒေဝရွာလေးအား တခြား ရွာများက စိတ်ဝင်စားကြပေ၏။ ရွာသည် လှပ်ရှားသာယာလှပလျက် ပေ၏။ ထို့အတူ ရွာလေးအား ရောက်ရှိလာ၍ ဝန္ဒနာများ လာရောက် ဆောင်းချကြသည်။ ရောက်ရှိလာသူများသည် မြကြာဖြူအား လေး စား၍ အာရှင်ဒေဝရွာဟု မခေါ်ဘဲ သခင်မရွာဟု အလွယ်ခေါ်တတ်ကြ ပေ၏။ မြကြာဖြူ၏ သတင်းကျော်စော်မှုသည် အနီးဝန်းကျင်၌ လွှမ်း သလို သခင်မပိုင်ဆိုင်သည့်နယ်၌ မည်သည့်အန္တရာယ်မှ မရှိ၊ လွှမ်းစွာ အေးချမ်းသည်ဟု ပြောဆိုကြပြီး ရွာများ တည်ဆောက်လာကြသည်။ ထိုင်းရွာများသည် စိုက်ပျိုးရေးအား အဓိကထားကြပေ၏။

ထို့အတူ ရွာဦးထိပ်၌ တည်ရှိသည့် စေတီတော်၏ ဘုရားပွဲ ၌ ၄င်းတို့ပါ ပူပေါင်းဆင်နွှဲကြသလို ဘုရားပွဲအား (၇) ရက်ကျင်းပ သည်။

ယခုတော့ မြကြာဖြူသည် စေတီတော်ပေါ်၌ တစ်ယောက် တည်း ရောက်ရှိနေ၏။ ၄င်းမှာ အကြောင်းရှိသည်။ စေတီတော်ပေါ် ဘုရားဝတ်ပြုရင် အသက်လောက်ချစ်ရသူ ကိုစောနောင်အား ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းနေခြင်းသာဖြစ်သည်။ ကိုစောနောင်သည် အေမနုဿလှသုဌေး
၏ သားဖြစ်သည်။ ၎င်းတို့ တွေ့ဆုံပုံဟာ လွန်စွာ အံ့သြစရာကော
ပေ၏။ ကိုစောနောင်သည် ခရီးသွား၍ စေတီတော်အား ဖူးမျှော်
ပြန်ဆင်းချိန်၌ မြကြာဖြူသည် ခေါင်းမှူး၍ တောင်အောက်၌ လိပ်
၍ သတိလစ်နေသည်။ ဒါကို မောင်စောနောင် တွေ့ရှိသွားပြီး မြ
ဖြူအား သတိရလာအောင် ပြုစုပေ၏။

မြကြာဖြူ သတိရလာတော့ မောင်စောနောင်အား အံ့သြ
တွေ့ရသည်။ ခွေမတော်မျိုးမဆပ် သူစိမ်းယောကျ်ားတစ်ယော
နှင့် တွေ့လိုက်ရချိန်မှာ မြကြာဖြူ၏ နှလုံးသားများ ကစားလာ
မောင်စောနောင်သည်လည်း မြကြာဖြူအား စိတ်ဝင်တစား ချစ်လာ
သည်။ အကြိမ်ကြိမ်တွေ့ပါများလာသည့်အတွက် ချစ်သူဘဝသို့ ရော
ရှိလာကြပေ၏။ လွန်စွာထူးဆန်းသည်မှာ မြကြာဖြူအား သခင်မ
မသိသလို မြကြာဖြူသည်လည်း ပြောဆိုခြင်းမရှိအောင် ဝိတ်ဆို
သည်။

ယခုတော့ မြကြာဖြူသည် ချစ်သူမောင်စောနောင်အား
နေသည်။

"ရောက်နေတာကြာပြီလား ဝတီ"





"မကြာသေးပါဘူး အစ်ကိုရယ်"

မောင်စောနောင်သည် မြကြာဖြူ၏အနား ဦးတည်လျှောက်
လှမ်းလာသည်။ မြကြာဖြူသည် ၎င်း၏နာမည်အား မြကြာဖြူဟု
ပြောဘဲ ဘောဂဝတီဟု ပြောထားသည်။ ၎င်းအတွက် မောင်စော
နောင်သည် ဝတီဟုခေါ်သည်။

"အစ်ကိုဖြင့် စိုးရိမ်လိုက်ရတာ ဝတီရယ်"

"ဘာကြောင့်လဲ အစ်ကိုစောနောင်"

"ဝတီလာပါ့မလားလို့ပေါ့"

"လာရမှာပေါ့ အစ်ကိုစောနောင်ရယ်၊ ဝတီက ချစ်နေရ
တာပဲ"

၎င်းသည် မြကြာဖြူ၏ နုနယ်သည့် လက်လေးအား ကြင်နာ
ယုယစွာ ဆုပ်ကိုင်လိုက်ပေ၏။ ထိုအချိန်၌ မြကြာဖြူရင်တွင်း၌
ခုံနှံ့သံများ အလိမ့်လိုက်ထွက်ပေါ်လာသည်။ ၎င်းတို့သည် စေတီ
တော်၏ တနင်္ဂနွေဒေါင့်မှနေ၍ ဆင်းလာကြပေ၏။

စေတီတော်သည် တောင်ပေါ်၌ တည်ထားသည့်အတွက်
တောင်အောက်သို့ အတန်ကြာအောင် ဆင်းလာခဲ့ကြသည်။ ခပ်ဝေး
မှ တိုက်ခတ်လာသည့် လေနုအေးလေများသည် ၎င်းတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အား အားမြှမှုများ ပေးနေပေသည်။ မောင်စောနောင်နှင့် မြကြာဖြူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ အပြ ချင်းဖလှယ်၍ ကြင်နာမှုစကားလေးများအား ပျားရည်ကဲ့သို့ ချိုမြသော စကားလေးများအား ပြောနေကြပေ၏။

အချစ်သည် ၎င်းတို့အတွက် သာယာအေးမြကြည်နူး သည်။ ကမ္ဘာလောက၌ သက်ရှိနေထိုင်သူများ၏ အချစ်ထက် ၎င်း တို့၏ အချစ်မျှော်များသည် အစပေါင်းတောင်သောင်းမက ပို သည်ထင်နေကြပေသည်။ မြကြာဖြူတို့သည် တောင်အောက် ရောက်ရှိလာပြီး နှစ်ယောက်ထိုင်ခုံ၌ ထိုင်လိုက်ကြသည်။

"အစ်ကိုစောနောင် အရူးတစ်ယောက်ဖြစ်နေပြီထင်တ ဝတီ"

"ဘာကိုလဲ အစ်ကိုစောနောင်"

"အစ်ကိုစောနောင်ရဲ့ စိတ်ထဲမှာလေ ဝတီကို အမြဲတမ် သတိရနေတယ်၊ တစ်နေ့ကို တစ်ခါလောက်မှ မတွေ့ရရင် မနေ ဘူး၊ ဝတီသာ အစ်ကိုစောနောင်ကိုမုန်းလိုက်မယ်ဆိုရင် အစ်ကို နောင်တော့ သေမှာပဲ တကယ်ပြောတာပါ ဝတီ"

"အတူတူပါပဲ အစ်ကိုစောနောင်ရယ်၊ ဝတီလေ ဒီ





တော်ကြီးကိုသာလာရတယ် အစ်ကိုစောနောင်လာပါ့မလားလို့ စိုးရိမ် နေရတယ်၊ အစ်ကိုစောနောင်သာ မလာရင် ဝတီတော့ ဒီစေတီတော် မြတ်ကြီးရဲ့အပေါ်မှာ တစ်ညလုံးနေရမှာပါ အစ်ကိုစောနောင်"

"မိုးတွေ ဘယ်လိုရွာရွာ၊ လေတွေ ဘယ်လောက်တိုက် တိုက်၊ အန္တရာယ်တွေ ဘယ်လောက်ပဲ များနေပါစေ၊ အစ်ကိုစောနောင် ဟာ ဒီက ဘာဝတီဆိုတဲ့ အချစ်ဆုံးလေးထံ အရောက်လာခဲ့ပါမယ်။ ဒါပေမယ့် အစ်ကိုစောနောင်တစ်ခုပဲ စဉ်းစားမိတယ်"

"ဘာကိုလဲ အစ်ကိုစောနောင်"

မြကြာဖြူသည် ချစ်ရသူမောင်စောနောင်အား ကြည့်လိုက် သည်။

၎င်း၏အကြည့်သည် စိုးရိမ်စိတ်များလွှမ်းမိုးနေပေ၏။ အချစ်ကို ချစ်ရသူတစ်ယောက်အနေနှင့် အချစ်ကြောင့် ကြေကွဲရမည့် စကားများအား မကြားစေချင်သည့်အတွက်ကြောင့်ဖြစ်သလို မပြော ပါစေနှင့်ဟု ဆုတောင်းနေမိသည်။

မောင်စောနောင်သည်လည်း ထိုကဲ့သို့ တွေးမိပေမယ့် မြကြာဖြူနှင့် ပတ်သက်၍ စိုးရိမ်နေမိသည်။ မောင်စောနောင်သည် ၎င်းနေထိုင်ရာ ရွာမိဘဆွေမျိုးအသိုင်းအဝိုင်းအား ပြောပြခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မြကြာဖြူ၏ ဆွေမျိုးမိဘအသိုင်းအဝိုင်းအား ပြောပြဖျင်းမရှိသလို မေးသော်လည်း ပြောပြခြင်းမရှိသည့်အတွက် မောင်စောနောင်မှာ စိုးရိမ်နေရသည်။ မောင်စောနောင်သည် မြကြာဖြူ၏လက်အား ဆုပ်ကိုင်ပြီး မြကြာဖြူ၏မျက်နှာအား ကြည့်လိုက်သည်။

"စေတီတော်ကြီးရဲ့ ဘုရားဒါယကာမကြီး နေမိမိတ္တစံအိမ်သခင်မကြီးက ညအခါ စေတီတော်ကြီးရဲ့ အပေါ်မတက်ရဘူးလို့ ပိတ်ပင်တားမြစ်လိုက်ရင်တော့ အစ်ကိုစောနောင်ဖြင့် ဝတီကို ဘယ်မှာတွေ့ရ,,နိုး မသိသလို လွှမ်းစွာစိတ်သောကရောက်မှာ အမှန်ပဲ ဝတီ"

"သခင်မကြီးက သဘောကောင်းပါတယ် အစ်ကိုစောနောင်၊ စေတီတော်ပေါ်ကို အချိန်မရွေးတက်ပြီး ဘုရားဖူးလို့ရတယ်၊ ဘုရားဖူးကြဖို့ ဆွမ်းများကပ်လှူကြဖို့ အမိန့်ထုတ်ထားတာပဲ အစ်ကိုစောနောင်"

မြကြာဖြူ၏ စကားအား ကြားလိုက်ရ၍ မောင်စောနောင်မှာ ကျေနပ်အပြုံးလေးပြုံးသွားပေ၏။ တကယ်တော့ နေမိမိတ္တစံအိမ်သခင်ကြီးဟာ မြကြာဖြူခေါ် သောဂဝတီဟု ပြောလိုက်ချင်ပေမယ့် အတားအဆီးများကြောင့် မပြောဘဲ နာမည်ကိုတောင် သောဂဝတီဟု ပြောထားသည်။





"ဝမ်းသာလိုက်တာ ဝတီရာ"

"အို… အစ်ကိုစောနောင်"

၎င်း၏အသံသည် အတိုင်းအတာထက် ပို၍ကျယ်လောင်သွားသည်။

မှန်ပေသည်။ မောင်စောနောင်သည် ကျေနပ်ခြင်းများစွာဖြင့် မြကြာဖြူအား တင်းကျပ်စွာ ပွေ့ဖက်၍ ကြင်နာစွာ နဖူးလေးအား နမ်းလိုက်ခြင်းဖြစ်သည်။

"အစ်ကိုတို့ အတူတူနေကြရအောင် ဝတီရာ၊ အခုလို တစ်ယောက်တစ်နေရာစီနေရတာ ဝတီကို စိတ်မချရဘူးကွာ"

"အဲဒီအတွက် မစိုးရိမ်ပါနဲ့ အစ်ကိုစောနောင်၊ ဝတီဘက်က သစ္စာရှိပါတယ်၊ အစ်ကိုစောနောင် ဝတီတို့ ပြန်ကြမယ်နော်"

"ဝတီရဲ့အနားက ခွဲခွာရဦးမယ်ဆိုတော့ အစ်ကိုစောနောင်ရင်ထဲမှာ တစ်မျိုးကြီးပဲ ခံစားရတယ် ဝတီ၊ မလွဲသာလို့ ခွဲခွာရမယ်ဆိုတာ သိနေပေမယ့် ဒီတစ်ခါ ခွဲခွာရတာ ထာဝရခွဲခွာရသလို ခံစားနေရတယ် ဝတီရာ"

"အို… အစ်ကိုစောနောင်ရယ်၊ ဘာလို့ မဟုတ်တာတွေ ပြောနေရတာလဲကွယ်။ ခွဲခွာခြင်းဆိုတဲ့ အသံကို ဝတီ ကြားရဲလို့



www.burmeseclassic.com

www.burmeseclassic.com



ပါကွယ်၊ အစ်ကိုစောနောင်နဲ့ဝတီက အမြဲခွဲရမှာ မဟုတ်တာ၊ ဝတီ မနက်စောင့်နေမယ်နော် အစ်ကိုစောနောင်"

"အစ်ကိုစောနောင် လာခဲ့ပါ့မယ် ဝတီ"

ထိုအချိန်၌ တင်းကျပ်စွာဆုပ်ကိုင်ထားသည့်လက်လေးများအား ညင်သာစွာ လွှတ်လိုက်သည်။ ကြေကွဲမှုများ အလိမ့်လိုက်တက်လာသည်။ ထိုနေ့သည် ယခင်နေ့များထက် မတူအောင် ခံစားနေရပေသည်။ မြကြာဖြူနှင့်မောင်စောနောင်တို့သည် လက်ပြနှုတ်ဆက်၍ ကျောခိုင်းပြီး ပြန်လာခဲ့ကြပေတော့၏။ စိတ်ထဲ၌ ကြေကွဲမှုများစွာ လွှမ်းမိုးလျက်ရှိနေပေကြ၏။

အချိန်တွင် ဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းဘက်သို့ ဦးတည်နေပေတော့သည်။

* * *





အခန်း (၂၆)

## ကြေကွဲမျက်ရည်ပင်လယ်ဝေ

အသက်လောက်ချစ်ရသူတွေ တွေ့ဆုံရသည့်အတွက် လွန်စွာပျော်ရွှင်မိသည်။

ဖြတ်သန်းလာရသည့်ဘဝမှာ လိုအပ်မှုကွက်လပ်တစ်ခုရှိနေသည်။ ၎င်းလိုအပ်သည့် ကွက်လပ်သည် အချစ်သာဖြစ်သည်။ ယခုထိုကွက်လပ်လေးအား ဖြည့်ပေးသူသည် မောင်စောနောင်ပင်ဖြစ်သည်။ မောင်စောနောင်ကြောင့် မြကြာဖြူ၏ဘဝသည် ပြည့်စုံနေသည်ဟု ထင်နေမိပေသည်။

www.burmeseclassic.com



၎င်းကြောင့် မြကြာဖြူသည် မောင်စောနောင်နှင့် ဘဝခရီးကို အတူလျှောက်လှမ်းရန် ဆုံးဖြတ်ချက်တစ်ခုအား ခိုင်မာစွာ ချလိုက်ပေ၏။

မကြာမီကာလ၌ အထိန်းတော်ဘိုးဘိုးတို့အား ဖွင့်ပြောဝိုင်ပင်မည်ဟု စဉ်းစားနေသည်။ မြကြာဖြူသည် မောင်စောနောင်အား လွန်စွာချစ်မြတ်နိုးပေမယ့် နေမိမိတ္တသခင်မဆိုသည့် စကားလုံးနှင့် ဂုဏ်သိက္ခာအား ထောက်ထားနေရသည်။ ထို့အတူ မောင်စောနောင်သည် မိမိအား နေမိမိတ္တစံအိမ်သခင်မပါဟု သိသွားလျှင် မည်သို့ဖြစ်သွားမည်နည်း။ မြကြာဖြူအား အသက်လောက်ချစ်ပါသည်ဟု ဆိုသော စကားလုံးအားရုပ်သိမ်းပြီး နောက်ဆုတ်ထွက်ပြေးသွားမည်လား၊ မြကြာဖြူအားချစ်နေသည်ဆိုတာ သောဂဝတီကြောင့် ချစ်မြတ်နိုးနေခြင်းပင်ဖြစ်သည်။ မြကြာဖြူပါဟုသိခဲ့လျှင် ဤကဲ့သို့ ချစ်မည်မဟုတ် ဂါရဝပြုမှု လွန်စွာသေချာနေပေ၏။

မည်သို့ပင်ဖြစ်စေကာမူ ထိုညသည် မြကြာဖြူ မောင်စောနောင်နှင့်တွေ့ဆုံရန် စေတီတော်သို့သွားရောက်ရန်ဖြစ်သည်။

မြကြာဖြူသည် စံအိမ်ကြီး၏ရှေ့၌ ထိုသို့ စဉ်းစားနေချိန်၌ ကျားကြီးနှစ်ကောင်သည် ဘယ်ညာ၌ နေရာယူလျက် စောင့်နေကြပေသည်။ ကျားကြီးများသည် လူရိုင်းခေါင်းဆောင်လက်ထက်၌





လွန်စွာဆိုးသွမ်းသည့် ကျားကြီးများဖြစ်ပြီး မြကြာ[illegible] လွန်စွာယဉ်ကျေးလိမ္မာသည့် ကျားကြီးများ ဖြစ်လာကြ[illegible]

၎င်းကျားကြီးများကြောင့် မြကြာဖြူအား အန္တရာယ်[illegible] များသည် အသက်သေဆုံးကြသည်။ ပြစ်မှုကျူးလွန်သူများသည် ကျားကြီးများက တိုက်ခိုက်ဖြေရှင်း၍ တချို့လူများသည် ကျားသခင်မဟု ခေါ်ကြသေးသည်။ မြကြာဖြူပိုင်ဆိုင်အုပ်ချုပ်သည့်နယ်မြေအား ဝင်ရောက်နှောက်ယှက်မှုပြုပါက ကျားများကြောင့် သေဆုံးခဲ့ကြသည်။ ထို့အတွက်ကြောင့် ရွာသားများသည် စိတ်အေးချမ်းသာစွာ နေထိုင်ကြရသည်။

မြကြာဖြူအတွက် အဘိုးအိုများက တာဝန်ယူပေးသလို မြကြာဖြူသည် အဘိုးအိုများအား တာဝန်များ ပေးထားသည်။

"ဟိတ်ကောင်ကြီးတွေ နယ်မြေကို ကျူးကျော်လာသူတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်"

ကျားကြီးနှစ်ကောင်သည် ထိုသို့ပြောနေသည့်စကားအား ကြည့်၍ နားထောင်ကြပေ၏။ မကြာမီချိန်၌ ကျားကြီးများသည် ထ,လိုက်ကြသည်။

"သခင်မ မရှိချိန်မှာ စံအိမ်ကြီးကိုပါ တာဝန်ယူထားကြ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မနေနဲ့ဦး"

ထိုအချိန်တွင် ကျားကြီးများသည် အပြင်သို့ထွက်သွားကြပေတော့၏။ ထိုသို့ပြောလိုက်ရသည်မှာ အကြောင်းရှိသည်။ မြကြာဖြူသည် ချစ်သူမောင်ဇောနောင်နှင့် တွေ့ဆုံရန် တောင်ပေါ်စေတီအား သွားရောက်ရန်အတွက်ကြောင့် ဖြစ်သည်။ ကျားကြီးများအနားမြဲ ရှိနေလျှင် အနောက်မှလိုက်မှာစိုးရိမ်၍ ထိုစကားများ ပြောချင်သာဖြစ်သည်။

ထိုအချိန်၌ အဘိုးအိုများ ရောက်ရှိလာသည်။

"အဘိုးတို့ ဘာများထူးပါသလဲ"

"အကြောင်းကြီးငယ်မရှိပါဘူး သခင်မ၊ သခင်မအတွက် ပြောစရာရှိလို့ပါ"

"ဘာများလဲ ဘိုးဘိုးရဲ့"

အဘိုးအိုများသည် မြကြာဖြူ၏ရှေ့၌ ထိုင်လိုက်သည်။ အဘိုးအိုများသည် မြကြာဖြူအား အရေးတကြီး ပြောစရာများရှိနေသည်ဟု ထင်နေမိသည်။ တကယ်လည်းပြောစရာများရှိနေသည်။

တကယ်ဆိုလျှင် အဘိုးအိုများသည် မြကြာဖြူထံသို့ တစ်ယောက်ချင်းသာ လာတတ်သော်လည်း ယခု သုံးယောက်လုံးရောက်





လာသည်။ ထို့ကြောင့် အရေးကြီးစကားပြောစရာရှိနေသည်ဟု ထင်နေမိပေ၏။

"ဒီလိုပါ သခင်မ၊ အချိန်မတော်သည့်အထိ စေတီတော်ပေါ်မှာ မနေသင့်ပါဘူး၊ ဘိုးဘိုးတို့နဲ့ ရွာသားများဟာ သခင်မကို အားကိုးပြီးနေရတဲ့အတွက် သခင်မ တစ်ခုခုဖြစ်သွားမှာကို လွန်စွာစိုးရိမ်၍ ပြောရခြင်းဖြစ်ပါတယ်"

"စေတီတော်ပေါ်မှာ အချိန်ကြာတဲ့အထိ တရားကျင့်မယ်ဆိုရင်လည်း အနီးကပ်အထိန်းတော်တွေကို အဖော်ခေါ်သွားသင့်ပါတယ် သခင်မ"

"ဘိုးဘိုးတို့ပြောတာကို သဘောပေါက်ပါတယ်၊ စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာပဲပေါ့၊ ကျွန်ုပ်က အချိန်မတော်တဲ့အထိ စေတီတော်ပေါ်မှာရှိနေတာကို မစိုးရိမ်ကြပါနဲ့ ဘိုးဘိုးတို့ရာ၊ ကျွန်ုပ်ကို ဘယ်သူမှ အန္တရာယ်မပြုပါဘူး၊ တစ်ခုပဲမှာထားချင်ပါတယ်၊ ကိုယ်ရံတော်ကြီးတွေကို လွှတ်ထားပါတယ်၊ ရွာထဲကလူတွေကို မှာထားပါ၊ အချိန်မတော် အပြင်ထွက်ရင် ကိုယ်ရံတော်ကြီးတွေကို မ,စကြပါနဲ့လို့"

"ကောင်းပါပြီသခင်မ ကျွန်ုပ်တို့ကို သွားခွင့်ပြုပါဦး"

အဘိုးအိုများသည် မြကြာဖြူအား နှုတ်ဆက်လိုက်ကြပေမဲ့

www.burmeseclassic.com



ရုတ်တရက်ထ ခြင်းမရှိသေးပေ။

မြကြာဖြူသည်လည်း ပြန်ခွင့်မပြုသေးပေ။

၄င်းတို့အတွက် ပြောစရာရှိနေသည်ဆိုတာ သိနေပေ၏။

"စေတီတော်ရဲ့ ပွဲတော်နီးတပ်နေပြီနော် ဘိုးဘိုး၊ ရွာသား တွေအတွက် သီးနှံတွေကရော ထွက်ကြရဲ့လား"

"သခင်မရဲ့ကောင်းမှုကြောင့် အခါတိုင်းနှစ်များထက် ပို အောင်မြင်ပါတယ်"

"ဒီစကားကြားရတာ လွန်စွာ ဝမ်းသာပါတယ်၊ ကဲ– ကဲ ဖိုးဖိုးတို့ အနားယူလို့ရပါပြီ၊ တစ်နေ့လုံး ပင်ပန်းတယ်ဆိုတော့"

"ကောင်းပါပြီ သခင်မ"

ထိုသို့ပြောပြီးနောက် အဖိုးအိုသုံးယောက်သည် ပြန်သွား ဘာကြပေတော့၏။

မြကြာဖြူသည် ချစ်သူမောင်စောနောင်နှင့် တွေ့ဆုံရ အတွက် စေတီတော်သို့ ထွက်ခဲ့ပေ၏။

အချိန်သည် နေရောင်ပျောက်ကွယ်စပြုနေသည်။ စေတီတော် သည် တောင်ကြားမှ ဖြာထွက်လာသည့်နေရောင်ကြောင့် လွန် သာယာလှပကြည်ညိုစရာကောင်းနေပေ၏။ ရွာ၌နေထိုင်သူများသည်





မိမိတို့ နေထိုင်ရာအိမ်သို့ ပြန်ကြပေ၏။

မြကြာဖြူသည် စေတီတော်တည်ထားသည့်တောင်ခြေသို့ ရောက်ရှိလာသည်။ တောင်ခြေနှင့် စေတီတော်၏ ရင်ပြင်သည် ပေတစ်ရာလောက်မြင့်နေသည်။ စေတီတော်သို့တက်ရန် မုခ်ဦးနှစ်ခုရှိသည်။ မြကြာဖြူသည် တနင်္ဂနွေအောက်မှတက်သည်။ တစ်လှမ်းချင်းတက်လှမ်းလာရာမှ စေတီတော်၏ ရင်ပြင်ပေါ်သို့ ရောက်ရှိသွား၏။ မြကြာဖြူသည် တနင်္ဂနွေဂြိုဟ်တိုင်ရှေ့၌ ထိုင်လိုက်ပြီးနောက် စေတီတော်အား ဝတ်ပြုနေပေတော့သည်။

သုံးလောကထွဋ်တင် ဗုဒ္ဓဘုရားကိုယ်တော်မြတ်ကြီး တပည့်တော်မသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တရားတော်မြတ်များအား လေးစားယုံကြည်ကိုးကွယ်ပါ၏။ မြတ်စွာဘုရား၏ သာသနာတော်အား ယုံကြည်လေးစား၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပါသည်။

ထိုသို့ပြုလုပ်ရသည့် ကုသိုလ်ကောင်းမှု၏ အကျိုးကျေးဇူးတော်ကြောင့် တပည့်တော်မ အုပ်ချုပ်နေသည့် ကျေးရွာများမှ ပြည်သူပြည်သားမိသားစုများ၏ ဘဝသည် အေးချမ်းသာယာစွာ နေထိုင်ရပါစေသားဘုရား၊ ထိုကုသိုလ်ကြောင့် ဘုရားတပည့်တော်



www.burmeseclassic.com

www.burmeseclassic.com



မသည် အေးချမ်းစွာ နေထိုင်ရပါသည်၊ ဘဝဟောင်းမှ တော်စေ ရဖူးသော ကျေးဇူးရှင်များ၊ ဆွေမျိုးများ ယခုဘဝတွင် တော်ဆ ဖူးသော ဆွေမျိုး၊ မိဘ၊ ဆရာမိတ်ဆွေအပေါင်းတို့၏ ဘဝ အေးချ သာယာပျော်ရွှင်ကြပါစေသား၊

ကျေးဇူးရှင်ဘုရားသခင် ကောင်းသောဘုံဘဝသို့ ရောက်ရ စေသား၊ ထိုအတွက်ကြောင့် တပည့်တော်မသည် မြတ်စွာအား ကြည် ညိုသောအားဖြင့် ကိုယ်ခန္ဓာအား လှူဒါန်း၍ တရားတော်မြတ်အ ကျင့်ကြံအားထုတ်ပါမည်ဘုရား။ ထိုအတွက်ကြောင့် ဝေနေယျများ အပေါင်းတို့ ကျွမ်းမာချမ်းသာသောဘဝပါဒ် အဖြာဖြာကင်းဝေးကြပါစေ

မြကြာဖြူသည် စေတီတော်အား ဝတ်ပြုပြီး တနင်္ဂနွေခေါ် ၌ တရားအားထုတ်လျက်ရှိနေပေသည်။ ဝန်းကျင်တစ်ခုလုံး တိတ် ဆိတ်ငြိမ်သက်လျက်ရှိနေပေသည်။ ထိုအတွက်ကြောင့် တရားအာ ထုတ်ရာ၌ လွန်စွာ ကြည်နူးလျက်ရှိနေပေသည်။

အတန်ကြာ တရားထိုင်ပြီးချိန်၌ အာရုံထဲ၌ အသံပေါင်း ထွက်ပေါ်လာပေသည်။ ခြေသံများသည် ကုန်းတော်ပေါ်၌ ရှုပ်ထွေ လျက်ရှိနေသလို ဓားခုတ်သံများ၊ တိုက်ခိုက်သံများ၊ အော်ဟစ်သံများ ဆူညံစွာထွက်ပေါ်လာပေတော့၏။





ထို့နောက် မြင်းနှစ်စီးပြေးလာသည်။ လက်ထဲ၌ လှံသတ် ဓတ်နက်များအား တင်းကြပ်စွာ ဆုပ်ကိုင်ထားပြီး အရှိန်နှင့်ပြေးလာ ကြပေ၏။ ၎င်းတို့သည် ရာဇဝင်အဝတ်အစားများ ဝတ်ဆင်ထားသည့် သူရဲကောင်းများဖြစ်သည်။ မြင်းနှစ်ကောင်သည် တဖြည်းဖြည်းနှင့် နီးကပ်လာသည်။ လက်ထဲမှာကိုင်ထားသည့်လှံများသည် တက်လာ သည့် တစ်ဖက်ရန်သူများအား အနိုင်တိုက်ရန် ဟန်ပြင်နေကြပေ၏။ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်လိုက်ကြရာမှ နောက်ဆုံး၌ တစ်ဖက် သော သူရဲကောင်းတစ်ယောက်၏ ရင်ဝ၌ လှံထိမှန်သွားပြီး ပြင်းထန် သည့် ဒဏ်ရာနှင့် မြင်းပေါ်က လွင့်ကျသေဆုံးသွားပေတော့သည်။

အနိုင်ရသူရဲကောင်းသည် အောင်နိုင်များနှင့်အတူ ပြန့်သွား ပေသည်။

၎င်းမြင်ကွင်းအား မြကြာဖြူ၏ မြင်ကွင်း၌ အထင်းသား မြင်နေရသည်။ တရားမှတ်နေသည့် မြကြာဖြူအတွက် တစ်မျိုးဖြစ် သွားပေ၏။

၎င်းနောက် ဒိုသံများထွက်ပေါ်လာသည့် မြကြာဖြူသည် တရားမှတ်တာကို အနားယူလိုက်ပြီး မေတ္တာပို့အမျှဝေသည်။ အချိန် အတော်ကြာသွားသည်။ ဝန်းကျင်သည် လွန်စွာ တိတ်ဆိတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပေ၏။

မြကြာဖြူသည် စေတီတော်အား ပတ်၍ ချစ်သူမောင်စောနောင်အား မျှော်နေပေသည်။ ထိုသို့မျှော်နေရပေမယ့် စိတ်ထဲ၌ တစ်မျိုးဖြစ်နေပေသည်။

အချိန်အတန်ကြာသော်လည်း ချစ်သူမောင်စောနောင် ရောက်ရှိလာခြင်းမရှိသလို ထိုအချိန်၌သည် မောင်စောနောင်ရောက်ရှိလာခြင်း မရှိသည့်အတွက် လွန်စွာစိုးရိမ်နေမိသည်။ အချိန်သည် တစ်ဖြည်းဖြည်းနှင့် ညဉ့်နက်လာပေသည်။ ထိုအချိန်တွင် စေတီတော်၏ တောင်ခြေ၌ ကိုယ်ရံတော်ကျားကြီးနှစ်ကောင် ရောက်ရှိနေ၏။

ကျားကြီးနှစ်ကောင်တွေ့လိုက်ရသည့်အတွက် လွန်စွာ အံ့ဩနေမိသည်။ ၎င်းကျားနှစ်ကောင်ရောက်ရှိလာသည့်အတွက် လွန်စွာ အံ့ဩနေမိသည်။ ချစ်သူမောင်စောနောင်အား စိုးရိမ်နေမိသည်။

"အစ်ကိုစောနောင်ရယ် ဘာကြောင့် ရောက်မလာသေးတာလဲကွယ်၊ ဝတီစောင့်နေမယ်ဆိုတာသိရဲ့သားနဲ့ကွယ်၊ ဝတီ့ကို မုန်းလို့ မလာတာလားကွယ်၊ ဒါမှမဟုတ် တခြားတစ်ယောက်နဲ့များ တွေ့နေလို့လားကွယ်၊ ဝတီမှာတော့ အစ်ကိုစောနောင်အတွက်နဲ့ သောကရောက်နေပြီကွယ်"





လွန်စွာမှန်နေပေ၏။

မြကြာဖြူသည် ချစ်သူမောင်စောနောင်အတွက်နှင့် သောကများရောက်ရှိနေပေ၏။ စိုးရိမ်စိတ်များ၊ ကြေကွဲမှုများသည် လွှမ်းမိုးနေသည်။ မြကြာဖြူသည် ချစ်သူမောင်စောနောင်နှင့် တွေ့ဆုံပျော်ရွှင်ခဲ့သည့်နေရာ၌ တစ်ယောက်တည်း ထိုင်နေပေသည်။

"သမီးတော် အေးချမ်းတဲ့ဘဝမှာ နေပါ၊ သာယာတဲ့နေရာမှာ နားခိုပါ၊ ဗုဒ္ဓတရားတော်ကို ဆည်းပူးပါ၊ သောကတွေကို ခေါ်ယူမထားပါနဲ့၊ ငါးရာနှစ်ဆယ့်ရှစ်မှာနေပါ၊ ထောင့်ငါးရာဆိုတဲ့ အပူသောကလမ်းကို မလျှောက်ပါနဲ့၊ သမီးတော်အတွက် အကျိုးမပေးဘူး၊ အဲဒါကို သေချာမှတ်ထားပါ သမီးတော်"

၎င်းစကားသည် ဘရသေ့၏စကားပင်ဖြစ်သည်။

ဘရသေ့သည် မြကြာဖြူအား အိမ်ထောင်ပြုဖို့ မဆိုထားနှင့်၊ ချစ်သူရည်းစားပင် မထားရန် သေချာမှာထားသည်။ ဘရသေ့၏စကားအား နားထောင်ခြင်းမရှိ ချစ်သူရည်စားထားလိုက်မိသည်။ ယခုတော့ သောကများစွာကို ရင်မှာပိုက်နေရပေသည်။

မြကြာဖြူသည် ချစ်သူမောင်စောနောင်အား စောင့်နေရင်း၌ ဝန်းကျင်တစ်ခုလုံး အမှောင်များ ဖုံးလွှမ်းလာသည်။ လင်းလက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကြမ်းတာရာများသည် ပျောက်ကွယ်၍ မိုးသားများ လိပ်တက်လာသည်။

လျှပ်စီးများ လင်းလက်လာသည်။ လေနုကြမ်းများ တိုက်ခတ်လာသည်။ လေတို့၏တိုက်ခတ်မှုကြောင့် သစ်ပင်များ ယိမ်းနွဲ့လာသည်။

ထိုအချိန်၌ မိုးများသည် ဖြင်းထန်စွာ ရွာချနေသည်။

"ဂျိမ်း"

ကျယ်လောင်သော မိုးခြိမ်းသံများသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားပေတော့၏။

"အမလေး"

အော်ဟစ်သံတစ်ခု ထပ်မံပေါ်ထွက်လာသည်။ ၎င်းအသံသည် ကမ္ဘာလောကတစ်ခုလုံး လွှမ်းမိုးသွားသည်။ တစ်ချိန်တည်းမှာ သစ်ကိုင်းများ၏ ကျိုးကျသည့်အသံများ ထွက်ပေါ်လာသလို အရာဝတ္ထုတစ်ခုသည် မြေပေါ်သို့ ပြုလဲကျသွားသည်။ အစောင့်ကိုယ်ရံတော်ကျားကြီးနှစ်ကောင်၏ အသံသည် ကျယ်လောင်စွာ ဟိန်းထွက်သွားပေတော့၏။

* * *





## အခန်း (၂၇)

### ပျောက်ဆုံးသွားသောမိန်းကလေး

"အကြောင်းကတော့ အဲဒါပါပဲလားကွယ်တို့ရာ..."

အဘိုးတွေသည် ထိုသို့ပြောပြီး စိတ်မကောင်း ကြေကွဲသည့် မျက်နှာလေးနှင့် သက်ပြင်းတို့ အခါခါချနေမိသည်။ တကယ်တော့ အဖိုးတွေသည် သခင်မ မြကြာဖြူအား လွမ်းစွာရှိသေးသူဖြစ်သလို လေးစားသူများပင်ဖြစ်သည်။ မြကြာဖြူနှင့်ပတ်သက်လျှင် စုံးမှုများစွာရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် အဘိုးထွေ၏စကားအား နားထောင်ပြီး လွှမ်းစွာစိတ်မကောင်းဖြစ်ရသည်။ စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်သည်။

"အဲဒီတော့ သခင်မက ဘယ်ရောက်သွားလဲ အဘိုးထွေ"

"မိုးတွေရွာတဲ့ညမှာပဲ သခင်မဟာ ပျောက်သွားတယ်၊ ဘယ်ကိုရောက်သွားတယ်ဆိုတာတော့ မသိရတော့ဘူးကွယ်တို့ရာ၊ တချို့ကပြောတော့ ပဲခူးဥသာမြို့ ရွှေမော်ဓောစေတီမှာတွေ့တယ်၊ ဝေါမြို့ကြီးတွေ (ယခုကြံ့တူ) စေတီညီနောင်မှာတွေ့တယ်၊ အေးရွှမ်ပါစေတီမှာ ယောဂီဝတ်နဲ့ တွေ့တယ်၊ တချို့က မြသပိတ်တောင်မှာ တချို့က ဝက်မင်းတောင်မှာတွေ့တယ်လို့ ပြောသံကြားတယ်၊ ဘယ်ဟာကို အတည်ယူရမယ်ဆိုတာတော့ မသိဘူး၊ အဲဒီထဲက ပျောက်သွားလိုက်တာ အခုထိပဲဆိုပါတော့ကွယ်တို့ရာ"

"ဒါနဲ့ အဘိုးထွေ သခင်မရဲ့ချစ်သူကရော ဘယ်ရောက်သွားလဲ"

"စိတ်မကောင်းစရာလားကွယ်၊ အစ်ကိုတော်ဓောနောင်က





လည်း လမ်းမှာ ကျားကိုက်ခံရလို့ သေသွားတယ်၊ အဲဒါကို သခင်မ သိသွားသလား မသိဘူးလားဆိုတာ သခင်မကလွဲပြီး ဘယ်သူမှ မသိရတာတော့ အမှန်ပဲကွယ်၊ အညိုးတို့လည်း သခင်မပြန်လာနိုးနဲ့ မျှော်နေရတာ အခုဆို နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီ၊ ဒါပေမဲ့ အခုချိန်ထိ သခင်မကို မျှော်နေကြတုန်းပဲ၊ အဘိုးတို့နဲ့အတူ ခြံထဲက ကျားကြီးတွေရောပေါ့လားကွယ်၊ ကျားကြီးတွေကတော့ မရှိတော့ဘူး၊ အခု ကျားတွေက သူတို့ရဲ့ မျိုးဆက်တွေပေါ့၊ သူတို့ဟာလည်း သခင်မရဲ့ ရုပ်ထုဘေးမှာ အခုထိရှိနေတုန်းပါလားကွယ်၊ လောကမှာ လွှမ်းစွာ ထူးဆန်းတဲ့အရာတွေများစွာ ရှိနေသေးတယ်ဆိုတာတော့ အမှန်ပါလားကွယ်တို့ရယ်"

"သြော်… လူလောက… လူလောက လူသားရယ်လို့ ဖြစ်လာရင် ရှင်ကွဲကွဲလိုက်၊ သေကွဲကွဲလိုက်နဲ့ ဘယ်ဟာမှ မတည်မြဲပါလားကွယ်တို့ရယ်"

အဘိုးထွေသည် ထိုသို့ပြောပြီး ခေါင်းလေးကိုသာ တစ်ဆတ်ဆတ်ညိတ်နေကြပေတော့၏။ စုံနံ့သာမင်းမောင်သည် အဘိုးထွေအား တစ်ချက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးထွေ ပြောတာမှန်ပါတယ်၊ သူခင်မ မြကြာဖြူရဲ့ ဘဝက လွန်စွာကြေကွဲစရာပဲ၊ ကဲ… အဘိုးထွေ ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ၊ ငါ့မြေးတို့လည်း အဘိုးနဲ့ဆုံပြီး အခုတော့ ခွဲကြရဦးမှာပေါ့လားကွယ်"

ကျွန်ုပ်တို့သည် အဘိုးထွေအားနှုတ်ဆက်ပြီး နေမိမိတွစံအိမ်ကြီးအား ကျောခိုင်း၍ ပြန်လာခဲ့ကြပေတော့၏။ ကျွန်ုပ်တို့၏ စိတ်ထဲ၌ စံအိမ်ကြီးနှင့်ပတ်သက်၍ စိတ်မကောင်းမှုများဖြစ်ပေါ်လာကြသည်။ စံအိမ်ကြီးသည် တဖြည်းဖြည်းနှင့် ဝေး၍ ကျန်နေခဲ့ပေ၏။

"ဘရသေ့စကားကို နားထောင်ရင်း မြကြာဖြူဘဝ ဘယ်လောက်တန်ခိုးကြီးမလဲ မသိဘူးနော် ကိုမင်းမောင်"

"အချစ်ဆိုတာ မကောင်းဘူး နေဆယ်စင်းထက် ပိုပူတယ်လို့ သူတော်စင်တွေက ပြောကြတယ်၊ ဒါပေမဲ့ ပုထုဇဉ်လူသားတွေက လက်မခံကြဘူး၊ အဲဒီအပူမီးကိုမှ မြတ်နိုးချင်တတ်တာ သဘာဝတစ်ခုလိုဖြစ်နေတယ်လေ ကိုအောင်သိန်းရာ"

စုံနံ့သာမင်းမောင်၏စကားပင်ဖြစ်သည်။

၎င်းစကားကို ကျွန်ုပ် လက်ခံရပေ၏။ မည်သို့ပင်ဖြစ်စေ





ကာမှု ထိုနေ့အတွက် ကြေကွဲမှုဗဟုသုတတစ်ခုအား ရင်မှာပိုက်၍ ပြန်လာခဲ့ကြပေတော့၏။

စာဖတ်သူများအား

အစဉ်လေးစားလျက်…

မင်းဝုညာ



www.burmeseclassic.com